# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ နတ်တော်လဆန်း (၅) ရက် ၊ တနင်္ဂနွေနေ့ ၊ (17-12-2023) ၊ အတွဲ (၃၂)၊ အမှတ် (၂၃၁)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနေစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ပြည်သူ့စစ်တပ်ဖွဲ့ဝင်များကို သွားရောက်ကြည့်ရှုအားပေး၊ မိသားစုဝင်များကို သွားရောက်တွေ့ဆုံအားပေးစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို လိုက်လံကြည့်ရှုမေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ပြည်သူ့စစ်တပ်ဖွဲ့ဝင်များကို သွားရောက်ကြည့်ရှုကုဏ်ပြုအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် ဇနီး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် တပ်မတော်အရာရှိကြီးများသည် လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်

**စာမျက်နှာ ၁၆ ကော်လံ ၁ ၌**


ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Venue Standard တွင်

**Exhibition Venue Award** ရရှိခဲ့သော

မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် **ရတနာပုံ ခန်းမ**

**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဗိုရမ်များ၊ဆွေးနွေးပွဲများ၊အလုပ်ရုံဆွေးနွေးပွဲများ၊အစည်းအဝေးများ၊
ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊
အထိမ်းအမှတ်ညစာစားပွဲများ၊ ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊
နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှမှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်းများ အတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။



(၇၈)လမ်းနှင့် (၃၈)လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့

ရတနာပုံ
၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်
အယ်ဒီတာ့အာဘော်

# ဒီဇင်ဘာ လူထုအားကစား စုပေါင်းလမ်းလျှောက်

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်ပြီး စုပေါင်းလမ်းလျှောက်ပွဲများ နိုင်ငံတစ်ဝန်း၌ စနေ၊ တနင်္ဂနွေရက်တို့တွင် စနစ်တကျစုစည်းကျင်းပကြသည်။ ဝန်ကြီးဌာနပေါင်းစုံမှ ဝန်ထမ်းများ၊ နယ်မြေခံတပ်မတော်သားများ သက်ဆိုင်ရာစုရပ်များတစ်ဆင့် တစ်ပျော်တစ်ပါး စုပေါင်းလမ်းလျှောက်ကြပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကိုလည်း ပျော်ပျော်ရွှင်ရွှင် စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းလမ်းလျှောက်ခြင်းသည် အထူးသဖြင့် ကိုယ်လက်လှုပ်ရှားမှုနည်းသော ရုံးဝန်ထမ်းများ၊ အထိုင်များသူများ၊ အသက်အရွယ်ရလာသူများအတွက် အလွန်သင့်တော်သော အားကစားတစ်ခုပင်ဖြစ်သည်။ ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ခြင်းမှအစပြုကာ မိမိကျန်းမာရေးအတွက် နွေ၊ မိုး၊ ဆောင်း သုံးဥတုပတ်လုံး ပုံမှန်လမ်းလျှောက်နိုင်အောင် ကြိုးစားသင့်ပါသည်။

နေ့စဉ် ပုံမှန်လမ်းလျှောက်ခြင်းဖြင့် အလွန်များပြားလှသော ကျန်းမာရေးဆိုင်ရာ ကောင်းကျိုးများရရှိနိုင်သည်။ တစ်နေ့တာကို လမ်းလျှောက်ခြင်းဖြင့် စတင်လိုက်သည်နှင့် စိတ်လက်ပေါ့ပါးခြင်း၊ ဦးနှောက်ကြည်လင်ခြင်း၊ ကယ်လိုရီများ လောင်ကျွမ်းစေခြင်း၊ ကိုယ်အလေးချိန်လျှော့ချနိုင်ခြင်း၊ နှလုံးကျန်းမာရေးကောင်းခြင်း၊ သွေးပေါင်ချိန်မှန်လာခြင်း၊ ကင်ဆာရောဂါများကို ကာကွယ်နိုင်ခြင်း၊ သွေးလည်ပတ်မှု မှန်လာခြင်း၊ သွေးတိုး၊ လေငန်းရောဂါဖြစ်ပွားမှုလျှော့ချနိုင်ခြင်း၊ မှတ်ဉာဏ်စွမ်းရည် မြင့်မားခြင်း၊ လူမှုဆက်ဆံရေးအဆင်ပြေချောမွေ့စေခြင်း၊ နှစ်ခြိုက်စွာအိပ်ပျော်စေခြင်း စသည့် အကျိုးကျေးဇူးများစွာကို ရရှိနိုင်သည်။

လမ်းလျှောက်ခြင်းသည် ကိုယ်ရောစိတ်ပါ ကောင်းကျိုးများစွာဖြစ်စေပြီး ကျန်းမာကြံ့ခိုင်ရေးအတွက် ဘေးထွက်ဆိုးကျိုးမရှိသော နတ်ဆေးတစ်မျိုးဟုပင် တင်စားနိုင်သည်။ ကျန်းမာကြံ့ခိုင်နေသူတစ်ဦးသည် အရာရာကို ကိုယ်ရောစိတ်ပါ စွမ်းဆောင်နိုင်သည်။ လူတိုင်းသည် မွေးရာပါစွမ်းဆောင်ရည် ကိုယ်စီပါရှိသော်လည်း မိမိ၏စွမ်းဆောင်ရည်ကို ထိထိရောက်ရောက်ကြိုးပမ်းဆောင်ရွက်ကြမှုကွာခြားလျှင် ကွာခြားသည့်အတိုင်း ဘဝအဆင့်အတန်းများ ကွာခြားကြခြင်းပင်ဖြစ်သည်။ မိမိ၏စွမ်းဆောင်ရည်များကို အပြည့်အဝအသုံးချပုံဖော်နိုင်ရန်အတွက် ကျန်းမာရေးကောင်းခြင်းသည် အလွန်အရေးကြီးသည့်နေရာမှ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် ကျန်းမာကြံ့ခိုင်သူတစ်ဦးဖြစ်ရန်အတွက် အလွယ်ကူဆုံးလုပ်ဆောင်နိုင်မှုသည် နေ့စဉ် ပုံမှန်လမ်းလျှောက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် ကျန်းမာစွာအသက်ရှင်သန်နိုင်ရန် လမ်းလျှောက်ခြင်းနှင့် ကျန်းမာရေးအထောက်အကူပြုလေ့ကျင့်ခန်းတစ်ခုခုကို မပျက်မကွက် လုပ်နိုင်သရွေ့လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

ယခု ဒီဇင်ဘာ လူထုအားကစားလှုပ်ရှားမှုအဖြစ် စုပေါင်းလမ်းလျှောက်ခြင်းများသည် ခြေလှမ်းတိုင်း၌ ကျန်းမာရေးကောင်းကျိုးများရရှိစေသည့်နည်းတူ မိတ်ဆွေသစ်များလည်း တိုးပွားလာပေမည်။ စိတ်တူကိုယ်တူ အပေါင်းအဖော်များနှင့် စုပေါင်းလမ်းလျှောက်ခဲ့ခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာ ပိုမိုကြံ့ခိုင်နိုင်ရုံသာမက စိတ်ပိုင်းဆိုင်ရာ ကျေနပ်ပျော်ရွှင်မှုများလည်း ရရှိလာပေမည်။ ထို့ကြောင့် ဆောင်းဥတု နံနက်ခင်းချိန်ခါသမယကို လူတိုင်း အသက်ရှည်ရာအနာမဲ့ကြောင်း နတ်ဆေးတစ်မျိုးဖြစ်သော လမ်းလျှောက်ခြင်းဖြင့် စုပေါင်း၍ ပျော်ပျော်ရွှင်ရွှင်ဖြစ်သန်းကြပါရန် အကြံပြုရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး ဒီဇင်ဘာ ၁၆**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေဠုဝန်စနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၅၇၃၁ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"ဝေဠုဝန်စနကျောက်စိမ်းစေတီတော်ကို နယ်စုံက ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ နေပူရင်လဲ ဘုရားဖူးတွေ ခြေမပူအောင် အခင်းတွေ ပြုလုပ်ပေးထားပါတယ်။ ဘုရားဖူးတွေ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ပါတယ်။ နားနေဆောင်တွေမှာလဲ ဝင်ရောက်နားခိုပြီး အေးဆေးစွာ အနားယူနေကြတာကို တွေ့ရပါတယ်။ အရိပ်ရပင်တွေလဲ စိုက်ပျိုးထားပြီး အနားယူဖို့အတွက် ခုံတွေလဲ ပြုလုပ်ပေးထားပါတယ်။ ဘုရားဖူးတွေက လိုဏ်ဂူအတွင်းကိုလဲ ဝင်ရောက်လေ့လာကြတာ တွေ့ရပါတယ်။ သနပ်ခါးကျောက်ပျဉ်ကြီးမှာလဲ ဘုရားဖူးတွေ ဝင်ရောက်လိမ်းခြယ်နေတာကိုတွေ့ရပါတယ်။ အမှတ်တရပစ္စည်း အရောင်းဆိုင်တွေလဲ ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်"ဟု ဝေဠုဝန်စနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ဝေဠုဝန်စနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ဦးရေ ၅၂၀ လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူးဦးရေ ၂၄၄၃၀ လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ရုံး ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ည ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၇၈၁ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော်ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# ရောဝတီမြစ်ရေနည်းချိန်ကာလ မြစ်ကူးတံတားကြီးများအောက်မှ ဖြတ်သန်းသွားလာမည့်ရေယာဉ်များ သတိပြုသွားလာရန်လိုဟုဆို

**မန္တလေး ဒီဇင်ဘာ ၁၆**

ဧရာဝတီမြစ်ရေနည်းချိန်ကာလ မြစ်ကူးတံတားကြီးများအောက်မှ ဖြတ်သန်းသွားလာမည့် ရေယာဉ်များအနေဖြင့် သတိပြုသွားလာရန်လိုကြောင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ-၅၊ မန္တလေးတိုင်းဒေသကြီး၊ ရေလမ်းညွှန်ဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းလင်းအောင်က ပြောပြ၍ သိရသည်။

ယခုလက်ရှိ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သည့်အတွက် သောင်ထွန်းမှုများဖြစ်ပေါ်ကာ ရေလမ်းကြောင်းပြောင်းလဲနေသဖြင့် မြစ်ကူးတံတားကြီးများအောက်မှ ဖြတ်သန်းသွားလာမည့် ကုန်တင်ရေယာဉ်နှင့်ခရီးသည်တင်ရေယာဉ်များအနေဖြင့် အန္တရာယ်မဖြစ်စေရေး သတိပြုသွားလာကြရန်လိုအပ်ကြောင်း သိရသည်။

"အခုက ရေနည်းချိန်ဖြစ်တာကြောင့် မြစ်ကူးတံတားအောက်ကနေ ဖြတ်သန်းတဲ့ရေယာဉ်တွေအနေနဲ့ အရှိန်နဲ့ ဖြတ်သန်းဝင်ရောက်တာတွေ၊ ပြီးတော့ ရေယာဉ်နှစ်စီးယှဉ်ပြီး ဖြတ်သန်းမောင်းနှင်တာမျိုးတွေ မလုပ်ကြဖို့လိုပါတယ်။ ဒါ့ပြင် မြစ်ကူးတံတားကြီးနားအရောက်မှာ ရေယာဉ်ကိုကပ်ပြီးတွေ့တာတွေလဲ မလုပ်ကြဖို့လိုပါတယ်။ ဒီလိုမောင်းနှင်လို့ တံတားကြီးတွေရဲ့ အောက်ခြေတိုင်လုံးတွေနဲ့ တိုက်မိရင် အန္တရာယ်ရှိနိုင်ပါတယ်"ဟု ဦးရဲထွန်းလင်းအောင်က ပြောပြသည်။

အလားတူ ရေယာဉ်များအနေဖြင့် တံတားကြီးများအနီးတွင် စိုက်ထူပြသပေးထားသည့် ရေပေါ်ပြကမ်းပေါ်ပြ ရေလမ်းညွှန်အမှတ်အသားများကိုလည်း သတိပြုသွားလာသင့်ကြောင်း၊ ဧရာဝတီမြစ်ရေနည်းချိန်ကာလအတွင်း ရေယာဉ်များသောင်တင်ခြင်း၊ ရေလမ်းကြောင်းအတွင်း မတော်တဆမှုဖြစ်ပွားခြင်းများ မဖြစ်ပေါ်စေရန် ရေယာဉ်၏ ဝန်တင်ရေစူးကို သတ်မှတ်ထားသော ရေစူးကန့်သတ်ချက်နှင့်အညီ တင်ဆောင်ပြီး စနစ်တကျ မောင်းနှင်ကြရန်လည်း လိုအပ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်အတွင်း ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၁၆**

မန္တလေး ဈေးကွက်အတွင်း ဆိပ်ဖြူဘက်မှ ထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း မန္တလေးမြို့မှ အောင် ကြက်သွန်နှင့် အာလူးပွဲရုံ ပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ မန္တလေးဈေးကွက်အတွင်း ဆိပ်ဖြူဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို ကုန်သည်များက အဝယ်ပြန်လိုက်လာခြင်းကြောင့် အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်း ဆိပ်ဖြူဘက်မှ ထွက်ရှိသည့်ကြက်သွန်နီကို ဝယ်ယူမှုရှိကြောင်း သိရသည်။

"အခု ဆိပ်ဖြူဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကြက်သွန်နီလက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချတဲ့လုပ်ငန်းရှင်တွေက အဝယ်တော်တော်များလာတယ်။ မန္တလေးဈေးကွက်ထဲမှာ အရောင်းအဝယ်တော်တော်လေးပြန်ပြီး ကောင်းနေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ယနေ့ပေါက်ဈေးအရ ဆိပ်ဖြူဘက်မှ ထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၄၂၀၀ ပေါက်ဈေးရှိနေပြီး အရောင်းအဝယ်ကောင်းနေကြောင်း သိရသည်။

"အခုကတော့ မန္တလေးဈေးကွက်ထဲမှာ ပခုက္ကူဘက်ကထွက်တဲ့ ကြက်သွန်နီတွေလဲ အရောင်းအဝယ်ဖြစ်နေပါတယ်။ အရောင်းအဝယ် အကောင်းဆုံးအနေအထားမှာ ရှိနေတာကတော့ ဆိပ်ဖြူဘက်ကထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့ကြက်သွန်နီတွေပဲဖြစ်ပါတယ်"ဟု အောင် ကြက်သွန်နှင့်အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် သဘွတ်ကုန်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မလှိုင် ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘွတ်ကုန်းကျေးရွာ၌ Mobile Financial Payment စနစ်ဖြင့် အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများကို တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်က အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် Digital Payment စနစ်ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစု၊ Shwe Bank မှ တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၂ ဒသမ ၃ သန်းကို Digital Payment (Mobile Financial Payment) စနစ်ဖြင့် လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၆ ဦးကို ငွေကျပ် ၄၃ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၃ ဒသမ ၈၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦးကို ငွေကျပ် ၄ ဒသမ ၆ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၂ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ဟိန်းထက်ခိုး(မလှိုင်)**

# သာစည်မြို့နယ် ကြက်မောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာစည်မြို့နယ် ကြက်မောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးလွင်၊ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်ဝင်းနှင့် တာဝန်ရှိသူများက ကြက်မောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားမှုနှင့် လအလိုက်စာရင်းဇယားများ မှန်ကန်စွာရေးသွင်းထားမှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

သာစည်မြို့နယ် ကြက်မောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် အသင်းသား၊ အသင်းသူ ၁၇၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၃၃ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အေးသူ**

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၅၉၃ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ပန်းမုန်လာစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၅၉၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်ဧက ၁၁၈၀၀ စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလ တတိယပတ်မှစ၍ စိုက်ပျိုးခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်တွင် ဟင်းသီးဟင်းရွက် ၁၀၅၉၃ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်တဲ့ကာလမှာ ဟင်းသီးဟင်းရွက်ဧက ၁၁၈၀၀ ကို စိုက်ပျိုးဆောင်ရွက်သွားမှာပါ။ ဟင်းသီးဟင်းရွက်တွေ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့အတွက် မျိုးစေ့နဲ့ ဈေးကွက်ဝင်သီးနှံတွေ၊ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို ဆောင်ရွက်ပေးနေပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးသည့် ဟင်းသီးဟင်းရွက်များမှာ နံနံ၊ ခရမ်းချဉ်၊ ခရမ်း၊ ချဉ်ပေါင်၊ ဘူး၊ ရုံးပတီ၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ တိုင်ထောင်ပဲ၊ ပဲတောင့်ရှည်၊ ကန်စွန်း၊ သခွား၊ ကြက်ဟင်းခါး စသည်တို့ဖြစ်ကြောင်း၊ အဆိုပါသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေးနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းစွာ ဝယ်ယူစားသုံးနိုင်စေရေးအတွက် ကွင်းဆင်းပြီး တောင်သူများကို အသိပညာပေး ဆွေးနွေးခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၅)

# မိုးညှင်းမြို့နယ် နန့်လှိုင်(စာထားကွင်း)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုးညှင်း ဒီဇင်ဘာ ၁၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် နန့်လှိုင်(စာထားကွင်း)ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာတို့က နန့်လှိုင်(စာထားကွင်း)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေး ပြည့်မီစွာ ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

နန့်လှိုင်(စာထားကွင်း)ကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ခုနစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မ မြေသားသဲကျောက်ခင်းခြင်းလုပ်ငန်းနှင့် ရေပြွန်နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၁၂၆ ဒသမ ၁၄၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် Northern Jade Land ကုမ္ပဏီက ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးပါက လယ်ယာမြေ ၁၉၂ ဧကနှင့် လူ ၄၁၄ ဦးတို့ကို အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်းထံမှ သိရသည်။ **ချစ်ဦးကို**

# မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာဧက ၉၅၀၀ စိုက်ပျိုးမည်

**မြောင်းမြ ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နေကြာဧက ၉၅၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံနေကြာဧက ၉၅၀၀ ကို ဒီဇင်ဘာလ တတိယပတ်အတွင်း စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံနေကြာဧက ၉၅၀၀ ကို မြောင်းမြမြို့နယ်တွင် ၄၁၈ ဧက၊ အိမ်မဲမြို့နယ်တွင် ဧက ၂၃၁၀၊ ဝါးခယ်မမြို့နယ်တွင် ၆၇၇၂ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိမှာ ဆီထွက်သီးနှံတွေနဲ့ အခြားဆောင်းသီးနှံတွေ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ဖို့အတွက် စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံနေကြာဧက ၉၅၀၀ စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဒေသဆီစားသုံးမှုဖူလုံစေဖို့နဲ့ နိုင်ငံတော်ရဲ့ ဆီလိုအပ်ချက်ကို တစ်ဖက်တစ်လမ်းကနေ ဖြည့်ဆည်းပေးဖို့အတွက် ဆီထွက်သီးနှံတွေကို စိုက်ပျိုးတာဖြစ်ပါတယ်။ ဆီထွက်သီးနှံတွေစိုက်ဖို့အတွက် လိုအပ်တဲ့နည်းပညာတွေကို ပို့ချဆောင်ရွက်ပေးနေပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

မြောင်းမြခရိုင်တွင် ဆီထွက်သီးနှံများ အပါအဝင် ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရေးအတွက် ခရိုင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ်နှင့် အခြားနည်းပညာများကိုလည်း သင်ကြားပို့ချပေးထားကြောင်း၊ အဆိုပါဆီထွက်သီးနှံများ စနစ်တကျရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ ဆီထွက်သီးနှံများ ဖြစ်ထွန်းအောင်မြင်စေရေး၊ ဆီထွက်သီးနှံများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်စပ်ဌာနများက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# စီးပွားရေးလုပ်ငန်းများယှဉ်ပြိုင်မှုနှင့် အနိုင်ရမှု

**မျိုးသူ(ကုန်သွယ်မြှင့်)**

စီးပွားရေးလုပ်ကိုင်ကြရာတွင် ငွေကြေးအရင်းအနှီးများ၊ သဘာဝအရင်းအမြစ်များ၊ လူသားအရင်းအမြစ်များသည် မပါမဖြစ်အခြေခံလိုအပ်ချက်များဖြစ်သည်။ ထိုအချက်များအပြင် ဒုတိယအဆင့်အနေဖြင့် စီမံအုပ်ချုပ်မှုလုပ်ငန်းများ၊ ငွေကြေးစီမံခန့်ခွဲမှုများ၊ အချိန်အသုံးချမှုများ၊ အကျိုးအမြတ်ရရှိရေး ဆောင်ရွက်မှုများသည်လည်း မရှိမဖြစ်ပါဝင်လာသည်။ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ကြရာတွင် ရေရှည်တည်တံ့ခိုင်မြဲနေပြီး စဉ်ဆက်မပြတ်အောင်မြင်မှုများရရှိနေရန် အရေးကြီးသည်။ လုပ်ငန်းအောင်မြင်မှုကို မျိုးရိုးစဉ်ဆက်သယ်ဆောင်သွားနိုင်ရန်လည်း လိုအပ်သည်။ စီးပွားရေးလုပ်ငန်းများတွင် အဘိုးမှ သားထိ အောင်မြင်သောလုပ်ငန်းများသည် နည်းသွားသကဲ့သို့ အဘိုးမှ မြေးထိ လုပ်ငန်းကို အောင်မြင်အောင်ဆောင်ရွက်နိုင်သော လုပ်ငန်းများမှာ ပိုမိုနည်းပါးသွားသည်။ ဆိုလိုသည်မှာ စီးပွားရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲနေရန် ခက်ခဲသောကိစ္စတစ်ရပ်ဖြစ်သည်။ သို့သော် စီးပွားရေးလုပ်ကိုင်သည်ဆိုသည်နှင့်အမျှ အကျိုးအမြတ်ရှိရန်နှင့် ရေရှည်အောင်မြင်ရန်ကို ဦးတည်ဆောင်ရွက်ကြရသည်သာဖြစ်သည်။ ရေရှည်အောင်မြင်မှုကိုရရှိရန် ကြိုးပမ်းသည်နှင့်အမျှ ပြိုင်ဆိုင်မှုများကိုလည်း ရင်ဆိုင်ကြရသည်သာဖြစ်သည်။ ပြိုင်ဆိုင်လျှင်လည်း အနိုင်ရမှ ရေရှည်တည်တံ့နိုင်မည်ဖြစ်သည်။ သို့သော် ပြိုင်ဆိုင်တိုင်းအနိုင်မရသော်လည်း ပြိုင်သည့်ပွဲများတွင် အနိုင်ရမှုများရန်လိုအပ်သည်။ မည်သို့ ပြိုင်ဆိုင်နေကြပါသလဲ။ ပြိုင်သည့်ပွဲတိုင်းလိုလို အနိုင်ရရေးသည် စီးပွားရေးလုပ်ငန်းရှင်တိုင်းအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ ထိုအတွက် ပြင်ဆင်မှုများကို အမြဲဆောင်ရွက်နေရန်လိုအပ်သည်။

> ❖ စီးပွားရေးလုပ်ကိုင်သည်ဆိုသည်နှင့်အမျှ အကျိုးအမြတ်ရှိရန်နှင့် ရေရှည်အောင်မြင်ရန်ကို ဦးတည်ဆောင်ရွက်ကြရသည်သာဖြစ်သည်။ ရေရှည်အောင်မြင်မှုကိုရရှိရန် ကြိုးပမ်းသည်နှင့်အမျှ ပြိုင်ဆိုင်မှုများကိုလည်း ရင်ဆိုင်ကြရသည်သာဖြစ်သည်။ ပြိုင်ဆိုင်လျှင်လည်း အနိုင်ရမှ ရေရှည်တည်တံ့နိုင်မည်ဖြစ်သည်။ သို့သော် ပြိုင်ဆိုင်တိုင်းအနိုင်မရသော်လည်း ပြိုင်သည့်ပွဲများတွင် အနိုင်ရမှုများရန် လိုအပ်သည်။ မည်သို့ ပြိုင်ဆိုင်နေကြပါသလဲ။ ပြိုင်သည့်ပွဲတိုင်းလိုလို အနိုင်ရရေးသည် စီးပွားရေးလုပ်ငန်းရှင်တိုင်းအတွက် မရှိမဖြစ်လိုအပ်ချက်ဖြစ်သည်။ ❖

**ပြိုင်ဆိုင်မှုပုံစံများ**

ပြိုင်ဆိုင်မှုပုံစံများတွင် ပြည့်စုံသောပြိုင်ဆိုင်မှုပုံစံ (Perfect Competition)၊ ပြိုင်ဆိုင်မှုနည်းပါးသောပုံစံ (Monopolistic Competition)၊ လူတစ်စုက ဈေးကွက်လွှမ်းမိုးသောပုံစံ(Oligopoly)နှင့် တစ်ဦးတည်းက ဈေးကွက်လွှမ်းမိုးသောပုံစံ (Monopoly) ဟူ၍ရှိသည်။

**ပြည့်စုံသောပြိုင်ဆိုင်မှုပုံစံ(Perfect Competition)**

ဈေးကွက်အတွင်းတွင် ရောင်းဝယ်သူအများအပြားရှိပြီး အားလုံးသည် လုပ်ငန်းပမာဏများစွာကွာခြားခြင်းမရှိသော ဈေးကွက်မျိုးတွင် တွေ့ကြုံရသောပြိုင်ဆိုင်မှုပုံစံဖြစ်သည်။ ထိုကဲ့သို့သော ဈေးကွက်တွင် ရောင်းချသူများသည် ကုန်ပစ္စည်းဈေးနှုန်းကို ပြဋ္ဌာန်းနိုင်လောက်သည့် လုပ်ငန်းပမာဏကြီးမားခြင်းမျိုးမရှိကြသည်ကို တွေ့ရနိုင်သည်။ ထိုဈေးကွက်မျိုးတွင် ရောင်းဝယ်သောကုန်ပစ္စည်းအမျိုးအစားများမှာ များသောအားဖြင့် လယ်ယာထွက်ကုန်သီးနှံများ ဖြစ်တတ်ကြသည်။ ဥပမာ-ဆန်စပါး၊ ပဲ၊ ပြောင်းတို့ဖြစ်သည်။ ထိုသို့သော ဈေးကွက်များသည် ဝင်ရောက်ရောင်းဝယ်ရန်လွယ်ကူတတ်ကြသည်။ ဝင်ရောက်ရောင်းချပြီး ဝင်ရောက်ယှဉ်ပြိုင်ရောင်းချခြင်းအတွက် အတားအဆီးများစွာမရှိတတ်သည်ကို တွေ့နိုင်သည်။ မြန်မာနိုင်ငံတွင်ကြည့်လျှင်လည်း လယ်ယာထွက်ကုန်သီးနှံများကို တောင်သူများက စိတ်ကြိုက်စိုက်ပျိုးထုတ်လုပ်ကြပြီး ရောင်းလိုသူထံကို ကြိုက်ဈေးဖြင့် ရောင်းချတတ်ကြသည်။ အကန့်အသတ်များစွာမရှိသည်ကို တွေ့နိုင်သည်။ ရောင်းဈေးသည် သီးနှံ၏အရည်အသွေးပေါ်တွင်သာ အဓိကတည်ရှိတတ်သည်။ အရည်အသွေးကောင်းလျှင် ဈေးကောင်းရရှိတတ်ကြပြီး အရည်အသွေးညံ့လျှင် ဈေးကောင်းမရရှိတတ်ကြပေ။

**ပြိုင်ဆိုင်မှုနည်းပါးသောပုံစံ(Monopolistic Competition)**

စီးပွားရေးလုပ်ငန်းများကိုကြည့်လျှင် ရောင်းချသောကုန်ပစ္စည်းသည် အမျိုးအစားတူ၊ အရည်အသွေးတူ ကုန်ပစ္စည်းမျိုးဖြစ်နေတတ်သည်။ ရောင်းချသူအများအပြားရှိတတ်သော်လည်း ဝယ်ယူသူများအတွက် ရွေးချယ်နိုင်မှုနည်းပါးပြီး မည်သည့်ဆိုင်ကဝယ်ယူသည်ဖြစ်စေ ရရှိမည့်ကုန်ပစ္စည်းသည် အရည်အသွေးအားဖြင့်လည်းကောင်း၊ ဈေးနှုန်းအားဖြင့်လည်းကောင်း များစွာမကွဲပြားဘဲ တူညီနေတတ်သဖြင့် စိတ်တိုင်းကျရွေးချယ်ရန်ခက်ခဲတတ်သည်။

ဥပမာအားဖြင့် စားအုန်းဆီ။ စားအုန်းဆီများကို မြန်မာနိုင်ငံသို့ သင်္ဘောကြီးများဖြင့် ထုပ်ပိုးမှုမပါဘဲ In Bulk အဖြစ် အလွတ်တင်သွင်းလာတတ်သည်။ ထိုဆီများကို ပြည်တွင်းတွင် ဘူးသွတ်၍ပြန်လည်ရောင်းချသည်များရှိသကဲ့သို့ ပီပါများဖြင့်ထည့်၍ လက်ကားရောင်းချခြင်းနှင့် ပိဿာ၊ ကျပ်သားဖြင့် ချိန်တွယ်၍ ဘူးလွတ်ခွက်ချင်ဖြင့် ရောင်းချသည်များလည်း ရှိကြသည်။ ထိုသို့သော စားအုန်းဆီကို ရောင်းချသူအများအပြားရှိသော်လည်း တင်သွင်းလာသည့်အရည်အသွေးအတိုင်းသာဖြစ်သဖြင့် ဝယ်ယူစားသုံးသူများမှာ ရွေးချယ်စရာမျိုးမရှိတတ်သည်ကို တွေ့နိုင်သည်။ အရည်အသွေးပိုင်းတွင် တစ်ဆင့်တစ်ဆင့်လက်လွှဲရောင်းချကြသော်လည်း စားသုံးသူထံရောက်ချိန်တွင် အရည်အသွေးတက်လာခြင်းမျိုးမရှိဘဲ ကိုင်တွယ်ထိန်းသိမ်းမှုညံ့ဖျင်းလျှင် ညံ့ဖျင်းသလို အရည်အသွေးပိုင်းပင် ကျဆင်းသွားတတ်သည်။ ထိုပြိုင်ဆိုင်မှုပုံစံတွင် ရောင်းချသည့်ကုန်ပစ္စည်းသည် အုပ်စုတူ သို့မဟုတ် အမျိုးအစားတူပြီး ပုံစံကွဲပြားတတ်သည်။

**လူတစ်စုက ဈေးကွက်လွှမ်းမိုးသောပုံစံ(Oligopoly)**

ရောင်းချသူအနည်းငယ်သာရှိပြီး ထိုသူများက ဈေးကွက်ကို လွှမ်းမိုးထားသည့် ပုံစံမျိုးဖြစ်သည်။ အဆိုပါ ဈေးကွက်အတွင်းသို့ အခြားရောင်းချလိုသူ၊ ရင်းနှီးမြှုပ်နှံလိုသူများအနေဖြင့် ဝင်ရောက်ရန် ခက်ခဲတတ်သည်။ ရောင်းချသူအနည်းငယ်ရှိသော်လည်း ထပ်မံဝင်ရောက်နိုင်သူ နည်းပါးတတ်သည်။ ဈေးကွက်ဝင်ရောက်သူများအတွက် ဝင်ရောက်နိုင်ရန်အတားအဆီးများ ထင်ထင်ရှားရှားရှိတတ်သည်။ ရောင်းဝယ်သည့်ကုန်ပစ္စည်းအမျိုးအစားများ၊ ဝန်ဆောင်မှုလုပ်ငန်းများကွဲပြားတတ်သော်လည်း အခြားသူများအတွက် ဝင်ရောက်လုပ်ကိုင်ရန် အခွင့်အလမ်းနည်းပါးသည်ကို တွေ့ရတတ်သည်။ ဥပမာအားဖြင့် သံမဏိထုတ်လုပ်သည့်လုပ်ငန်းမျိုး၊ မော်တော်ကားထုတ်လုပ်သည့်လုပ်ငန်းမျိုးနှင့် စက်မှုလယ်ယာလုပ်ငန်းမျိုးများ ဖြစ်ကြသည်။

**တစ်ဦးတည်းက ဈေးကွက်လွှမ်းမိုးသောပုံစံ(Monopoly)**

ဈေးကွက်ထဲတွင် ကုန်ပစ္စည်းတစ်မျိုးကိုရောင်းချသူတစ်ဦးသာရှိတတ်ပြီး ထိုကုန်ပစ္စည်း၏ ဈေးနှုန်းကို ထိန်းချုပ်ထားနိုင်သောအနေအထား၊ ယှဉ်ပြိုင်မှုကင်းမဲ့သောအနေအထားရှိသည့် ဈေးကွက်ပုံစံမျိုးကို တစ်ဦးတည်းက လွှမ်းမိုးသော ဈေးကွက်ယှဉ်ပြိုင်မှုပုံစံဟုခေါ်ဝေါ်တတ်ကြသည်။ ဈေးနှုန်းနှင့် ဈေးကွက်ပမာဏကိုပါ ထိန်းချုပ်နိုင်သည်။ အဆိုပါ ဈေးကွက်သို့ အခြားသူများ မဝင်ရောက်နိုင်စေရန် ပိတ်ထားတတ်ပြီး ဈေးကွက်ဝင်ရောက်ရန်လိုအပ်ချက်များမှာလည်း ကြီးမားတတ်သည်။ အတားအဆီးရှိနေမည်ဖြစ်သည်။ အဆိုပါဈေးကွက်အမျိုးအစားမှာ ပြည်တွင်းသုံးပစ္စည်းများတွင်ရှိတတ်သည်။ ထို့ပြင် လူထုထံကြော်ငြာသည့်လုပ်ငန်းမျိုးလည်း ဖြစ်တတ်သည်။ ထို့ပြင် ဘိုးရင်းကဲ့သို့ လေယာဉ်ထုတ်လုပ်သည့် ကုမ္ပဏီကြီးများမှာလည်း တီထွင်ခြင်းနှင့် ထုတ်လုပ်ခြင်းအတွက် ရင်းနှီးမြှုပ်နှံမှုအလွန်ကြီးမားတတ်သဖြင့် အစိုးရနှင့် ဖက်စပ်ဆောင်ရွက်တတ်ပြီး တစ်ဦးတည်း ဈေးကွက်ကိုလွှမ်းမိုးသည့်အခြေအနေမျိုးရှိတတ်သည်။

**ပြည့်စုံသော ပြိုင်ဆိုင်မှုအသွင်**


ပြည့်စုံသော ပြိုင်ဆိုင်မှုအသွင်သဏ္ဌာန်သည် စီးပွားရေးသီအိုရီများတွင် အသုံးအများဆုံးဖြစ်ပြီး ဝယ်လိုအားနှင့် ရောင်းလိုအားက ပြဋ္ဌာန်းသည့် ဈေးကွက်ပုံစံဖြစ်သည်။ အဆိုပါပြိုင်ဆိုင်မှုပုံစံသည် ရောင်းလိုအားနှင့်ဝယ်လိုအားတို့အပေါ်တွင်သာ တည်မှီနေပြီး ဈေးနှုန်းများကိုလည်း ဈေးကွက်ကသာဆုံးဖြတ်ပြီး မှုခြေတွင်ရှိနေတတ်သည်။ ထိုဈေးကွက်မျိုးတွင် အထူးအခွင့်အရေးခံစားခွင့်များရှိမနေတတ်ဘဲ မျှမျှတတသာ အခွင့်အရေးရရှိတတ်သည်။ ထိုသို့သောအခြေအနေမျိုးကြောင့် ပြိုင်ဆိုင်မှုသည်ပြင်းထန်တတ်ပြီး ပြိုင်ဆိုင်မှုပြင်းထန်သည်နှင့်အမျှ အရည်အသွေးမြင့်ရန်နှင့် ဈေးနှုန်းတွင် သက်သာစေရန်အတွက်ပါ ပြိုင်ဆိုင်နေရတတ်သည်။ ထို့ကြောင့် ဝယ်ယူစားသုံးသူများအတွက် အကျိုးကျေးဇူးများ ပိုမိုရရှိလာစေသည်။ ထို့ပြင် ပို၍ကောင်းသောအရည်အသွေးများ ထုတ်လုပ်ရောင်းချနိုင်ရန်နှင့် ဈေးနှုန်းအားဖြင့်လည်း သက်သာစေရန် ကုန်ထုတ်လုပ်သူများဘက်က အားကြိုးမာန်တက်ဆောင်ရွက်တတ်ကြသည်။ ထို့ကြောင့် စားသုံးသူများအတွက် နှိုင်းယှဉ်အကျိုးကျေးဇူးများကို ပိုမိုရရှိစေသည်။ ယခုခေတ်တွင် နိုင်ငံတကာဈေးကွက်ပုံစံသို့ ရောက်ရှိလာသည့်အခါတွင် နိုင်ငံတစ်နိုင်ငံ၏ ဈေးကွက်အတွင်းသို့ နိုင်ငံတကာမှ ကုန်ပစ္စည်းများဝင်ရောက်မှုကို အကောက်ခွန်ဥပဒေနှင့် အကောက်ခွန်များဖြင့် ထိန်းသိမ်းတတ်ကြသည်။ သို့ရာတွင် နိုင်ငံတကာကုန်သွယ်မှုသည် ပိုမိုကြီးမားကျယ်ပြန့်လာသည်နှင့်အမျှ လွတ်လပ်သောကုန်သွယ်မှုဇုန်များ ပူးပေါင်းဆောင်ရွက်မှုများကြောင့် အကောက်ခွန်အပိုင်းတွင် သုညထိ လျှော့ချကြသည်များရှိလာသည်။ အကောက်ခွန်ပိုင်းတွင် လျှော့ချကြသော်လည်း နိုင်ငံဈေးကွက်အတွင်းသို့ ဝင်ရောက်မှုကို ထိန်းသိမ်းနိုင်ရန် ဒုတိယတံတိုင်းတစ်ခုအဖြစ် အရည်အသွေးနှင့်ဆိုင်သော အကန့်အသတ်များ၊ သတ်မှတ်ချက်များနှင့်ပြည်တွင်းထုတ်ပစ္စည်းများကို ပြည်တွင်းဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မှုပိုမိုရရှိစေရေးဆောင်ရွက်ပေးမှုများကို ပြုလုပ်လာကြသည်။ မည်သို့ပင်ဖြစ်စေကာမူ နိုင်ငံအလိုက် ဈေးကွက်အသီးသီးတွင် ပြိုင်ဆိုင်မှုများသည်လည်း ပြင်းထန်လာပြီး ပြည်ပမှသွင်းကုန်နှင့် ပြည်တွင်းထုတ်ကုန်များသည်လည်း အပြင်းအထန်ပြိုင်ဆိုင်ရတတ်သည်။ ထိုအခါတွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပြည်တွင်းထုတ်ကုန်များသည် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီရန်ကြိုးစားရသကဲ့သို့ ဈေးနှုန်းအားဖြင့်လည်း ပိုမိုချိုသာရန်ကြိုးပမ်းကြရသည်။ ထို့ကြောင့် မြန်မာနိုင်ငံကဲ့သို့ LDC နိုင်ငံမျိုးတွင် ပြည်တွင်းထုတ်ကုန်များသည် ပြည်ပမှဝင်ရောက်လာသောကုန်ပစ္စည်းများနှင့် ယှဉ်ပြိုင်ရန်ခက်ခဲကြသဖြင့် နိုင်ငံအစိုးရများက ပြည်တွင်းထုတ်ကုန်များကို ကာကွယ်ပေးမှသာလျှင် ပြည်တွင်းကုန်ထုတ်လုပ်သူများအတွက် ယှဉ်ပြိုင်နိုင်သည့်အခြေအနေဖြစ်လာသည်။ အချို့နိုင်ငံကြီးများသည် ကုန်ပစ္စည်းများကို အများအပြားထုတ်လုပ်နိုင်ပြီး ဈေးနှုန်းအားဖြင့် သက်သာသည်။ ပြည်တွင်းကုန်ထုတ်လုပ်သူများ၏ထုတ်ကုန်များသည် အမျိုးအစားတူ၊ အရည်အသွေးတူ ထုတ်လုပ်နိုင်သည့်တိုင် ဈေးနှုန်းအားဖြင့် မယှဉ်နိုင်သဖြင့် ဈေးကွက်အတွင်းမှ ပျောက်ကွယ်သွားရသည်မျိုး ဖြစ်လာတတ်သည်။ မြန်မာနိုင်ငံတွင်လည်း အလားတူဖြစ်ရပ်မျိုးများကို မြင်တွေ့ရတတ်သည်။ ပြည်ပကြက်သွန်ဖြူများ နည်းအမျိုးမျိုးဖြင့် ဝင်ရောက်လာသဖြင့် ပြည်တွင်းကြက်သွန်ဖြူစိုက်ပျိုးထုတ်လုပ်မှုများ ကျဆင်းရသည်။ ထို့ကြောင့် ပြည်တွင်းထုတ်ကုန်နှင့်တောင်သူများအကျိုးစီးပွားကိုကာကွယ်ရန်အတွက် ပြည်ပမှဝင်ရောက်လာသော ကုန်ပစ္စည်းများကို နိုင်ငံတော်အစိုးရက နည်းလမ်းများရှာဖွေပြီး သွင်းကုန်များကို ထိန်းသိမ်းပေးမှသာ ပြည်တွင်းထုတ်ကုန်များ ရေရှည်တည်တံ့နိုင်မည်ဖြစ်သည်။ ထိုသို့ မျှမျှတတရှိစေရန် ထိန်းသိမ်းပေးရသကဲ့သို့ ပြည်တွင်းကုန်ပစ္စည်းရောင်းဝယ်မှုများတွင်လည်း မျှတမှုမရှိသည့်ကိစ္စများပေါ်ပေါက်ပါက ထိန်းသိမ်းနိုင်စေရန် ယှဉ်ပြိုင်မှုဥပဒေကို ပြဋ္ဌာန်းပြီး ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချရာတွင် ကုန်ထုတ်လုပ်သူများနစ်နာမှုမရှိစေရေး ဆောင်ရွက်ပေးရသည်။ မြန်မာနိုင်ငံတွင်လည်း အလားတူ ယှဉ်ပြိုင်မှုဥပဒေကို ပြဋ္ဌာန်းထားပြီးဖြစ်သည်။

**ယှဉ်ပြိုင်မှုဥပဒေ**

ယှဉ်ပြိုင်မှုဥပဒေကို မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၉)ဖြင့် ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေ ပုဒ်မ-၂တွင် စကားရပ်များကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် "ယှဉ်ပြိုင်မှုဆိုသည်မှာ ဈေးကွက်အတွင်းရှိ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအကြား မိမိတို့၏ ကုန်စည်နှင့်ဝန်ဆောင်မှုများကို ဝယ်ယူအသုံးပြုမည့် ဝယ်ယူသူအရေအတွက်၊ ဈေးကွက်ဝေစုနှင့် ဈေးကွက်လွှမ်းမိုးနိုင်မှုတို့ကိုပိုမိုရရှိစေရန် စီးပွားရေးလုပ်ငန်းများကို အပြိုင်အဆိုင်ပြုလုပ်သည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ ယှဉ်ပြိုင်ဆောင်ရွက်မှုကိုဆိုသည်"ဟု ဖွင့်ဆိုထားသည်။ ထို့ပြင် "ယှဉ်ပြိုင်မှုမူဝါဒဆိုသည်မှာ ဈေးကွက်အတွင်း မျှတသော ယှဉ်ပြိုင်မှုတစ်ရပ်ဖြစ်ထွန်းပေါ်ပေါက်စေရေးနှင့် စားသုံးသူများ၏အကျိုးကို လက်ဝါးကြီးအုပ်ဆောင်ရွက်မှုမှ တားဆီးကာကွယ်နိုင်ရေးတို့အတွက် ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများအပေါ် တိုက်ရိုက်အကျိုးသက်ရောက်စေရန် နိုင်ငံတော်က ချမှတ်လုပ်ဆောင်သောမူဝါဒများကိုဆိုသည်"ဟု ဖွင့်ဆိုထားသည်။

ဤသို့ ယှဉ်ပြိုင်မှုများဆောင်ရွက်ရာတွင် ဥပဒေများနှင့်အညီဖြစ်စေ၊ စီးပွားရေးကျင့်ဝတ်များနှင့်အညီဖြစ်စေဆောင်ရွက်ရင်း မိမိတို့စီးပွားရေးအတွက်အကျိုးအမြတ်ကို မှန်ကန်သောယှဉ်ပြိုင်မှုများဆောင်ရွက်ကာ အနိုင်ရရှိပါစေကြောင်း ရေးသားလိုက်ပါသည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချို အိတ်က မိမိတို့စားသောက်သမျှ

အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်းဧက ၃၈၆၀ စိုက်ပျိုးပြီးစီး

**ထီးချိုင့် ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း ဧက ၃၈၆၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြ၍ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း ၃၁၈၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၃၈၆၀ စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က အစေ့ထုတ်ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

“ဒီနှစ်ထီးချိုင့်မြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ပူးစားပြောင်း ဧက ၃၁၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိဧက ၃၈၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်နေတယ်။ ပြောင်းသီးနှံစိုက်ပျိုးမှုက တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြပါတယ်။ ဈေးကွက်အနေနဲ့ အသင့်အတင့်ရှိတာကြောင့် တောင်သူတွေအတွက် ပိုပြီးတွက်ခြေကိုက်လို့ စိုက်ပျိုးလာကြတာပါ”ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၁၁၆၁ ဧက၊ ပူးစားပြောင်း ၂၆၉၉ ဧက စုစုပေါင်း ဧက ၃၈၆၀ ဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် အစေ့ထုတ်ပြောင်း ၁၁၅၇ ဧက၊ ပူးစားပြောင်း ၂၀၂၅ ဧက စုစုပေါင်း ၃၁၈၂ ဧက ဖြစ်ကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် ယခုနှစ် ပြောင်းစိုက်ပျိုး တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး အသုံးပြုခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးနေကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီက အစေ့ထုတ်ပြောင်းနှင့် ပူးစားပြောင်း စိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၃၁၈၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

(၂၀၆)

# မင်းဘူးမြို့နယ် ရေမျက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**မင်းဘူး ဒီဇင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ရေမျက်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၅ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုက မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၅၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရေမျက်ကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၁၁၁ ဦးကို ငွေကျပ် ၄၃၉ သိန်း၊ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၇၈ ဒသမ ၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၂၅ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁၂ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၃ ဦးကို ငွေကျပ် ၅၅၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

## ကောင်းမှုတန်ဆာ ဆင်မြန်းပါ

- အမုန်းပယ် အချစ်တိုး
  အပြစ်ဆိုး မရှိသော်၊
  ငြိမ်းချမ်းပေ လူ့ဘဝ
  လှပလို့နေ်ာ၊
  စာနာစိတ် ထင်ပေါ်
  အပေါင်းဖော် မိတ်ဆွေများ၊
  စိတ်ရင်းမှန် ဆက်ဆံကြလို့
  အေးမြစေသား။

- ကိုယ်ကိုယ်တိုင် အသိတရားဖြင့်
  ဖြူစိတ်ထား ကိုယ်ချင်းစာ၊
  ကိုးကွယ်ရာ ဘာသာခြားလည်း
  ထားရှိမေတ္တာ၊
  ရောင်ပြန်ဟပ်တဲ့ စေတနာ
  ဂုဏ်သိက္ခာ နှလုံးသွင်း၊
  ဘဝကို အနေမြင့်က
  ရဲရင့်လေခြင်း။

- မနာလို ဝန်တိုကင်းပါလို့
  မေတ္တာခင်း လျှောက်လှမ်းလျှင်၊
  ထာဝစဉ် စိတ်ရှင်လန်း
  အေးချမ်းကာပင်၊
  လူလူချင်း ချစ်ချစ်ခင်
  အပြစ်မမြင် ဖြည့်ကာတွေး၊
  နာမည်ဂုဏ် အဆင်းလှ
  ဝင်းပဖြူဖွေး။

- အမြဲအစဉ် စိတ်ကောင်းမွေးကာဖြင့်
  သစ္စာထွေး လောကအလယ်၊
  စိတ်သန္တာန် ဂုဏ်ရည်မြတ်
  စိတ်ဓာတ်ပြည့်ကြွယ်၊
  ကိုယ့်စိတ်ကလေး အေးမြဖွယ်
  အတ္တဖယ် ပရိုး၊
  ကောင်းမှုဆင် မြတ်တရားနှင့်
  ပွားများတန်ဖိုး။ ။

**ရျာန်လေး(ပညာရေး)**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



## နိုင်ငံတကာ သတင်းများ

# မြောက်ကိုရီးယားအစိုးရ ကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့ရောက်ရှိ

**ပြုံယမ်း ဒီဇင်ဘာ ၁၆**

မြောက်ကိုရီးယား အစိုးရ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့သည် တရုတ်နိုင်ငံသို့ သွားရောက်၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုပိုမို အားကောင်းလာရေးအတွက် တရုတ်တာဝန်ရှိသူများနှင့် ဆွေးနွေးနေကြောင်း မြောက်ကိုရီးယားအစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး ပက်ခ်မြောင်ဆို ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၁၅ ရက်တွင် တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဆွန်ဝေတောင်း ဦးဆောင်သည့် တရုတ်တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် တရုတ်နှင့် မြောက်ကိုရီးယားတာဝန်ရှိသူများသည် နှစ်နိုင်ငံမဟာဗျူဟာ မြောက်ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါပြီးဆုံးပြီးနောက် မြောက်ကိုရီးယားနိုင်ငံက အိမ်နီးချင်းနိုင်ငံများနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ တဖြည်းဖြည်းပြန်လည်စတင်နေစဉ်မှာပင် မြောက်ကိုရီးယားအစိုးရကိုယ်စားလှယ်အဖွဲ့ တရုတ်နိုင်ငံသို့သွားရောက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံရေးကိစ္စများဆွေးနွေးရေးအတွက် မြောက်ကိုရီးယားတာဝန်ရှိသူများ တရုတ်နိုင်ငံသို့သွားရောက်မှုမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလနောက်ပိုင်း လွန်စွာနည်းပါးခဲ့သည်။

သို့ရာတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ကိုဗစ်-၁၉ ရောဂါကာလနောက်ပိုင်း ပထမဆုံးပြည်ပခရီးစဉ်အဖြစ် ယခုနှစ် စက်တင်ဘာလတွင် ရုရှားနိုင်ငံသို့သွားရောက်၍ ရုရှားသမ္မတပူတင်နှင့်တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ပနားမားတူးမြောင်းကို နေ့စဉ်ဖြတ်သန်းခွင့်ရမည့် သင်္ဘောအရေအတွက် ၂၄ စီးထိမြှင့်တင်မည်

**ပနားမားစီးတီး ဒီဇင်ဘာ ၁၆**

ပနားမားတူးမြောင်း၏ ပနားမားမက်စ်ရေတံခါးနှင့်နီယိုပနားမားမက်စ်ရေတံခါးတို့၌ နေ့စဉ်နေရာဝင်ယူနိုင်မည့် သင်္ဘောအရေအတွက် မြှင့်တင်မည်ဖြစ်ကြောင်း ပနားမားတူးမြောင်း အာဏာပိုင်အဖွဲ့က ဒီဇင်ဘာ ၁၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ပနားမားတူးမြောင်းအာဏာပိုင်အဖွဲ့သည် ပြင်းထန်သည့်မိုးခေါင်မှုပြဿနာကြောင့် ပနားမားတူးမြောင်းအတွင်း ရေရှည်းနေစဉ်တွင် နေ့စဉ်ဖြတ်သန်းခွင့်ရှိသည့် သင်္ဘောအရေအတွက်ကို ၁၈ စီးထိ လျှော့ချထားသည်။

သို့သော် လာမည့်နှစ် ဇန်နဝါရီလလယ်ပိုင်းမှစ၍ ပနားမားတူးမြောင်းကို နေ့စဉ်ဖြတ်သန်းခွင့်ရမည့် သင်္ဘောအရေအတွက်ကို ၂၄ စီးထိ မြှင့်တင်ပေးမည်ဖြစ်ကြောင်း တူးမြောင်းအာဏာပိုင်အဖွဲ့ကြေညာချက်၌ ဖော်ပြထားသည်။

ဂါတန်ရေအိုင်အမည်ရှိ ရေအိုင်ကြီးတစ်ခု၏ လက်ရှိရေမှတ်ကို အခြေခံ၍ ပနားမားတူးမြောင်းကို ဖြတ်သန်းခွင့်ရှိသော သင်္ဘောအရေအတွက်ကိုမြှင့်တင်ရန် ပနားမားတူးမြောင်းအာဏာပိုင်အဖွဲ့က စီစဉ်ထားခြင်းဖြစ်သည်။

ဂါတန်ရေအိုင်သည် လိုအပ်လာပါက ပနားမားတူးမြောင်းအတွက် ရေဂါလန်သန်းပေါင်းများစွာဖြည့်ဆည်းပေးနေသည့် ရေအိုင်ဖြစ်သည်။

အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့်အတူ ပို၍ဆိုးရွားခဲ့ရသည့် ပနားမားနိုင်ငံ၏ မိုးခေါင်ရေရှားပြဿနာကြောင့် ပနားမားတူးမြောင်းအာဏာပိုင်အဖွဲ့သည် တူးမြောင်းဖြတ်သန်းခွင့်နှင့် နေ့စဉ်သင်္ဘောဝင်ထွက်မှုများကိုစည်းမျဉ်းများဖြင့် ကန့်သတ်ခဲ့ရကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# ၂၀၂၄ ခုနှစ်တွင် တိုက်ချင်းပစ်ဒုံးကျည် ခုနစ်စင်း စမ်းသပ်ပစ်လွှတ်ရန် ရုရှားနိုင်ငံစီစဉ်



**မော်စကို ဒီဇင်ဘာ ၁၆**

ရုရှားနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း တိုက်ချင်းပစ်ဒုံးကျည် ခုနစ်စင်းထိ စမ်းသပ်ပစ်လွှတ်ရန် စီစဉ်ထားကြောင်း ရုရှားပြည်တွင်း မီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်အတွင်း တိုက်ချင်းပစ်ဒုံးကျည် ခုနစ်စင်းထိ စမ်းသပ်ပစ်လွှတ်မည်ဖြစ်ကြောင်း ရုရှားမဟာဗျူဟာဒုံးကျည်တပ်ဖွဲ့အကြီးအကဲ ဆာဂေး ကာရာကာယက်ဗ်က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် အဆိုပါ တိုက်ချင်းပစ်ဒုံးကျည် ပစ်လွှတ်စမ်းသပ်မှုများအတွက် အမေရိကန်နိုင်ငံကိုကြိုတင်အသိပေးရန်လိုအပ်ပြီး အမေရိကန်နိုင်ငံအနေဖြင့်လည်း အပြန်အလှန်အနေဖြင့် ၎င်းစည်းကမ်းကိုလိုက်နာရသည်။

ရုရှား မဟာဗျူဟာဒုံးကျည်တပ်ဖွဲ့သည် ပြီးခဲ့သည့်ငါးနှစ်အတွင်း တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုပေါင်း အကြိမ် ၂၀ ကျော်ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ယခုနှစ် နိုဝင်ဘာလတွင်လည်း ရုရှားနိုင်ငံသည် တိုက်ချင်းပစ်ဒုံးကျည်တစ်စင်းကို အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့သည်။

အဆိုပါတိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုကို ရုရှားရေတပ်၏ နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောသစ်တစ်စီးဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ယခုနှစ် တရုတ်နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုနှုန်း ၅ ဒသမ ၂ ရာခိုင်နှုန်းထိရှိ

**ပေကျင်း ဒီဇင်ဘာ ၁၆**



ယခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလထိ ကိုးလတာကာလအတွင်း တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းသည် ၅ ဒသမ ၂ ရာခိုင်နှုန်းထိရှိခဲ့ကြောင်း တရုတ်အမျိုးသားစာရင်းအင်းဗျူရိုက ဒီဇင်ဘာ ၁၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် ယခုနှစ် အောက်တိုဘာလတွင်လည်း ကုန်ထုတ်လုပ်မှုနှုန်း မြင့်တက်လာခြင်းလက်ကားရောင်းဝယ်မှုနှုန်း မြင့်တက်လာမှုတို့နှင့်အတူ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းအားကောင်းသည့် လက္ခဏာများပြသခဲ့ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

သို့သော် အိမ်ခြံမြေဆောက်လုပ်ရေးလုပ်ငန်းနယ်ပယ်၌ ရင်းနှီးမြှုပ်နှံမှုနှုန်းမှာ ၉ ဒသမ ၄ ရာခိုင်နှုန်းထိကျဆင်းခဲ့ကြောင်း သိရသည်။

အိမ်ခြံမြေဆောက်လုပ်ရေး ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုကျဆင်းလာမှုသည် တရုတ်နိုင်ငံ၏အိမ်ခြံမြေဆောက်လုပ်ရေးလုပ်ငန်းဈေးကွက်နာလန် ပြန်မထူနိုင်သေးသည့် လက္ခဏာဖြစ်သည်။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်၌ စီးပွားရေးအင်အားဒုတိယအကြီးဆုံး နိုင်ငံဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကပ်ဘေးနောက်ဆက်တွဲ စီးပွားရေးပြဿနာများနှင့် ရင်ဆိုင်ရှုန်းကန်နေရဆဲဖြစ်သည်။

ကမ္ဘာ့ဘဏ်က ဒီဇင်ဘာ ၁၄ ရက်တွင်ထုတ်ပြန်ခဲ့သော အစီရင်ခံစာ၌ ယခုနှစ် တရုတ်စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို ၅ ဒသမ ၂ ရာခိုင်နှုန်းအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဂါဇာဒေသတွင်းသို့ ကီရမ်ရှလုမ်နယ်စပ်ပေါက်မှတစ်ဆင့် အရေးပေါ်အကူအညီများတင်သွင်းရန် အစ္စရေးခွင့်ပြုပေး

**ဂျေရုဆလင် ဒီဇင်ဘာ ၁၆**

ကီရမ်ရှလုမ်နယ်စပ်ပေါက်မှတစ်ဆင့် ဂါဇာကမ်းမြောင်ဒေသတွင်းသို့ အရေးပေါ်အကူအညီများ တင်သွင်းရန် ခွင့်ပြုချက်ပေးထားကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံးက ဒီဇင်ဘာ ၁၅ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုက အစ္စရေးတောင်ပိုင်းမြို့များကိုတိုက်ခိုက်ခဲ့သည့် အောက်တိုဘာ ၇ ရက်မှစ၍ အစ္စရေးစစ်ဘက်သည် ဂါဇာနှင့်အစ္စရေးနိုင်ငံတို့အကြားရှိ ကီရမ်ရှလုမ်နယ်စပ်ပေါက်ကို ပိတ်ထားခဲ့သည်။

ကီရမ်ရှလုမ်နယ်စပ်ပေါက်ပိတ်ထားမှုကြောင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဂါဇာကမ်းမြောင်သို့အရေးပေါ်အကူအညီများ ပေးပို့ရေးအတွက် အီဂျစ်နှင့် ဂါဇာကမ်းမြောင် ဒေသအကြားရှိ ရာဖာနယ်စပ်ဝင်ပေါက် တစ်ခုတည်းကိုသာ အားပြုခဲ့ရကြောင်း သိရသည်။

ကီရမ်ရှလုမ်နယ်စပ်ပေါက်ကို ပြန်ဖွင့်ပေးရန် အစ္စရေးနိုင်ငံက သဘောတူထားမှုကြောင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် ဂါဇာကမ်းမြောင် ဒေသတွင်းသို့ အရေးပေါ်အကူအညီတင် ကုန်တင်ယာဉ် နေ့စဉ် အစီးရေ ၂၀၀ ထိ စေလွှတ်နိုင်မည် ဖြစ်ကြောင်း သိရသည်။


ကီရမ်ရှလုမ်နယ်စပ်ဝင်ပေါက်သည် ဂါဇာကမ်းမြောင်၏ကုန်စည်အဝင်အထွက်အတွက် အဓိကနယ်စပ်ဝင်ပေါက်ဖြစ်သည်။

လက်ရှိတွင် အီဂျစ်နှင့်ဂါဇာနယ်စပ်ရှိ ရာဖာနယ်စပ်ပေါက်က တစ်ရက်လျှင် ကုန်တင်ယာဉ် အစီးရေ ၁၀၀ ထိသာ စေလွှတ်ပေးနိုင်ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## Hotsat-1 ဂြိုဟ်တု လုပ်ငန်းပုံမှန်လည်ပတ်မှု ရပ်တန့်နေ



**လန်ဒန် ဒီဇင်ဘာ ၁၆**

နည်းပညာအရ ကမ္ဘာ့အဆင့်အမြင့်ဆုံး အာကာသသာမိုမီတာအဖြစ် သတ်မှတ်ခံထားရသည့် Hotsat-1 အမည်ရှိ ဂြိုဟ်တုသည် လုပ်ငန်းပုံမှန်လည်ပတ်မှု ရပ်တန့်နေကြောင်း ဒီဇင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

လွှတ်တင်ပြီး ခြောက်လမျှသာ ရှိသေးချိန်တွင် လုပ်ငန်းလည်ပတ်မှုရပ်တန့်နေခြင်းဖြစ်သည်ဟု Hotsat-1 ဂြိုဟ်တုကို ကွပ်ကဲနေသည့် ဗြိတိန်အခြေစိုက် Sat Vu ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

Hotsat-1 ဂြိုဟ်တုတွင် စနစ်ဖောက်ပြန်မှုတစ်ရပ် ရှိနေခြင်းကြောင့် လုပ်ငန်းပုံမှန်လည်ပတ်မှု ရပ်တန့်နေခြင်းဖြစ်ကြောင်း Sat Vu ကုမ္ပဏီ၏ ကြေညာချက်၌ ဖော်ပြထားသည်။

အဆိုပါဂြိုဟ်တုကို ယခုနှစ် ဇွန်လတွင် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Hotsat-1 ဂြိုဟ်တုသည် ယခုနှစ် အောက်တိုဘာလအစောပိုင်းက ကမ္ဘာ့မြေမျက်နှာပြင် အပူချိန်အပြောင်းအလဲများကို အသေးစိတ်လေ့လာနိုင်သည့် ပထမဆုံးဓာတ်ပုံများကို ပြန်လည်ပေးပို့ခဲ့သည်။

လက်ရှိအချိန်တွင် Sat Vu ကုမ္ပဏီမှ အင်ဂျင်နီယာများသည် Hotsat-1 ဂြိုဟ်တုနှင့် အဆက်အသွယ်ပြန်ရရေးအတွက် ကြိုးပမ်းနေဆဲဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## အပေါ်ယံရေခဲလွှာအောက်၌ မြေအောက်သမုဒ္ဒရာများရှိနေနိုင်သော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ် ၁၇ စင်းကို နာဆာသိပ္ပံပညာရှင်များ အတည်ပြုပေးနိုင်


**ဝါရှင်တန် ဒီဇင်ဘာ ၁၆**

အပေါ်ယံရေခဲလွှာအောက်၌ မြေအောက်သမုဒ္ဒရာများ ရှိနေနိုင်သော နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ် ၁၇ စင်းကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ) သိပ္ပံပညာရှင်များက အတည်ပြုပေးနိုင်ကြောင်း ဒီဇင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

ကြာသပတေးဂြိုဟ်၏ ရေခဲဂြိုဟ်ရံလများနှင့် ပုံစံချင်းဆင်သည့် အထက်ပါဂြိုဟ်များသည် ဇီဝလက္ခဏာများ ရှာဖွေရေးအတွက် သင့်လျော်သည့်နေရာများ ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

အဆိုပါဂြိုဟ်များ၏ ဖွဲ့စည်းတည်ဆောက်မှုပုံစံများကို အတိအကျမသိရသေးသော်လည်း ဂြိုဟ်မျက်နှာပြင် အပူချိန်များမှာ ကမ္ဘာမြေထက် ပိုအေးမြကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် ရေဒီယိုသတ္တိကြွဒြပ်စင်များ ဆွေးမြည့်မှုမှပေါ်ထွက်လာသည့် အပူဓာတ်နှင့် မိခင်ကြယ်ဒြပ်ဆွဲအားသက်ရောက်မှုတို့ကြောင့် အဆိုပါဂြိုဟ်များ၏ အပေါ်ယံရေခဲလွှာအောက်၌ ရေကိုအရည်အဖြစ်ထိန်းထားနိုင်သည့် မြေအောက်သမုဒ္ဒရာများရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။



အထူးသဖြင့် နာဆာသိပ္ပံပညာရှင်များ တွေ့ရှိထားသည့် ဂြိုဟ်သစ် ၁၇ စင်းအနက် ပရိုစီးမားစင်တော်ရီဘီ နှင့် LHS1140b အမည်ရှိ ဂြိုဟ်တို့မှာ မြေအောက်သမုဒ္ဒရာများ တည်ရှိနိုင်ခြေ အများဆုံးဂြိုဟ်များဖြစ်ကြကြောင်း သိရသည်။

နာဆာ သိပ္ပံပညာရှင်များ အတည်ပြုနိုင်ခဲ့သည့် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်များသည် အရွယ်အစားအားဖြင့် ကမ္ဘာဂြိုဟ်လောက်ပင်ရှိသော်လည်း ဒြပ်ထုအားဖြင့် ကမ္ဘာဂြိုဟ်နှင့်နှိုင်းယှဉ်ပါက ပိုနည်းကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## အပင်ကျောက်ဖြစ်ရုပ်ကြွင်းများအဖြစ်မှတ်ယူခဲ့သည့် ကျောက်ဖြစ်ရုပ်ကြွင်းများက ကမ္ဘာဦးခေတ် လိပ်သားပေါက်များ၏ ကျောက်ဖြစ်ရုပ်ကြွင်းများဖြစ်နေ

**ဘိုဂိုတာ ဒီဇင်ဘာ ၁၆**

ရှေးယခင်က ကမ္ဘာဦးအပင်ကျောက်ဖြစ်ရုပ်ကြွင်းများအဖြစ် မှတ်ယူခဲ့ကြသည့် ကျောက်ဖြစ်ရုပ်ကြွင်းများမှာ စင်စစ်အားဖြင့် ကမ္ဘာဦးခေတ် လိပ်သားပေါက်များ၏ ကျောက်ဖြစ်ရုပ်ကြွင်းများ ဖြစ်နေကြောင်း ကိုလံဘီယာနိုင်ငံ သိပ္ပံပညာရှင်များက ဒီဇင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

အဆိုပါ ကျောက်ဖြစ်ရုပ်ကြွင်းများကို ၂၀ ရာစုခေတ်လယ်ပိုင်းတွင် ကိုလံဘီယာခရစ်ယာန် ဘုန်းတော်ကြီးတစ်ပါးက သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၁၃ သန်းနှင့် ၁၃၂ သန်းကြားရှိ ကျောက်လွှာအတွင်း ရှာဖွေတွေ့ရှိခဲ့ရခြင်းဖြစ်သည်။

ကနဦးလေ့လာချက် ရလဒ်များအရ အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းများသည် Sphenophyllun ခေါ် ကမ္ဘာဦးအပင်တစ်မျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများ ဖြစ်နိုင်သည်ဟု သိပ္ပံပညာရှင်များက မှတ်ယူခဲ့ကြကြောင်း သိရသည်။

သို့ရာတွင် ဘိုဂိုတာတက္ကသိုလ်မှ ကိုလံဘီယာသိပ္ပံပညာရှင်များ၏ အသေးစိတ်ပြန်လည်လေ့လာမှုအရ အဆိုပါကျောက်ဖြစ်ရုပ်ကြွင်းများမှာ ကမ္ဘာဦးလိပ်သားပေါက်များ၏ အခွံကျောက်ဖြစ်ရုပ်ကြွင်းများဖြစ်နေသည်ကို တွေ့ရှိခဲ့ရကြောင်း သိရသည်။

အဆိုပါ လိပ်သားပေါက်များသည် Desmatochelys Padillai ခေါ် ကမ္ဘာဦးလိပ်မျိုးစိတ်ဝင်များ ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

အဆိုပါလိပ်သားပေါက်များ၏ အသက်မှာ သေဆုံးချိန်တွင် တစ်နှစ်ကျော်မျှသာ ရှိသေးကြောင်း ကိုလံဘီယာ သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Xinhua News**
**Trs : KKO**

# HEALTH

## အိပ်ရာဝင်ချိန်နှင့်ထချိန် တစ်သမတ်တည်းမရှိပါက Dementia ဖြစ်နိုင်ခြေ ပုံမှန်ထက်မြင့်မား

**ကင်ဘာရာ ဒီဇင်ဘာ ၁၆**

နေ့စဉ်အိပ်ရာဝင်ချိန်နှင့် အိပ်ရာထချိန် တစ်သမတ်တည်းမရှိပါက ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေ ပုံမှန်ထက်မြင့်မားကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

ဩစတြေးလျနိုင်ငံ မိုးနက်ရှ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် ပျမ်းမျှအသက် ၆၂ နှစ်ရှိ လူပေါင်း ၈၈၀၀၀ တို့၏ ကျန်းမာရေးအချက်အလက်များကို စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ နေ့စဉ်အိပ်စက်ချိန်နှင့် နိုးထချိန် တစ်သမတ်တည်း မရှိသူများတွင် Dementia ရောဂါဖြစ်နိုင်ခြေ ၅၃ ရာခိုင်နှုန်း ပို၍မြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ အိပ်ချိန်၊ နိုးချိန် တစ်သမတ်တည်း မရှိသူများအနေဖြင့် နေ့စဉ်အိပ်ချိန်နှင့်အိပ်ရာထချိန်ကို ပုံမှန်ထားရှိခြင်းဖြင့် ဦးနှောက်ကျန်းမာရေးကို ကာကွယ်ထိန်းသိမ်းသင့်ကြောင်း သုတေသနပညာရှင်များက အကြံပြုထားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ နေ့စဉ်အိပ်ရာဝင်ချိန်၊ အိပ်ရာထချိန် တစ်သမတ်တည်းရှိမှုသည် Dementia ရောဂါဖြစ်ပွားနိုင်ခြေ ကျဆင်းလာနိုင်မှုနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အိပ်စက်ချိန် လုံလုံလောက်လောက် ရယူနိုင်မှုသည် ဦးနှောက်ကျန်းမာရေးအတွက် အရေးကြီးကြောင်း သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## ကိုယ်ဝန်ဆောင်များပျို့အန်မှုက သန္ဓေသား ထုတ်ပေးသော ဟော်မုန်းတစ်မျိုးနှင့်ဆက်စပ်နေ

**လန်ဒန် ဒီဇင်ဘာ ၁၆**

ကိုယ်ဝန်ဆောင်နေချိန်ကာလအတွင်း မိခင်လောင်းများပျို့အန်မှု (Morning Sickness) ပြဿနာသည် သန္ဓေသားကထုတ်ပေးတတ်သည့် ဟော်မုန်းတစ်မျိုးနှင့်ဆက်စပ်နေဖွယ်ရှိကြောင်း သုတေသနပညာရှင်များက ဒီဇင်ဘာ ၁၅ ရက်တွင် ပြောကြားသည်။

သန္ဓေသားထံမှ ထွက်ပေါ်လာတတ်သည့် GDF-15 အမည်ရှိ အဆိုပါဟော်မုန်းသည် မိခင်လောင်း၏ဦးနှောက်အပေါ် အကျိုးသက်ရောက်မှုရှိတတ်ပြီး ပျို့ချင်၊ အန်ချင်စိတ် ပေါ်လာတတ်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များ၏ အဆိုအရ သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် GDF-15 ဟော်မုန်းကို ဓာတ်ခွဲခန်းအတွင်း ကြွက်များဖြင့် လက်တွေ့စမ်းသပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

သို့ရာတွင် အစပိုင်း၌ GDF-15 ဟော်မုန်းကို တစ်ဆင့်ချင်းကျွေးထားသည့် ကြွက်များတွင်မူ Morning Sickness ပြဿနာအတွက် ခံနိုင်ရည်များ ပေါ်ထွက်လာသည်ကိုတွေ့ရကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ ကိုယ်ဝန်မဆောင်မီ GDF-15 ဟော်မုန်းနှင့်ထိတွေ့ပေးပါက မိခင်လောင်းများ၏ Morning Sickness ပြဿနာကို ဖြေရှင်းပေးနိုင်ဖွယ်ရှိသည်ဟု သုတေသနပညာရှင်များက ယူဆထားကြောင်း သိရသည်။

ကိုယ်ဝန်ဆောင် မိခင်လောင်းများတွင် Morning Sickness ပြဿနာကို ကိုယ်ဝန်ဆောင်ကာလအတွင်း တစ်ချိန်မဟုတ်တစ်ချိန် ရင်ဆိုင်ရတတ်ကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : KKO**



# နိုင်ငံတကာ အားကစားသတင်းများ

## ဗန်ဒီဘိခ်ကို ဖရန့်ဖတ်အသင်းသို့ အငှားစေလွှတ်ရန် မန်ယူအသင်းသဘောတူညီမှုရရှိ

**မန်ချက်စတာ ဒီဇင်ဘာ ၁၆**

မန်ယူအသင်းသည် ကွင်းလယ်ကစားသမားဗန်ဒီဘိခ်ကို လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ရာသီဝက်အငှားစာချုပ်ဖြင့် ဖရန့်ဖတ်အသင်းသို့ အငှားစေလွှတ်ရန် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ဘန်ဒီဘိခ်သည် နည်းပြတန်ဟတ်၏စီမံကိန်းတွင် ပါဝင်သည့် ကစားသမားမဟုတ်သောကြောင့် ၎င်းအနေဖြင့် ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလကတည်းက အသင်းမှထွက်ခွာရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရခဲ့ဘဲ လက်ရှိတွင် ဖရန့်ဖတ်အသင်း၏ အငှားစာချုပ်ဖြင့် ကမ်းလှမ်းမှုကို အသင်းတာဝန်ရှိသူများက လက်ခံခဲ့သောကြောင့် ဇန်နဝါရီအပြောင်းအရွှေ့စတင်ပါက တရားဝင်စာချုပ် ချုပ်ဆိုမည်ဖြစ်သည်။

ဖရန့်ဖတ်အသင်းနှင့်မန်ယူအသင်းတို့ကြား ရာသီဝက်သဘောတူစာချုပ်တွင် ကစားသမားအနေဖြင့် ခြေစွမ်းပြသနိုင်ခဲ့ပါက ဖရန့်ဖတ်အသင်းက အပြီးသတ်ခေါ်ယူနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ဘန်ဒီဘိခ်သည် ယခုနှစ်ရာသီတွင် ပြိုင်ပွဲစုံ တစ်ပွဲသာ လူစားဝင်ကစားသမားအဖြစ်ပါဝင်ခဲ့ရသော်လည်း လက်ရှိကွင်းလယ်ပိုင်းတွင် ဘရူနိုဖာနန်ဒက်စ် ပွဲပယ်ခံရသည့်အပြင် ကက်စမဲရိုး၊ အဲရစ်ဆင်နှင့်မေဆင်မောင့်တို့လည်း ဒဏ်ရာကြောင့် မပါဝင်နိုင်သည့် အခြေအနေတွင် ၎င်းအနေဖြင့် လာမည့်လီဗာပူးအသင်းနှင့်ပွဲစဉ်၌ တွန်မနေး၊ အမ်မရာဘတ်၊ မိုင်နူးတို့နှင့်အတူ ကစားသမားစာရင်း၌ ပါဝင်လာဖွယ်ရှိသည်။

မန်ယူအသင်းသည် လာမည့်အပြောင်းအရွှေ့ကာလတွင် ဘန်ဒီဘိခ်အပြင် ကွင်းလယ်ကစားသမားဆန်ချို၊ ကက်စမဲရိုး၊ တိုက်စစ်မှူးမာရှယ်နှင့် ခံစစ်ကစားသမားဗာရာနီတို့ကိုလည်း အငှားစာချုပ်သို့မဟုတ် ရောင်းချသွားရန်စီစဉ်လျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : ML



## ဖီဖာကထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် စပိန်အမျိုးသမီးအသင်း အဆင့်(၁)နေရာသို့ရောက်ရှိ



**ဇူးရစ် ဒီဇင်ဘာ ၁၆**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ထုတ်ပြန်ခဲ့သည့် အမျိုးသမီးလက်ရွေးစင်အသင်း ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ယခုနှစ်ကမ္ဘာ့ဖလားချန်ပီယံဆုရယူခဲ့သည့် စပိန်အမျိုးသမီးအသင်းက အမေရိကန်အသင်းကိုကျော်ဖြတ်၍ ကမ္ဘာ့အဆင့်(၁)နေရာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အစောပိုင်းက စပိန်အမျိုးသမီးအသင်းသည် ၂၀၂၃ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ယူ၍ ချန်ပီယံဆုရရှိခဲ့သည့်အတွက် ကမ္ဘာ့အဆင့်(၄)နေရာမှ အဆင့်(၂)သို့သာ တက်ရောက်နိုင်ခဲ့သော်လည်း ယခုအခါ ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲတွင် ဆွီဒင်အသင်းကို ငါးဂိုး သုံးဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက်ခဲ့သောကြောင့် ကမ္ဘာ့အဆင့်(၁)နေရာသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် အဆင့်(၂)နေရာတွင် အမေရိကန်အမျိုးသမီးအသင်း၊အဆင့်(၃)နေရာတွင် ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည့် ပြင်သစ်အမျိုးသမီးအသင်း၊ အင်္ဂလန်အမျိုးသမီးအသင်းက အဆင့်(၄)နှင့် ဆွီဒင်အမျိုးသမီးအသင်းက အဆင့်(၅)နေရာတွင် ရပ်တည်လျက်ရှိသည်။

စပိန်အမျိုးသမီးအသင်းသည် ယခုနှစ်တွင် ပြိုင်ပွဲစုံ၌ပုံစံကောင်းများပြသနိုင်ခဲ့ပြီး အဓိကအောင်မြင်မှုများရယူနိုင်ခဲ့သောကြောင့် ကမ္ဘာ့အဆင့်(၁)နေရာသို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : ML

## ရေဗားပလိတ်ကစားသမား အဲချီဗာရီကိုခေါ်ယူရန် ကြိုးပမ်းနေကြောင်း နည်းပြဇာဗီ ပြောကြား

**ဘာစီလိုနာ ဒီဇင်ဘာ ၁၆**

ဘာစီလိုနာအသင်း နည်းပြဇာဗီသည် အသင်းကွင်းလယ်ပိုင်းအတွက် ရေဗားပလိတ်အသင်းတွင် ခြေစွမ်းပြကစားနေသည့် လူငယ်ကစားသမား အဲချီဗာရီကိုခေါ်ယူသွားရန် ကြိုးပမ်းနေကြောင်း အတည်ပြုပြောကြားခဲ့သည်။

အသက် ၁၇ နှစ်ရှိ လူငယ်ကွင်းလယ်ကစားသမားသည် ယခုနှစ်ဘောလုံးရာသီတွင် ရေဗားပလိတ်အသင်းနှင့် ပူးပေါင်းခဲ့ပြီး အသင်းတွင် ပါဝင်ကစားခွင့်ရသည့် ပွဲစဉ်တိုင်း၌ ပုံစံကောင်းပြသနိုင်ခဲ့သည့်အပြင် ပြီးခဲ့သည့် ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဘရာဇီးအသင်းက ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် နည်းပြဇာဗီက ၎င်း၏ထူးခြားသည့် ကွင်းလယ်ပိုင်းစွမ်းဆောင်ရည်ကို သဘောကျနေသောကြောင့် ခေါ်ယူရန်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အဲချီဗာရီသည် အနာဂတ်တွင် အလားအလာကောင်းသည့် လူငယ်ကစားသမားတစ်ဦး ဖြစ်သည့်အတွက် ဥရောပထိပ်သီးကလပ်များဖြစ်သည့် ချဲလ်ဆီးအသင်း၊မန်ယူအသင်း၊ ပီအက်စ်ဂျီအသင်းတို့ကလည်းခေါ်ယူရန် ချိတ်ဆက်မှုများပြုလုပ်နေသဖြင့် နည်းပြဇာဗီက လက်ဦးမှုရယူသွားရန် ကြိုးပမ်းနေပြီး လက်ရှိကစားသမား၏ စာချုပ်ဖျက်သိမ်းကြေးမှာ ယူရို ၂၅ သန်းသာရှိကြောင်း သိရသည်။

ထို့ပြင် အဲချီဗာရီကလည်း ဘာစီလိုနာအသင်းတွင် ကစားသွားချင်ကြောင်း ပြောကြားခဲ့ပြီး တိုက်စစ်မှူးမက်ဆီကဲ့သို့ အောင်မြင်မှုရယူလိုကြောင်း၊ ၎င်းသည် မက်ဆီ၏ အမာခံပရိသတ်တစ်ဦးဖြစ်ကြောင်း၊ ဘာစီလိုနာအသင်းတွင် တိုက်စစ်မှူးမက်ဆီကဲ့သို့ အောင်မြင်မှုမျိုးရရှိရန် ကလေးဘဝကတည်းက အိပ်မက်ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

ဘာစီလိုနာအသင်းသည် ဇန်နဝါရီအပြောင်းကာလ ဖွင့်လှစ်ရန် ရက်သတ္တနှစ်ပတ် အလိုတွင် ကွင်းလယ်ကစားသမား တစ်ဦးခေါ်ယူရန် ကြိုတင်ပြင်ဆင်လျက်ရှိနေပြီး လူငယ်ကစားသမားအဲချီဗာရီကို အနာဂတ်စီမံကိန်းအတွက် ခေါ်ယူသွားရန် သေချာလျက်ရှိကြောင်း သိရသည်။

Ref : Sputnik

Trs : ML

## Mauritius Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဆိုဒါဘတ် ဦးဆောင်

**ပို့လူးဝစ် ဒီဇင်ဘာ ၁၆**

မောရစ်ရှနိုင်ငံတွင် ကျင်းပနေသည့် Mauritius Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ဆွီဒင်ဂေါက်သီးရိုက်ကစားသမား ဆိုဒါဘတ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကိုဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျာမနီဂေါက်သီးရိုက်ကစားသမားရှနိုက်ဒါနှင့်တောင်အာဖရိကဂေါက်သီးရိုက်ကစားသမား ဒီဗီလိုင်ယာတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျော့ရိုက်ကာအမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

လက်ရှိချန်ပီယံအဖြစ် ပါဝင်ယှဉ်ပြိုင်နေသူ ပြင်သစ်ဂေါက်သီးရိုက်ကစားသမားရွန်ဇာ၊ အင်္ဂလန်ဂေါက်သီးရိုက်ကစားသမားဖြစ်ကြသည့် ပေါလ်ဝါရင်းနှင့် ဒန်နီရယ်လ်ဘရောင်းတို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဆိုဒါဘတ်သည် ပထမနေ့တွင် ရလဒ် မကောင်းခဲ့သော်လည်း ဒုတိယနေ့တွင် Birdies ရိုက်ချက်ကိုးကျင်းထိ ရရှိခဲ့သည့်အတွက် ဒုတိယနေ့အပြီးတွင် အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

ဆိုဒါဘတ်က "ဒုတိယနေ့မှာ ကစားရတာ ပိုပြီးတော့လွယ်ကူသလိုခံစားမိတယ်။ လေတိုက်နှုန်းမြင့်မားတယ်ဆိုပေမဲ့လဲ ကစားရတာ အရမ်းအဆင်ပြေတယ်။ ပထမနေ့နဲ့တောင်မတူဘူး။ Driver ရိုက်ချက်တွေလဲ အရမ်းကောင်းခဲ့ပါတယ်။ Greenway တချို့နဲ့လွဲချော်ခဲ့ပေမဲ့လဲ အတိုရိုက်ချက်တွေ တော်တော်လေးကောင်းခဲ့ပါတယ်။ ပထမနေ့မှာတုန်းက အဆင်မပြေတာလေးတွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့လဲ ဒုတိယနေ့စကစားတော့ ပထမနေ့က အမှားတွေကျူးလွန်ခဲ့တယ်ဆိုတာကို မေ့ထားပြီး ပွဲအပေါ်မှာပဲ သေချာအာရုံစိုက်ခဲ့တယ်။ ပထမနေ့နဲ့လုံးဝမတူတဲ့ စိတ်ခံစားချက်ကိုရခဲ့သလို ရလဒ်ပိုင်းကလဲ သိသိသာသာကွာခြားခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။



Ref : RT

Trs : AZL

## အားကစားသတင်း အတိုအထွာများ

- လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကွင်းလယ်ကစားသမား ကယ်ဗင်ဖီးလစ်နှင့် ကစားသမားအများအပြားအသင်းမှထွက်ခွာမည်ဖြစ်ကြောင်း နည်းပြဂွါဒီယိုလာက ထုတ်ဖော်ပြောကြားခဲ့သည်။
- အဲဗာတန်အသင်းက အသစ်တည်ဆောက်နေသည့် ဘရမ်လေမိုရေးကွင်းသစ်တွင် လာမည့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ၌ စတင်ကစားနိုင်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။

ML

### ပရီးမီးယားလိဂ် ပွဲစဉ် (၁၇) ရလဒ်

| | | | | |
|---|---|---|---|---|
| ချဲလ်ဆီး | ၂ | - | ၀ | ရှက်ဖီးလ်(U) |
| မန်စီးတီး | ၂ | - | ၂ | ပဲလေ့စ် |
| နယူးကာဆယ် | ၃ | - | ၀ | ဖူလ်ဟမ် |

(ဝဠဝ)

# တရုတ်နိုင်ငံနှင့်ဆက်ဆံရေးကို သတိထားရန်လိုအပ်လာသည့် NATO အဖွဲ့

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (NATO) ခေါ် စစ်ရေးမဟာမိတ်အဖွဲ့သည် ကမ္ဘာ့နိုင်ငံများတွင် အဖွဲ့လိုက်လည်းကောင်း၊ တစ်နိုင်ငံချင်းစီပါဝင်ခြင်း ဖြင့်လည်းကောင်း စစ်ဆင်တိုက်ခိုက်မှုများပြုလုပ် ခဲ့သည်။ အဓိကအားဖြင့် ကမ္ဘာ့ဒေသအားလုံးတွင် ခြေဆန့်လုပ်ဆောင်လာနေသည်ကို ထင်ရှားစွာ မြင်တွေ့ရလျက်ရှိသည်။ သို့ရာတွင် အချို့နိုင်ငံများ သည် ၎င်းအဖွဲ့နှင့်မိတ်ဖက်နိုင်ငံများဖြစ်နေသည်ကို လည်း တွေ့ရသည်။ သာဓကအားဖြင့် NATO သည် ရုရှားနှင့် မူအားဖြင့်အားပြိုင်နေသည့်တိုင် ဒုတိယ စစ်အင်အားအကြီးမားဆုံး တူကီယဲသည် ရုရှားနှင့် ဆက်ဆံရေး အားကောင်းလျက်ရှိသည်။ ထိုနည်းတူ စွာပင် မျက်မှောက်ကာလတွင် တူကီယဲအပါအဝင် NATO အဖွဲ့ဝင်တချို့သည် တရုတ်နိုင်ငံနှင့်ဆက်ဆံ ရေး ကောင်းမွန်လျက်ရှိနေသည်။

NATO အတွင်းရေးမှူးချုပ် ဂျင်းန်စတိုလ်တန် ဘာ့ဂ်က ဥရောပ-အတ္တလန္တိတ် လုံခြုံရေးအတွက် တရုတ်နိုင်ငံထံမှ ပေါ်ပေါက်သည့် စိန်ခေါ်မှုများနှင့် ပတ်သက်၍ တရုတ်နိုင်ငံသည် NATO ၏ ရန်သူ မဟုတ်ဟု အလေးပေးပြောကြားခဲ့သည်။ သို့သော် လည်း NATO အနေဖြင့် အဖွဲ့လုံခြုံရေးအပေါ် အကျပ်ကိုင်သော တရုတ်မူဝါဒများ၏ အကျိုးသက် ရောက်မှုနှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်းရှုမြင် ရမည်ဟုဆိုသည်။ အပြန်အလှန်သက်ဆိုင်သည့်ကိစ္စ ရပ်များနှင့်ပတ်သက်၍ မဟာမိတ်များက တရုတ်နှင့် တွေ့ဆုံဆွေးနွေးမှုတွင် ပါဝင်နေသည်ကို ကြိုဆို ကြောင်း စတိုလ်တန်ဘာ့ဂ်က ပြောကြားခဲ့သည်။

မကြာသေးမီနှစ်များအတွင်းက NATO သည် တရုတ်နိုင်ငံ၏စိန်ခေါ်မှုများ တစိုက်မတ်မတ် အလေးပေးဖော်ပြခဲ့ပြီး အင်ဒို-ပစိဖိတ်ဒေသအတွင်း တရုတ်နိုင်ငံ၏ဩဇာလွှမ်းမိုးမှုကို ဟန်ချက်ညီရေး ထိန်းကျောင်းသည့်ရပ်တည်မှုကို ထင်ရှားစွာပြသ ခဲ့သည်။ တရုတ်နိုင်ငံကိုတန်ပြန်ရန် NATO ၏ စဉ်ဆက်မပြတ် အလေးပေးမှု၏နောက်ကွယ်မှစေ့ဆော် မှုများ၊ ဝယက်ရှိက်ခတ်မှုများနှင့်ပတ်သက်၍ မေးခွန်း ထုတ်လာသောကြောင့် NATO ၏ ရည်ရွယ်ချက်ရှိရှိ ဤရပ်တည်ချက်သည် စိုးရိမ်ပူပန်မှုများကိုဖြစ်ပေါ် စေခဲ့သည်။ NATO နိုင်ငံခြားရေးဝန်ကြီးများအစည်း အဝေးတွင် မဟာမိတ်၏မဟာဗျူဟာ ပြန်လည်ချိန်ညှိ မှုကိုနောက်ခံပြုသည့် ပထဝီနိုင်ငံရေးရှုပ်ထွေးမှု များကို လေ့လာဖော်ထုတ်ကာ တရုတ်နိုင်ငံအပေါ် NATO ၏ ပြောင်းလဲလာသော ချဉ်းကပ်မှု မတူကွဲပြားသည့် နယ်ပယ်များကို ကဏ္ဍအလိုက် ပိုင်းခြားရန် အခွင့်အလမ်းကို တင်ပြခဲ့ကြသည်။

NATO သည် စတင်ဖွဲ့စည်းချိန်မှစ၍ ဥရောပ ကို အဓိကအာရုံစိုက်ခဲ့သည်။ စစ်အေးတိုက်ပွဲအပြီးတွင် NATO ၏ရပ်တည်မှုကို ပြင်သစ်သမ္မတ အီမန်နျူ ရယ်လ်မက်ခရွန်က NATO ၏ ဦးနှောက်သေခြင်းဟူ သော အခိုင်အမာပြောကြားချက်နှင့်အတူ မေးခွန်း ထုတ်ခဲ့ကြသည်။ ပြဿနာများမှာ အချို့သောတပ်ဖွဲ့ များက တရုတ်နိုင်ငံ၏ခြိမ်းခြောက်မှုဇာတ်ကြောင်းကို စတင်ဝါဒဖြန့်ချိခဲ့ပြီး တရုတ်နိုင်ငံကို NATO ၏ ရန်ဘက်အဖြစ် ပုံဖော်ရန်ကြိုးပမ်းနေခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏ ဩဇာအာဏာကြီးထွားလာခြင်း ကြောင့်ပေါ်ပေါက်သည့် စိန်ခေါ်မှုများကို ၂၀၁၉ ခုနှစ် လန်ဒန်ထိပ်သီးအစည်းအဝေးတွင် NATO က ပထမဆုံးအကြိမ်အဖြစ် အသိအမှတ်ပြုခဲ့သည်။ NATO အဖွဲ့၏ ၂၀၂၂ ခုနှစ် မဟာဗျူဟာသဘောထား စာတမ်းက တရုတ်နိုင်ငံကို NATO ၏ အကျိုး စီးပွား၊ လုံခြုံရေး၊ တန်ဖိုးထားမှုများနှင့်အခြားအရာ များအတွက် စနစ်တကျပေါ်ပေါက်လာသော စိန်ခေါ် မှုတစ်ရပ်အဖြစ် စွပ်စွဲပြောဆိုသကဲ့သို့ တစ်ဖက်၌ လည်း အပြုသဘောဆောင်သောထိတွေ့ဆက်ဆံမှု ကို ဆက်လက်ထားရှိရန်လိုအပ်သည်ဟု ဖော်ပြခဲ့သည်။

အထူးသဖြင့် တရုတ်နိုင်ငံအပေါ် NATO ၏ စွပ်စွဲချက်များသည် နည်းပညာ၊ အရေးပါသောအခြေခံ အဆောက်အအုံများ၊ မဟာဗျူဟာမြောက် စစ်ပစ္စည်း များနှင့် ထောက်ပံ့ရေးကွင်းဆက်များကိုလွှမ်းခြုံရန် အတွက် ၎င်း၏စစ်ရေးနယ်ပယ်ကိုကျော်လွန်နေသည်။ NATO အဖွဲ့၏ ၂၀၃၀ ပြည့်နှစ်အစီအစဉ် အစီရင် ခံစာတွင် တရုတ်နိုင်ငံသည် စစ်အေးခေတ်သစ်၏ အမှတ်ရဖွယ်အငွေ့အသက်ကို ဖော်ဆောင်ပေးသည့် ဘက်စုံပါဝင်သော စနစ်တကျပြိုင်ဘက်အဖြစ် ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် NATO သည် ၎င်း၏ အင်ဒို-ပစိဖိတ်ဒေသဗဟိုပြုမှုကို အရှိန်မြှင့်ကာ အာရှ-ပစိဖိတ်ဒေသတွင်းမိတ်ဖက်များကို ရှာဖွေလျက်ရှိ သည်။ မြောက်အတ္တလန္တိတ်မှဝေးကွာသော ကမ္ဘာလုံး ဆိုင်ရာ မိတ်ဖက်နိုင်ငံ လေးနိုင်ငံဖြစ်သည့် ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံကို နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးများ၊ ကာကွယ် ရေးဝန်ကြီးများ အစည်းအဝေးများနှင့် ထိပ်သီးအစည်း အဝေးများတွင် ပါဝင်ရန်ဖိတ်ကြားလာခဲ့သည်။ NATO သည် ဂျပန်နိုင်ငံနှင့်ပြီးပြည့်စုံသည့် မိတ်ဖက် ဆက်ဆံရေး ထူထောင်ရန်ရည်ရွယ်ထားပြီး NATO ၏ ထိပ်တန်းဆိုက်ဘာကာကွယ်ရေးစင်တာတွင် ပါဝင် ရန် ကိုရီးယားနိုင်ငံကို ဖိတ်ကြားခဲ့သည်။ ၎င်းတို့သည် မြောင်ကျကျဖြစ်စေ သို့မဟုတ် လျှို့ဝှက်၍ဖြစ်စေ၊ မဟာဗျူဟာမြောက်တွေးခေါ်မှုနှင့် ကျင့်သုံးမှုတွင် ဖြစ်စေ ပြောင်းလဲလျက်ရှိသည်။

NATO သည် စစ်အေးခေတ်အယူဝါဒဆိုင်ရာ အတိုက်အခံများကို ပြန်လည်အသက်သွင်းခဲ့ပြီး ရုရှား၏ခြိမ်းခြောက်မှုနှင့်တရုတ်နိုင်ငံကို ချိတ်ဆက်ရန် ကြိုးပမ်းလျက်ရှိသည့် အင်ဒို-ပစိဖိတ်ဒေသကို အာရုံ စိုက်လာခဲ့သည်။ တရုတ်နိုင်ငံပတ်ဝန်းကျင်ရှိ မဟာ မိတ်များကို စဉ်ဆက်မပြတ်ရှာဖွေလျက်ရှိသည့် ၎င်း လှုပ်ရှားမှုများသည် အမေရိကန်၏ မဟာဗျူဟာ ရွေးချယ်မှုများနှင့် အနီးကပ်လိုက်လျောညီထွေဖြစ်ပြီး ပြင်းထန်သော အမေရိကန်၏ ဩဇာလွှမ်းမိုးမှုကို ထင်ရှားစေသည်။ သို့သော်လည်း အာရှ-ပစိဖိတ် ဒေသသို့ ကူးပြောင်းခြင်းနှင့် တရုတ်နိုင်ငံကို ထိပ်တိုက်ရင်ဆိုင်ခြင်းသည် NATO အဖွဲ့ဝင်နိုင်ငံ များစွာ၏ အကျိုးစီးပွားနှင့်မကိုက်ညီသကဲ့သို့ အာရှ- ပစိဖိတ်ဒေသရှိ နိုင်ငံများ၏လုံခြုံရေးလိုအပ်ချက် များကိုလည်း ဖြည့်ဆည်းပေးလိမ့်မည်မဟုတ်ပေ။

ဥရောပနိုင်ငံများသည် တရုတ်နိုင်ငံနှင့်အခြေခံ ပထဝီနိုင်ငံရေးပဋိပက္ခများ မရှိသေးဘဲ ၎င်းတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ရုရှား-ယူကရိန်း ပဋိ ပက္ခနှင့်စွမ်းအင်အကျပ်အတည်းကြောင့် သက်ရောက် မှုရှိနေပြီဖြစ်သည်။ အမေရိကန် သို့မဟုတ် NATO ၏ ရည်မှန်းချက်များပြည့်မီရန် ၎င်းတို့၏အကန့် အသတ်ရှိသော ငွေကြေးအရင်းအမြစ်များကို လမ်း ကြောင်းပြောင်း၍ မရပေ။ ယခုနှစ်တွင် ပြင်သစ် သမ္မတ မက်ခရွန်က ဂျပန်နိုင်ငံတွင် NATO ဆက်ဆံ ရေးရုံးများ ဖွင့်လှစ်ခြင်းကိုဆန့်ကျင်ခဲ့ပြီး ဟန်ဂေရီ နိုင်ငံခြားရေးဝန်ကြီး ပီတာဇီဂျီရာတိုက မိမိတို့သည် NATO ကို တရုတ်ဆန့်ကျင်ရေးအဖွဲ့ ဖြစ်စေလို ခြင်းမရှိဟု အတိအလင်းပြောကြားခဲ့သည်။ ဥရောပ သမဂ္ဂအနေဖြင့် တရုတ်ကိုထိန်းချုပ်မည့် အမေရိကန် ၏အစီအစဉ်နှင့်ချိတ်ဆက်ရန် ရည်ရွယ်ချက်မရှိမှုကို ညွှန်ပြနေသည်။

အမေရိကန်သည် NATO ကို ဘေးဖယ်ထားပြီး အမေရိကန်၊ ဗြိတိန်နှင့်ဩစတြေးလျတို့၏ သုံးနိုင်ငံ လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို တည်ထောင်ခြင်း နှင့် အမေရိကန်၊ ဂျပန်၊ အိန္ဒိယနှင့် ဩစတြေးလျတို့၏ လေးနိုင်ငံလုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို ထူထောင် ခြင်းဖြင့် အသေးစားပူးပေါင်းဆောင်ရွက်မှုကို ကြိုးပမ်း လျက်ရှိသောကြောင့် ၎င်းအနေဖြင့် အစဉ်အလာအရ မဟာမိတ်တို့၏ ပံ့ပိုးကူညီမှုသာ ရရှိမည်ဖြစ်သည်။ အမှန်တကယ်တွင် တရုတ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဥရောပအတွက် စိန်ခေါ်မှုများထက် အခွင့်အလမ်းများ ကို ပေးနေသည်။ အမေရိကန်နှင့်ဥရောပ နှစ်ခုစလုံး သည် တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှ သိသိသာသာ အကျိုးခံစားခဲ့ရပြီး Belt and Road Initiative ကဲ့သို့သော အစပျိုးမှုများမှတစ်ဆင့် တရုတ်နိုင်ငံသည် ၎င်း၏ဖွံ့ဖြိုးတိုးတက်မှုအသီးအပွင့် များကို ကမ္ဘာနှင့်ချိမျှဝေခဲ့သည်။ ကုလသမဂ္ဂငြိမ်းချမ်း ရေးထိန်းသိမ်းမှုလုပ်ငန်း၊ အီရန်နျူကလီးယားအရေး၊ ဆော်ဒီအာရေဗျနှင့် အီရန်တို့ကြား ပြန်လည်သင့် မြတ်ရေးအပါအဝင် နိုင်ငံတကာလုံခြုံရေးကိစ္စများ တွင် အပြုသဘောဆောင်သောအခန်းကဏ္ဍမှပါဝင်ခဲ့ သည်။ တရုတ်ခြိမ်းခြောက်မှုလုပ်ဇာတ်သည် ခိုင်မာ သော အခြေခံအုတ်မြစ်မရှိပေ။ အပြန်အလှန်အားဖြင့် တရုတ်နိုင်ငံ၏ ခြိမ်းခြောက်မှုကိုမြှင့်တင်ခြင်း၊ ထိပ် တိုက်ရင်ဆိုင်ရေးရပ်တည်ချက်များ လုပ်ဆောင်ခြင်း နှင့် အာရှ-ပစိဖိတ်ဒေသတွင် ဝင်ရောက်စွက်ဖက်မှု သည် နိုင်ငံတကာလုံခြုံရေးအတွက် စိန်ခေါ်မှုများ ဖြစ်စေသည်။

NATO ၏ စစ်အေးခေတ်လွန်သမိုင်းကို ဆန်းစစ် ကြည့်မည်ဆိုပါက စုပေါင်းလုံခြုံရေးခေါင်းစဉ်တပ်ကာ NATO သည် ၎င်း၏နယ်ပယ်ထက်ကျော်လွန်သည့် လုံခြုံရေးကိစ္စရပ်များတွင် တစ်ပြိုင်နက်တည်း ဝင်ရောက်စွက်ဖက်လျက်ရှိသည်။ ထို့ပြင် နယ်မြေ ပိုင်နက်အရေးနှင့် နိုင်ငံ၏အချုပ်အခြာအာဏာကို စွက်ဖက်ကာ နောက်ပြန်လှည့်၍မရနိုင်သော အဖြစ် ဆိုးများဆီသို့ ဦးတည်နေသည်မှာ ထင်ရှားနေသည်။ သမိုင်းဆိုင်ရာ အတွေ့အကြုံများက စံနှုန်းများကို ဦးစားပေးပြီး အကျိုးမရှိသည့် စစ်အေးတိုက်ပွဲတွင် ပါဝင်ခြင်းသည် နိုင်ငံများကြား အမြဲရှိနေမည့်လုံခြုံ ရေးအကျပ်အတည်းများကိုသာ ရေရှည်တည်ရှိစေမှုကို သက်သေပြနေသည်။ ၎င်းလုံခြုံရေးအကျပ်အတည်း များသည် စီးပွားရေး၊ နည်းပညာနှင့်ယဉ်ကျေးမှုနယ်ပယ် များထိ ကျယ်ပြန့်လာမည်ဆိုပါက နိုင်ငံတကာလုံခြုံ ရေးကို ထိခိုက်နိုင်ရုံသာမက နှစ်ဦးနှစ်ဖက်အကျိုးရှိ သော စီးပွားရေးနှင့်ယဉ်ကျေးမှုဖလှယ်မှုများကိုလည်း ထိခိုက်မည်ဖြစ်သည်။ အချုပ်အခြာအာဏာ၊ နယ်မြေ ပိုင်ဆိုင်မှု၊ လူ့အခွင့်အရေးနှင့် နိုင်ငံတကာဥပဒေကို လေးစားလိုက်နာသော ကမ္ဘာကြီးကိုတည်ဆောက်သည့် NATO ၏မျှော်မှန်းချက်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။

NATO သည် တရုတ်နိုင်ငံကို ၎င်း၏ချဉ်းကပ်မှု နှင့် ပတ်သက်၍ မဟာဗျူဟာမြောက်ရွေးချယ်မှု ကို ရင်ဆိုင်နေရသည်။ အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံမှုကို အားကောင်းစေမလား သို့မဟုတ် တရုတ်နိုင်ငံကို စနစ်တကျစိန်ခေါ်မှုအဖြစ် ပုံဖော်မလားဟူသည့် ရွေးချယ်ချက်ဖြစ်သည်။ နိုင်ငံ တကာလုံခြုံရေးအခင်းအကျင်း၏ ရှုပ်ထွေးမှုများနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးပြဿနာများကို ရင်ဆိုင်နေရသည့် NATO သည် မတူညီသည့်အဖွဲ့ အတွင်း အသံများကိုနားထောင်ကာ ၎င်း၏လုံခြုံရေး ဝန်းကျင်ကို ဂရုတစိုက်အကဲဖြတ်သင့်သည်။ စစ်အေး တိုက်ပွဲသို့ ပြန်သွားသည့်လမ်းကြောင်းကို ရှောင်ကြဉ် သင့်ပြီး တရုတ်နိုင်ငံကိုဆန့်ကျင်သည့် ရှေ့ပြေးတပ် အဖြစ် ရပ်တည်မှုနှင့်ဆိုးရွားပြင်းထန်သော အရှိန် အဟုန်သံသရာတွင် ရောထွေးသွားခြင်းမှရှောင်ကြဉ် သင့်သည်။ တရုတ်နိုင်ငံနှင့် ၎င်း၏ဆက်ဆံရေးလမ်း ကြောင်းကို လျှောက်လှမ်းရာတွင် NATO သည် စဉ်းစားဆင်ခြင်မှုဖြင့် ဆက်လက်လုပ်ဆောင် ရမည်ဖြစ်သည်။

လွှမ်းခြုံကြည့်မည်ဆိုပါက NATO သည် ဥရောပ တွင်သာမက အင်ဒို-ပစိဖိတ်ဒေသတွင်ပါ ခြေဆန့်ရေး လုပ်ဆောင်လာသည်ကို တွေ့ရသည်။ သို့သော်လည်း NATO ကို အဓိကလွှမ်းမိုးသည့် အမေရိကန်က NATO မပါရှိဘဲ အာရှရှိ အိန္ဒိယ၊ ဂျပန်၊ ဩစတြေးလျ တို့ပါဝင်သည့် Quad ကိုလည်းကောင်း၊ ဩစတြေးလျ နှင့်ဗြိတိန်ပါသည့် AUKUS ကိုလည်းကောင်း လုပ် ဆောင်လာမှုက ကနဦးခြေလှမ်းများ ဖြစ်သော်လည်း အဖွဲ့ဝင်တချို့အတွက် မကျေနပ်မှုကိုဖြစ်ပေါ်စေသည်။ တရုတ်နိုင်ငံအနေဖြင့် ဥရောပသမဂ္ဂနှင့်စီးပွားရေးအရ ခိုင်မာသည့်ဆက်ဆံရေးကို ထူထောင်ထားသော်လည်း ဥရောပက ၎င်းအပေါ် ခြိမ်းခြောက်မှုအဖြစ်ရှုမြင်မှုကို လက်ခံလိုခြင်း မရှိပေ။ သို့ဖြစ်၍ NATO အနေဖြင့် အမေရိကန် စေ့ဆော်မှုကြောင့်ဖြစ်ပေါ်ခဲ့သည့် ရုရှား နှင့်ပြိုင်ဆိုင်မှုကဲ့သို့ ဒေသတွင်းတရုတ်နှင့် ထိပ်တိုက် ရင်ဆိုင်မှုအသွင်သို့ ရောက်ရှိလိုခြင်းမရှိပါက တရုတ် နှင့်ဆက်ဆံရေးကို သတိပြုလုပ်ဆောင်ရန် လိုအပ်မည် ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

❖ NATO သည် တရုတ်နိုင်ငံကို ၎င်း၏ချဉ်းကပ်မှုနှင့်ပတ်သက် ၍ မဟာဗျူဟာမြောက်ရွေးချယ်မှုကို ရင်ဆိုင်နေရသည်။ အပြုသဘော ဆောင်သော ထိတွေ့ဆက်ဆံမှုကို အားကောင်းစေမလား သို့မဟုတ် တရုတ်နိုင်ငံကို စနစ်တကျစိန်ခေါ်မှုအဖြစ် ပုံဖော်မလားဟူသည့် ရွေးချယ် ချက်ဖြစ်သည်။ နိုင်ငံတကာလုံခြုံရေးအခင်းအကျင်း၏ ရှုပ်ထွေးမှုများ နှင့်သမားရိုးကျမဟုတ်သော လုံခြုံရေးပြဿနာများကို ရင်ဆိုင်နေရသည့် NATO သည် မတူညီသည့်အဖွဲ့အတွင်း အသံများကိုနားထောင်ကာ ၎င်း၏လုံခြုံရေးဝန်းကျင်ကို ဂရုတစိုက်အကဲဖြတ်သင့်သည်။ ❖

**ကိုးကား**

- **China Daily, NATO needs caution in handling relations with China.**

**နေရှား(သုတေသန)**

# Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win visits military officers and other ranks, members of Myanmar Police Force and people's militia forces, who were wounded while serving national defence and security duties, gives words of encouragement to families


Vice-Senior General Soe Win comforts a patient.


Vice-Senior General Soe Win gives food to a patient.

**Nay Pyi Taw December 16**

Vice Chairman of State Administration Council Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, accompanied by wife Daw Than Than Nwe, senior military officers from Office of Commander-in-Chief, the North-East Command commander and officials, visited military officers and other ranks, members of Myanmar Police Force and people's militia forces, who were wounded while serving national defence and security duties, at the local military hospital in Lashio, Shan State (North) this morning and gave words of honour and encouragement.


First, the Vice-Senior General and wife and senior military officers, who accompanied them, arrived at the hospital and were welcomed by the hospital commandant and officials.

The Vice-Senior General and wife and party asked after the injury conditions, medical treatment, recovery rate, and improvement of health of officers, other ranks, MPF members and people militia forces, who were receiving treatment at the hospital, and looked into the requirements of officers and other ranks. The Vice-Senior General and party also gave them honorary cash awards, food and warm blankets.

Moreover, the Vice-Senior General presented cash awards for hospital staff through the commandant.

The Vice-Senior General and wife and party cordially gave words of encouragement to wives of soldiers and family members staying at the local battalions and units in Lashio and looked into their requirements through coordinated measures. He then presented clothes, kitchen utensils, cash assistance and foodstuff, provided by the Chairman of State Administration Council Prime Minister Commander-in-Chief of Defence Services for them. 100


Vice-Senior General Soe Win gives food to Tatmadaw families from local battalions and units.


Vice-Senior General Soe Win encourages Tatmadaw families from local battalions and units.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Low water level in Ayeyawady River is dangerous for ships traveling side-by-side through bridges


A jetty busy with loading and unloading goods.

**Mandalay December 16**

During the low water period of the Ayeyawady River, it would be dangerous for ships to pass side-by-side through the large bridges, said U Ye Tun Lin Aung, assistant director of water navigation department under the Directorate of Water Resources and Improvement of River Systems for Region-5, Mandalay Region.

"Now that the water level is low, ships crossing the river bridges should not enter at high speed and then should not drive two ships side-by-side. In addition, they should not turn close to the bridge when they reach the big river bridge. Driving like this could be dangerous if they collide with the pillars at the bottom of the big bridge," he continued.

During the current period of low water in the Ayeyawady River, in order to avoid the occurrence of accidents in waterways, it is necessary for the vessels to load according to the specified water depth limit depending on the river water level.

184

# Locals from Yamethin Township plant 10,593 acres of kitchen crops in this winter crop season

**Yamethin December 16**

A total of 10,593 acres of kitchen crops have been planted in the winter crop season in Yamethin Township, Mandalay Township, said U Aung Myo Thant, head of the Department of Agriculture.

In the township, 11,800 acres of vegetables were planned to be planted in the winter crop season this year, and since the third week of October, 10,593 acres of kitchen crops have been planted.

As the kitchen crops can be grown, the family's income will increase and employment opportunities will also be available.

"During the winter crop planting period this year, we planned to plant 11,800 acres of kitchen crops and vegetables. By planting kitchen crops, we will be able to sell locally produced crops and increase family income. The planted vegetables are also pest-free. In order to grow kitchen crops beyond the target, the department will provide seeds, marketable crops, technology and other support principles. We are continuing to cultivate the remaining acres," he explained.


A kitchen crop plantation.

185

# Magway Region attracts travellers to 10 destinations with 58 hotels and lodges by November

**Magway December 16**

The Ministry of Hotels and Tourism on 14 December stated that Magway Region operates 58 hotels and lodges for travellers to pay visits to 10 destinations at the end of November this year.

As now is high season, travellers and pilgrims make tours across the nation. Hence, tourism services are active again to give services to travellers. In this regard, hotels, lodges and tour agencies as well as restaurants are also making preparations to provide services to the travellers in Magway Region.

According to the Ministry of Hotels and Tourism, the region operates 57 hotels and lodges, 10 destinations and five restaurants in the region till the end of November this year.

These hotels and lodges are located as 22 in Magway, one in Natmauk, four in Minbu, one each in Minhla, Aunglan, Pwintbyu and Salin, three in Taungdwingyi, three in Yenangyoung, two in Chauk, 15 in Pakokku, and four in Gangaw, totalling 57.

Likewise, a total of 10 destinations are being operated in Magway, Minbu, Minhla, Taungdwingyi, Natmauk, Pwintbyu, Salin, Yenangyoung, Sale and Pakokku townships.

In this regard, Magway Myathalun Pagoda and strand road are set as destinations in Magway, Sekkeinte Pagoda and Nagapwet Hill in Minbu, Minhla fort and Kwaychaung fort in Minhla, ancient Beikthanoe city in Taungdwingyi, General Aung San House Museum in Natmauk, Sandaku Natha monastery in Pwintbyu, Wetthe Lake in Salin, Salei region in Yenangyoung, Sale Yokesone monastery in Sale and ancient Pakhangyi city and pagodas in Pakokku. In addition, Kyundaw Village was set as community based tourism site in Magway Township.

In Kyundaw Village, there are 26 ancient pagodas without damage and many collapsed pagodas. Mural paintings in Bagan era can be observed at temples and stupas. At present, local authorities are seeking approval of the regional tourism work committee for operating the village as destination for travellers.

336

# Russia's Top Diplomat Lavrov: West Not Eager to Establish Palestinian State

**Moscow December 16**

Russian Foreign Minister Sergey Lavrov said that neither Israel nor its Western allies want Palestinians to establish an independent state in the occupied territories of Gaza and the West Bank on Wednesday.

"Judging by the stance taken by the West, they are not going to have a Palestinian state established. Our data suggests that the West and the current Israeli government do not want Gaza to be united with the West Bank, as required by the decision to create a state," Lavrov told the upper house of the Russian parliament.

The top Russian diplomat referred to United Nations Resolution 181 as the grounds for establishing a separate Palestinian state. In 1947, the UN General Assembly voted 33-13 to divide UK-governed Palestine into Arab and Jewish states, with Jerusalem placed under a special international regime. The partitioning was planned to take place in May 1948 when the British mandate was due to end, but only the state of Israel was established.

Palestinians seek diplomatic recognition of their independent state in the territories of the West Bank, including East Jerusalem, which is partially occupied by Israel, and the Gaza Strip. The Israeli government refuses to recognize Palestine as an independent political and diplomatic entity and builds settlements in the occupied areas despite objections from the UN.

At the same time, Lavrov said that Russia will never support agreements that threaten Israel's security and neglect the interests of the Palestinian state.

Sputnik

# South Korea, Netherlands to Create 'Semiconductor Alliance'

**Moscow December 16**


South Korean President Yoon Suk-yeol has said during his ongoing trip to the Netherlands that the two countries would upgrade their relationship to a "semiconductor alliance" to bolster national security.

"Semiconductors are an important area not only for our industries but also for our security ... Through this visit, the semiconductor cooperation between South Korea and the Netherlands will be upgraded to a semiconductor alliance," Yoon was quoted by South Korean news agency Yonhap as saying during a meeting with the Korean community in Amsterdam on Monday.

The South Korean president is scheduled to visit the headquarters of Dutch semiconductor equipment maker ASML Veldhoven on Tuesday, together with Samsung Executive Chairman Lee Jae-yong and SK Chairman Chey Tae-won.

South Korea is a leading chipmaker, while the Netherlands is home to many chipmaking equipment companies.

Sputnik



# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ဂျာမနီစစ်ဘက်နှင့် Airbus Helicopters ကုမ္ပဏီတို့ H145M ရဟတ်ယာဉ်ဝယ်ယူရန်စာချုပ် ချုပ်ဆို



ဂျာမနီစစ်ဘက် (Bundeswehr)နှင့် Airbus Helicopters ကုမ္ပဏီတို့သည် ဘက်စုံသုံး H145Mရဟတ်ယာဉ် ၈၂ စင်း (ကုမ္ပဏီမှ တိုက်ရိုက်ဝယ်ယူမှု ၆၂ စင်းနှင့် အခြားရွေးချယ်ဝယ်ယူမှု အစင်း ၂၀) ဝယ်ယူမှုအတွက် စာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း www.airbus.com ဝက်ဘ်ဆိုက်တွင် ဒီဇင်ဘာ ၁၄ ရက်က ထုတ်ပြန်ကြေညာထားသည်။

ဂျာမနီစစ်ဘက်(Bundeswehr)သည် H145M ရဟတ်ယာဉ် ၈၂ စင်းထိမှာယူရန် ဆုံးဖြတ်ခဲ့ခြင်းအတွက် ဂုဏ်ယူမိပါသည်ဟု Airbus Helicopters ကုမ္ပဏီ CEO ဖြစ်သူ Bruno Even က ပြောကြားခဲ့ကြောင်း သိရသည်။

H145M သည် ဘက်စုံသုံးရဟတ်ယာဉ်ဖြစ်ပြီး ဂျာမနီလေတပ်အနေဖြင့် ၎င်း၏ H145M LUH အထူးစစ်ဆင်ရေးတပ်ဖွဲ့သုံးရဟတ်ယာဉ်အုပ်ဖြင့် စစ်ဆင်ရေးအတွေ့အကြုံ များစွာပိုင်ဆိုင်ထားခဲ့ပြီးဖြစ်သည်။ စာချုပ်လက်မှတ်ရေးထိုးပြီး ၂၀၂၄ ခုနှစ်တွင် ပထမဦးဆုံးလွှဲပြောင်းပေးအပ်ခြင်းများ လုပ်ဆောင်နိုင်ရန် မျှော်မှန်းထားပြီး စာချုပ်ပါ အချိန်ဇယားနှင့်အညီ အကောင်အထည်ဖော် လုပ်ဆောင်နိုင်စေရန် အာမခံချက်ပေးနိုင်ကြောင်း Bruno Even က ပြောကြားခဲ့သည်။

H145M ရဟတ်ယာဉ်သည် ရည်မှန်းချက်တာဝန်မျိုးစုံကို ကျယ်ပြန့်စွာ ထမ်းဆောင်နိုင်စွမ်းရှိသည်။ မိနစ်ပိုင်းအတွင်း ရဟတ်ယာဉ်ကို Axial Ballistic မြန်နှုန်းမြင့်၊ ပဲ့ထိန်းလက်နက်စနစ်များနှင့် ခေတ်မီ ကာကွယ်ရေးစနစ်တို့ပါရှိသော အပေါ့စားတိုက်ခိုက်ရေးကဏ္ဍမှ လျင်မြန်စွာတပ်ဖြန့်အသုံးပြုနိုင်သော စက်ပစ္စည်းကိရိယာများ တပ်ဆင်ပေးထားသည့် အထူးစစ်ဆင်ရေးတပ်ဖွဲ့သုံး ရဟတ်ယာဉ်ထိ အမျိုးမျိုးပြောင်းလဲအသုံးပြုနိုင်မည်ဖြစ်သည်။ ထို့ပြင် ကုန်တင်ကုန်ချ သယ်ယူပို့ဆောင်ခြင်းပါ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

ဂျာမနီစစ်ဘက်အတွက် ထုတ်လုပ်ပေးမည့် H145M ရဟတ်ယာဉ်ဗားရှင်းသစ်တွင် လူပါ၊ လူမဲ့ပေါင်းစည်းလုပ်ဆောင်နိုင်မှုနှင့် အဆင့်မြင့်တင်ထားသော Data Links နှင့် Communication စနစ်များ အပါအဝင် အနာဂတ်မစ်ရှင်စွမ်းရည်များအတွက် ရွေးချယ်စရာအချက်များ ပါဝင်လာမည်ဖြစ်သည်။

မှာယူထားသည့် H145Ms ရဟတ်ယာဉ်များ၏ အခြေခံဗားရှင်းတွင် Airbus Helicopters ကုမ္ပဏီက ဖန်တီးထားသည့် HForce လက်နက်စီမံခန့်ခွဲမှုစနစ် အပါအဝင် သတ်မှတ်ထားသောပြဋ္ဌာန်းချက်များအတိုင်း တပ်ဆင်ပေးထားမည်ဖြစ်သည်။ ၎င်းသည် ဂျာမနီစစ်ဘက်ကို စစ်ဆင်ရေးနှင့် တိုက်ခိုက်ရေးတွင် အသုံးပြုသည့် ရဟတ်ယာဉ်အမျိုးအစားအတိုင်း လေယာဉ်မှူးများကို လေ့ကျင့်နိုင်စေမည်ဖြစ်သည်။ လေ့ကျင့်ရေးအတွက် သီးခြားအကုန်အကျခံစရာမလိုဘဲ အမြင့်မားဆုံးကျွမ်းကျင်ပိုင်နိုင်မှုကိုရရှိစေရန် ဒီဇိုင်းထုတ်ထားသည်။

H145M ရဟတ်ယာဉ်သည် အပေါ့စား အင်ဂျင်နှစ်လုံးတပ် H145 ရဟတ်ယာဉ်၏ စစ်ဘက်သုံးဗားရှင်းပင်ဖြစ်သည်။ H145 အုပ်စုဝင် ကမ္ဘာလုံးဆိုင်ရာ ရဟတ်ယာဉ်အုပ်များတွင် ယခုအခါ ပျံသန်းမှုနာရီပေါင်း ခုနစ်သန်းကျော်ထိ ရောက်ရှိနေပြီဖြစ်သည်။

ကမ္ဘာတစ်ဝန်းရှိ စစ်ဘက်နှင့်တရားဥပဒေစိုးမိုးရေးတပ်ဖွဲ့များက လက်ရှိဝယ်ယူအသုံးပြုနေကြသည်။ ဂျာမနီစစ်ဘက်သည် အထူးတပ်ဖွဲ့တွင် H145M LUH SOF ၁၆ စင်းနှင့် H145 LUH SAR ကယ်ဆယ်ရေး ရဟတ်ယာဉ် ရှစ်စင်းပိုင်ဆိုင်ထားပြီးဖြစ်သည်။ UH-72 Lakota အမည်ဖြင့် H145 အုပ်စုဝင်ရဟတ်ယာဉ်အစင်း ၅၀၀ ခန့်ကို အမေရိကန်ကြည်းတပ်တွင်တပ်ဖြန့်အသုံးပြုလျက်ရှိသည်။ H145M ရဟတ်ယာဉ်၏ လက်ရှိ အော်ပရေတာများမှာ ဟန်ဂေရီ၊ ဆားဘီးယား၊ ထိုင်းနှင့် လူဇင်ဘတ်နိုင်ငံတို့ဖြစ်သည်။ ဆိုက်ပရပ်စ်နိုင်ငံကလည်း ရဟတ်ယာဉ် ခြောက်စင်းကို မှာယူထားကြောင်း သိရသည်။

**Airbus Helicopters and German Armed Forces sign largest H145M contract ကို ဘာသာပြန်ဆိုထားပါသည်။**

## အကြမ်းဖက်မှုနှိမ်နင်းရေးအတွက် အမေရိကန်ဒရုန်းအခြေစိုက်စခန်းများကို ပါကစ္စတန်ပြည်နယ်ဝန်ကြီးက ကမ်းလှမ်း

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် လုံခြုံရေးဝန်ထမ်း ၂၃ ဦး သေဆုံးခဲ့သဖြင့် အကြမ်းဖက်မှုတန်ပြန်နှိမ်နင်းရေးအတွက် အမေရိကန် ဒရုန်းအခြေစိုက်စခန်းများကို ပါကစ္စတန်ပြည်နယ် ဝန်ကြီး Jan Achakzai က အဆိုပြုကမ်းလှမ်းခဲ့ကြောင်း Defense Post သတင်းဌာနက ဒီဇင်ဘာ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Balochistan ပြည်နယ် ယာယီပြန်ကြားရေးဝန်ကြီး Jan Achakzai က တိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် Khyber Pakhtunkhwa နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် အာဖဂန်နစ္စတန်တွင် လက်တုံ့ပြန်တိုက်ခိုက်မှုများအပါအဝင် အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးများ ဆောင်ရွက်ပေးနိုင်ရေး ကမ်းလှမ်းခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

အထူးပစ်မှတ်ထား တိုက်ခိုက်ရမည့် စစ်ဆင်ရေးများ၊ လေကြောင်းတိုက်ခိုက်မှုများ၊ အာဖဂန်နစ္စတန်နှင့်နယ်စပ်ဝင်၊ ထွက်ပိတ်ပင်ခြင်း၊ အာဖဂန်နစ္စတန်မှ ဒုက္ခသည်များ ပြန်လည်ဝင်ရောက်လာခြင်း၊ Tehrik-i-Taliban Pakistan(TTP) အဖွဲ့ကို ဆန့်ကျင်သည့် နိုင်ငံရေးအတိုက်အခံများစုဝေးခြင်း စသည့်နည်းလမ်းပေါင်းစုံကို ထည့်သွင်းစဉ်းစားရမည်ဟု ဝန်ကြီး၏တွစ်တာတွင် ရေးသားထားသည်ကို တွေ့ရသည်။

"နောက်ဆုံးတစ်ချက်ကတော့ အာဖဂန်နစ္စတန်မှာရှိတဲ့ Al Qaeda (AlQ) နဲ့ တခြားစစ်သွေးကြွတွေ ခိုအောင်းရာနေရာတွေကို ပစ်မှတ်ထားတိုက်ခိုက်သွားဖို့ အမေရိကန် ဒရုန်းစခန်းတွေကို အဆိုပြုကမ်းလှမ်းသွားဖို့ဖြစ်တယ်"ဟု Jan Achakzai က ပြောကြားခဲ့သည်။

အစ္စလာမာဘတ်သည် တိုက်ခိုက်မှုကျူးလွန်သူများကို လွှဲပြောင်းပေးအပ်ရန်၊ အာဖဂန်နစ္စတန် ယာယီအစိုးရကို ပါကစ္စတန်ဆန့်ကျင်ရေး စစ်သွေးကြွများ ချက်ချင်းအတည်ပြု အရေးယူမှုများ ပြုလုပ်ပေးနိုင်ရန်နှင့် လွှဲပြောင်းပေးနိုင်ရန် တောင်းဆိုထားသည်။

Tehreek-i-Jihad Pakistan (TJP) အဖွဲ့သည် Dera Ismail Khan မြို့ရှိ စစ်ဘက်ဆိုင်ရာလုံခြုံရေး စစ်ဆေးရေးဂိတ်တစ်ခုသို့ ဖောက်ခွဲရေးပစ္စည်းများ တင်ဆောင်ထားသည့် ထရပ်ကားတစ်စီးဖြင့် အကြမ်းဖက်သမားခြောက်ဦးက တိုက်ခိုက်ခဲ့မှုအတွက် တာဝန်ရှိကြောင်း ဒီဇင်ဘာ ၁၁ ရက်က ထုတ်ဖော်ပြောဆိုခဲ့ပြီးဖြစ်သည်။

TJP အဖွဲ့သည် ပိတ်ပင်တားမြစ်ထားသော Tehreek-i-Taliban Pakistan (TTP) အဖွဲ့ကြီး၏ အခြားနာမည်သာဖြစ်ကြောင်း ပါကစ္စတန်အာဏာပိုင်များက ဆိုသော်လည်း TJP အဖွဲ့က TTP စစ်သွေးကြွအဖွဲ့နှင့်ဆက်နွယ်မှုမရှိကြောင်း ငြင်းဆိုထားသည်။



TTP အဖွဲ့သည် ပါကစ္စတန်-အာဖဂန်နစ္စတန်နယ်စပ်တစ်လျှောက်တွင် လှုပ်ရှားနေသော လက်နက်ကိုင်အစ္စလာမ္မစ်အုပ်စုဝင် အဖွဲ့အစည်းအသီးသီး၏ ခိုလှုံရာအဖွဲ့အစည်းကြီးတစ်ခုဖြစ်သည်။ အဆိုပါအဖွဲ့အစည်းသည် ၂၀၀၇ ခုနှစ်က ဖွဲ့စည်းခဲ့ပြီး အာဖဂန်တာလီဘန်များနှင့် အတွေးအခေါ်ဆိုင်ရာ ဆက်နွယ်မှုများရှိခဲ့သည်။ ပါကစ္စတန်ရှိ တာလီဘန်အဖွဲ့ဝင် အများအပြားကို လက်ခံပေးထားခြင်းအပါအဝင် အမေရိကန်ဦးဆောင်သော နိုင်ငံတကာ ညွန့်ပေါင်းအဖွဲ့ကို တန်ပြန်နှိမ်နင်းရာတွင် အာဖဂန်တာလီဘန်များကို ၂၀၂၀ ခုနှစ်ထိ ကူညီပေးနိုင်ခဲ့သည်။

အာဖဂန်နစ္စတန် နယ်စပ်တစ်လျှောက် ပါကစ္စတန်နိုင်ငံ လူမျိုးစုပေါင်းစုံနေထိုင်ရာဒေသများ၌ အမေရိကန်သည် ၂၀၀၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်ထိ တာလီဘန်နှင့် အယ်လ်ကိုင်ဒါစစ်ဆင်ရေးများတွင် ထောင်နှင့်ချီ၍ ဒရုန်းတိုက်ခိုက်မှုများလုပ်ဆောင်နိုင်ခဲ့သည်။ တိုက်ခိုက်မှုများကြောင့် အရပ်သားများစွာ သေဆုံးခဲ့ကြရပြီး နိုင်ငံတွင်း အမေရိကန် ဆန့်ကျင်ရေးစိတ်ဓာတ်များ ပိုမိုကြီးထွားလာစေခဲ့တော့သည်။

**Pakistan Minister Proposes Drone Bases to US for Counter-terrorism ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၁၅၅၉၀ စိုက်ပျိုးပြီးစီး


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၁၅၅၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၁၅၆၀၉ ဧကကို ယခုနှစ် အောက်တိုဘာလမှစတင်၍ လျာထားစိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၅၅၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ်မှာ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ နှမ်း ၁၅၆၀၉ ဧက လျာထားစိုက်ပျိုးခဲ့ရာ အခု ဧက ၁၅၅၉၀ စိုက်ပျိုးပြီးပါပြီ။ လျာထားချက်ပြည့်မီစွာစိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP စနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၁၅၆၀၉ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP စနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# မံစီမြို့နယ် ချောင်းထောက်ကျေးရွာ၌ ဘက်စုံသုံးခန်းမဆောက်လုပ်နေမှု စစ်ဆေး

**မံစီ ဒီဇင်ဘာ ၁၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းထောက်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ဘက်စုံသုံးခန်းမ ဆောက်လုပ်နေမှုကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတန်ဂျီးနှင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ဆောင်ရွက်သည့် ချောင်းထောက်ကျေးရွာဘက်စုံသုံးခန်းမ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှ တာဝန်ရှိသူများကို မှာကြားခဲ့သည်။



မံစီမြို့နယ် ချောင်းထောက်ကျေးရွာ၌ အလျား ၅၅ ပေ၊ အနံ ၂၇ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမ ဆောက်လုပ်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာဘက်စုံသုံးခန်းမ ဆောက်လုပ်ပြီးစီးပါက ကျေးရွာ၏ လူမှုရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မံစီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇေဦး(မောရှမ်းမြေ)**

# မိုင်းရှူးမြို့နယ် ကုန်းစံ(နောက်)ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုင်းရှူး ဒီဇင်ဘာ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဆော့ကျေးရွာအုပ်စု ကုန်းစံ(နောက်) ကျေးရွာ၌ ဒုတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းရှူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်းက ကုန်းစံ(နောက်)ကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ကုန်းစံ(နောက်)ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေ ကျပ် ၃၂၄ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကုန်းစံ(နောက်)ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၂၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၆-၁၂-၂၀၂၃**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုပေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဝိယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၂၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၃၀၀၀/၁၃၅၀၀ |
| **ဓာတ်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၂၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၉၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၂၂၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၄၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၅၉၅ |

**(သာ ဓာတ်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့ခိုင်ကောင်းအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများထုတ်ပြန်

ယမန်နေ့မှအဆက်

၁၁။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၀ တွင်-

(က) နည်းဥပဒေခွဲ (က) ၌ ပါရှိသော "မှတ်ပုံတင်ပြီး" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) နည်းဥပဒေခွဲ (ဃ) နှင့် (င) တို့ကို ပယ်ဖျက်ရမည်။

၁၂။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၁ တွင်-

(က) ခြေဆင်း၌ပါရှိသော "မှတ်ပုံတင်ခြင်း" ဆိုသည့် စကားရပ်နှင့် "မှတ်ပုံတင်ပယ်ဖျက်ခြင်းလုပ်ငန်းများနှင့်" ဆိုသည့် စကားရပ်တို့ကို ပယ်ဖျက်ရမည်။

(ခ) နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(က) ဗဟိုအဖွဲ့၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ခရိုင်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့များ၏ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲမှုအဖွဲ့၏ လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်မှုကို တာဝန်ယူကြီးကြပ်ခြင်း၊"

(ဂ) နည်းဥပဒေခွဲ (ခ) ၌ ပါရှိသော "ဆေးဝါးသုံးစွဲသူမှတ်ပုံတင်ဌာနနှင့်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၁၃။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၂။ တာဝန်ခံဆရာဝန်သည် ဆေးဝါးသုံးစွဲသူများအား ဆေးကုသပေးခြင်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို ကုသရေးဦးစီးဌာန၏ညွှန်ကြားချက်နှင့်အညီ ပြုစုပြီး ဗဟိုအဖွဲ့နှင့် ဆေးကုသရေးအဖွဲ့သို့ အစီရင်ခံရမည်။"

၁၄။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ (က) ဆေးဝါးသုံးစွဲသူ ကုသရေးဌာနများမှအပ အခြားဆေးရုံ၊ ဆေးခန်း၊ ဆေးကုဂေဟာ သို့မဟုတ် အခြားနေရာတစ်ခုခုရှိ ဆရာဝန်တစ်ဦးဦးသည် ၎င်းထံသို့ ဆေးဝါးကုသရန် ရောက်ရှိလာသော ဆေးဝါးသုံးစွဲသူကိုတွေ့ရှိလျှင် သက်ဆိုင်ရာ ဆေးဝါးသုံးစွဲသူကုသရေး ဌာနသို့ သွားရောက်ကုသရန် ညွှန်ကြားပေးရမည်။

(ခ) ဆေးဝါးသုံးစွဲသူကုသရေးဌာနများမှအပ အခြားဆေးရုံ၊ ဆေးခန်း၊ ဆေးကုဂေဟာ သို့မဟုတ် အခြားနေရာတစ်ခုခုတွင် ခွင့်ပြုချက်မရှိဘဲ ဆေးဝါးသုံးစွဲသူအား ဆေးဝါးကုသပေးလျှင် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သလို အရေးယူဆောင်ရွက်ရမည်။ သို့ရာတွင် ဆေးစွဲလူနာတစ်ဦးအား အရေးပေါ် အသက်ကယ်ကုသခြင်းနှင့် မသက်ဆိုင်စေရ။"

၁၅။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၅ နည်းဥပဒေခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဂ) ပြန်လည်ထူထောင်ရေးသင်တန်း တက်ရောက်ပြီးသူများအား ၎င်းတို့တတ်စွမ်းသည့်ပညာဖြင့် အသက်မွေးဝမ်းကျောင်းမှုပြုနိုင်ရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ ပြန်လည်နေရာချထားပေးခြင်းနှင့် ဆေးဝါးပြန်လည်သုံးစွဲမှုမဖြစ်ပေါ်ရေးအတွက် ဆက်လက်စောင့်ရှောက်ခြင်း၊"

၁၆။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၇ တွင်-

(က) နည်းဥပဒေခွဲ (ခ) ကို ပယ်ဖျက်ရမည်။

(ခ) နည်းဥပဒေခွဲ (ဃ) ၏နောက်တွင် နည်းဥပဒေခွဲ (င) နှင့် (စ) တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(င) ဥပဒေပုဒ်မ ၁၅ အရ လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်စေသော ဆေးဝါးသုံးစွဲသူအား လိုအပ်ပါက ပြန်လည်ထူထောင်ရေးစခန်းသို့ပို့ဆောင်ရန် သက်ဆိုင်ရာ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(စ) ဆေးဝါးသုံးစွဲသူအား အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်။"

၁၇။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၇ ၏နောက်တွင် နည်းဥပဒေ ၁၇-က အဖြစ် အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"၁၇-က။(က) မြို့နယ်ရဲတပ်ဖွဲ့မှူး သို့မဟုတ် ရဲစခန်းမှူးသည် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်သော ဆေးဝါးသုံးစွဲသူအား ပြန်လည်ထူထောင်ရေးစခန်းသို့ ပြန်လည်ပို့ဆောင်ရန်လိုအပ်ပါက မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

(ခ) မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့သည် နည်းဥပဒေခွဲ (က) အရ ဖြစ်စေ၊ နည်းဥပဒေ ၁၇ နည်းဥပဒေခွဲ (င) အရ ဖြစ်စေ ညှိနှိုင်းချက်နှင့်စပ်လျဉ်း၍ ဆေးဝါးသုံးစွဲသူအား ပြန်လည်ထူထောင်ရေးစခန်းသို့ပို့ဆောင်ရန် လိုအပ်သလိုစီမံဆောင်ရွက်ရမည်။"

၁၈။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ အခန်း (၃)၊ ပြန်လည်ထူထောင်ခြင်းအခန်းတွင်ပါရှိသော မူလနည်းဥပဒေ ၁၈ ကို ပယ်ဖျက်ရမည်။

၁၉။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ အခန်း (၃) ၏ နောက်တွင် အခန်း (၃-က)၊ အခန်းခေါင်းစဉ်၊ နည်းဥပဒေ ၁၈ နှင့် ၁၈-က တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"အခန်း (၃-က)

လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်စေခြင်း

၁၈။ (က) ပြန်လည်ထူထောင်ရေးစခန်းတာဝန်ခံသည် ဆေးဝါးသုံးစွဲသူ လိုက်နာရမည့်ညွှန်ကြားချက်များနှင့် စည်းကမ်းချက်များကို စခန်းအလိုက် ပြန်လည်ထူထောင်ရေးဦးစီးဌာန၏ အတည်ပြုချက်ဖြင့် သတ်မှတ်ထုတ်ပြန်နိုင်သည်။

(ခ) ဆေးဝါးသုံးစွဲသူသည် ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ထားသည့်ကာလအတွင်း စခန်းကထုတ်ပြန်ထားသည့် ညွှန်ကြားချက်များ၊ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာနေထိုင်ရမည်။

(ဂ) ပြန်လည်ထူထောင်ရေးဦးစီးဌာနသည် ဆေးဝါးသုံးစွဲသူအား ပြန်လည်ထူထောင်ရေးစခန်း၌ ပြန်လည်ထူထောင်ခြင်းပြုလုပ်ပေးရမည့် ကာလကို ခြောက်လသတ်မှတ်ဆောင်ရွက်ရမည်။

(ဃ) ပြန်လည်ထူထောင်ရေးစခန်းသို့ ပို့အပ်ထားသောဆေးဝါးသုံးစွဲသူအား ပြန်လည်ထူထောင်ရေးကာလအတွင်း ဆေးကုသမှုနှင့် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျန်းမာရေးဝန်ထမ်းများ တာဝန်ချထားနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်ရမည်။

၁၈-က။ (က) သက်ဆိုင်ရာပြန်လည်ထူထောင်ရေးစခန်းတာဝန်ခံသည် စခန်းက ထုတ်ပြန်ထားသော ညွှန်ကြားချက် သို့မဟုတ် စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်သည့် ဆေးဝါးသုံးစွဲသူကို ၎င်းဖောက်ဖျက်သော ညွှန်ကြားချက် သို့မဟုတ် စည်းကမ်းချက်များဖော်ပြ၍ သက်ဆိုင်ရာမြို့နယ်တရားရုံးသို့ လျှောက်ထားရမည်။

(ခ) တရားရုံးသည် လျှောက်ထားခြင်းခံရသူအား လူမှုအကျိုးပြုလုပ်ငန်းများကို ကိုယ်တိုင်လုပ်အားဖြင့် သတ်မှတ်ထားသည့်နေရာ၌ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း အခမဲ့လုပ်ဆောင်ရန် အမိန့်ချမှတ်နိုင်သည်။

(ဂ) အမိန့်ချမှတ်ခြင်းခံရသူသည် တရားရုံးကချမှတ်သည့် လူမှုအကျိုးပြုလုပ်ငန်းများကို သက်ဆိုင်ရာ ပြန်လည်ထူထောင်ရေးစခန်း၌ နေထိုင်ရမည့်ကာလ ပြီးဆုံးသည့်နေ့၏ နောက်ရက်တွင် စတင်ဆောင်ရွက်ရမည်။

(ဃ) တရားရုံးသည် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ရန် အမိန့်ချမှတ်ခြင်းခံရသူအား ကြီးကြပ်မှုပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့သို့ စာဖြင့်အကြောင်းကြားရမည်။

(င) မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့သည် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ရန် အမိန့်ချမှတ်ခြင်းခံရသူအား ကြီးကြပ်မှုပေးနိုင်ရန် လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်မှုကြီးကြပ်ရေးအဖွဲ့က တာဝန်ပေးအပ်ထားသည့်ဌာနသို့ စာဖြင့်အကြောင်းကြားရမည်။

(စ) လူမှုအကျိုးပြုလုပ်ငန်းဆောင်ရွက်ခြင်းကို ကြီးကြပ်ရန်တာဝန်ပေးအပ်ခံရသည့် ဌာနသည် တရားရုံးက အမိန့်ချမှတ်ခြင်းခံရသူ၏ လုပ်ဆောင်ရမည့် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကို မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့သို့ ပြန်လည်တင်ပြရမည်။"

၂၀။ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၁။ အများပြည်သူတို့ ဝင်ထွက်သွားလာခြင်းမပြုနိုင်သော နေအိမ်၊ အဆောက်အအုံ၊ နေရာ၊ ယာဉ်တစ်ခုခုတွင် ပြစ်မှုတစ်ခုခုကိုကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန်အားထုတ်ကြောင်း လုံလောက်သည့်အကြောင်းရှိလျှင်ဖြစ်စေ၊ ဥပဒေနှင့်ဆန့်ကျင်သည့် ဆေးဝါး သို့မဟုတ် ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းကိုထားရှိကြောင်း သို့မဟုတ် လျှို့ဝှက်ထားကြောင်း ယုံကြည်ရန် လုံလောက်သည့်အကြောင်းရှိလျှင်ဖြစ်စေ ထိုနေအိမ်၊ အဆောက်အအုံ၊ နေရာ၊ ယာဉ်ကိုရှာဖွေရန်-

(က) အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးက ရှာဖွေရေးအရာရှိအား ရှာဖွေအမိန့်ထုတ်ပေး၍ ရှာဖွေစေနိုင်သည်-

(၁) မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက်ဖြစ်လျှင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲဦးစီးအရာရှိချုပ် သို့မဟုတ် မူခင်းနှင့်ဥပဒေရေးရာဌာနကြီးမှ ဌာနကြီးမှူး၊ နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲတပ်ဖွဲ့မှူး၊ ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် သက်ဆိုင်ရာခရိုင်ရဲတပ်ဖွဲ့မှူး သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး၊

(၂) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့အတွက်ဖြစ်လျှင် ကွပ်ကဲရေးမှူး သို့မဟုတ် ဒုတိယကွပ်ကဲရေးမှူး သို့မဟုတ် ကွပ်ကဲမှုအဖွဲ့ခွဲမှူး သို့မဟုတ် တပ်ဖွဲ့ခွဲမှူး၊

(၃) မှုခင်းရဲတပ်ဖွဲ့နှင့် သတင်းရဲတပ်ဖွဲ့အတွက်ဖြစ်လျှင် တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် တပ်ဖွဲ့ခွဲမှူး၊

(၄) အကောက်ခွန်ဦးစီးဌာနအတွက်ဖြစ်လျှင်-

(ကက) ရန်ကုန်တိုင်းဒေသကြီးအတွင်းဖြစ်ပါက ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က အခွင့်အာဏာအပ်နှင်းထားသည့် ညွှန်ကြားရေးမှူး၊

(ခခ) ကျန်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရုံးစိုက်ရာမြို့များနှင့် နေပြည်တော်တွင် ညွှန်ကြားရေးမှူး၊

(ဂဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ညွှန်ကြားရေးမှူးရုံးစိုက်ရာမြို့မဟုတ်သည့် မြို့နယ်များတွင် မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူး၊

(၅) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အတွက်ဖြစ်လျှင် တပ်ဖွဲ့မှူး သို့မဟုတ် ဒုတိယတပ်ဖွဲ့မှူး သို့မဟုတ် ဌာနမှူး(တားဆီး) သို့မဟုတ် တပ်ဖွဲ့ခွဲမှူး သို့မဟုတ် တပ်ဖွဲ့စုမှူး တာဝန်ထမ်းဆောင်သူအရာရှိ၊

ဆက်လက်ဖော်ပြပါမည်။





# ရွှေသို့လှမ်းချီ ပန်းတိုင်ဆီ. . .

မောင်မိုး

နိုင်ငံတစ်နိုင်ငံ စည်းလုံးညီညွတ်ပြီး အစဉ်ဖွံ့ဖြိုးတိုးတက်နေရန်မှာ ယင်းနိုင်ငံရှိ ခေါင်းဆောင်များ၏ စွမ်းဆောင်ရည်၊ ပြည်သူလူထု၏ အသိအမြင်နှင့် အတတ်ပညာများပြည့်စုံကြွယ်ဝမှုက များစွာ အခရာကျလှပေသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးခရီးရှည်ကြီးတွင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး အသက်နှင့် ခန္ဓာပေးအပ်ကာ ကာကွယ်စောင့်ရှောက်လျက်ရှိသည့် စစ်သည်တော်များသည်လည်း နိုင်ငံအတွက် အဖိုးမဖြတ်နိုင်သော သားကောင်းရတနာများ ဖြစ်ကြပေသည်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်မည့် ခေါင်းဆောင်ငယ်များအနေဖြင့် ဘိုးဘေးဘီဘင်အစဉ်အဆက် လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့သည့် သမိုင်းအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းရမည့်အပြင် ကမ္ဘာ့ရေးရာ၊ နိုင်ငံ့ရေးရာများကိုလည်း နှံ့စပ်အောင် လေ့လာမှတ်သားနေရမည်ဖြစ်ပြီး အရေးကြီးဆုံးအချက်အနေဖြင့် မြန်မာ့သမိုင်းနှင့် ပထဝီနိုင်ငံရေးအနေအထားကို သိရှိသဘောပေါက်နားလည်ထားကြရပါမည်။ မျိုးဆက်သစ်ခေါင်းဆောင်ငယ်များသည် အမိမြန်မာပြည်၏ ပိုင်နက်နယ်မြေအား တစ်လက်မမျှ ကျူးကျော်မခံရအောင် ကာကွယ်စောင့်ရှောက်ထိန်းသိမ်းလိုသည့် စစ်မှန်သော အမျိုးသားရေးစိတ်ဓာတ်အပြည့်ရှိသည့် မျိုးချစ်ခေါင်းဆောင်များဖြစ်ရန် ယနေ့မျက်မှောက်ခေတ်မြန်မာ့အရေးနှင့် နိုင်ငံတကာရေးရာတို့ကို မျက်ခြည်မပြတ် လေ့လာဆည်းပူးစေလိုပါသည်။

ယနေ့ခေတ်တွင် နိုင်ငံတော်နှင့် တပ်မတော်အကြီးအကဲတို့သည် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးအတွက် စွမ်းရည်ထက်မြက်သောခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်လျက်ရှိရာ သက်ဆိုင်ရာစစ်တက္ကသိုလ်များနှင့် စစ်ကျောင်းကြီးများအသီးသီးမှ မျှော်မှန်းချက်ကြီးမားစွာဖြင့် မွေးထုတ်ပေးလိုက်သည့် မျိုးဆက်သစ်ခေါင်းဆောင်များသည် အမိမြေကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိပြီး ကမ္ဘာ့နိုင်ငံများအလယ်တွင် တိုးတက်မြင့်မားသော ဂုဏ်အရှိန်အဝါဖြင့်ရပ်တည်နိုင်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ထာဝရ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ကျရာတာဝန်များကို စွမ်းစွမ်းတမံထမ်းရွက်နိုင်ရန် အထူးလိုအပ်ပါသည်။ **ခေါင်းဆောင်ငယ်များသည် စိန်တစ်ပွင့်ကဲ့သို့ မာကျောတောက်ပြောင်၍ စူးရှသောအတွေးအမြင်ရှိပြီး အသွားထက်သည့် ဓားတစ်လက်ကဲ့သို့ ထက်မြက်သွက်လက်နေရ**ပါမည်။ ထို့ပြင် နိုင်ငံတော်နှင့် တပ်မတော်၏ သမိုင်းအစဉ်အလာကောင်းများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် ခေါင်းဆောင်များအနေဖြင့် အမိမြန်မာနိုင်ငံတော်၏ အားထားရသော **တက်ကြွသည့် နိုင်ငံ့သားကောင်းတစ်ဦး၊ စစ်မှန်လေးနက်သော ဗုဒ္ဓဘာသာဝင်တစ်ဦးအဖြစ် သာမကဘဲ ပြည်သူက အားကိုးယုံကြည်ရသော တပ်မတော်သားကောင်းတစ်ဦးအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နေထိုင်သွားနိုင်ရေး ပေးအပ်လာသည့် တာဝန်များကို ဦးလည်မသုန်ထမ်းရွက်လိုသည့် စိတ်ဓာတ်များ အစဉ်အမြဲ ကိန်းအောင်းနေရမည်ဖြစ်**ပါသည်။





**ဗုဒ္ဓဘာသာဝင်တစ်ဦးအသွင်. . .**

လက်ရှိ လူဦးရေသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းမှာ ၅၆ ဒသမ ၂ သန်းကျော်ရှိပြီး အများစုမှာ ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ပါသည်။ **ဗုဒ္ဓဘုရားရှင်သည် မဇ္ဈိမပဋိပဒါလမ်းစဉ်အားကျင့်သုံး၍ သစ္စာလေးပါးမြတ်တရားအားသိမြင်ကာ ဘုရားအဖြစ်သို့ရောက်ရှိတော်မူပြီး လူသားများအား လောဘ၊ ဒေါသ၊ မောဟများနှင့် ဆင်းရဲခြင်းချုပ်ငြိမ်း၍ နိဗ္ဗာန်သို့မျက်မှောက်ပြုနိုင်ရေး တရားရေအေးတိုက်ကျွေးကာ လောကအကျိုး၊ သာသနာအကျိုးတို့အား လက်တွေ့ကျကျပြုမူ ဆောင်ရွက်ခဲ့မှုများသည် ဗုဒ္ဓဘာသာဝင်တိုင်းအတွက် အလေးအမြတ်ထားရာ ထာဝရအမှန်တရား (Universal Truth) အဖြစ် ခိုင်ခိုင်မာမာရှိနေမည်ဖြစ်**ပါသည်။

ဗုဒ္ဓဘာသာကိုးကွယ်သည့် မြန်မာနိုင်ငံသားများအနေဖြင့် ဗုဒ္ဓမြတ်စွာဘုရား ရှေ့ဆောင်လမ်းပြကျင့်သုံးခဲ့သည့် Middle Way, Middle Path အလယ်အလတ်လမ်းစဉ်နှင့်အညီ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး စသည့်ကိစ္စရပ်များအား သယ်ပိုးဆောင်ရွက်ရာတွင် တစ်ဖက်အစွန်းမရောက်ဘဲ အဆိုးမြင်ဝါဒ (Pessimism) ကင်းဝေးပြီး အကောင်းမြင်ဝါဒ (Optimism) အား လက်ကိုင်ထား ဆောင်ရွက်နိုင်သူများဖြစ်စေရေး လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ **မိမိတို့၏ ဘာသာတရားကို ကိုင်းရှိုင်းကြည်ညိုကြသကဲ့သို့ အခြားဘာသာဝင်များ၏ သက်ဝင်ယုံကြည်မှုများကိုလည်း လေးစားစွာဆက်ဆံကြရမည်ဖြစ်**ပါသည်။

မိမိတို့တပ်မတော်သည် ပြည်သူထဲမှ ပေါက်ဖွားလာသည့် ပြည်သူ့တပ်မတော်ဖြစ်သည့်အတွက် ပြည်သူလူထုယုံကြည်ကိုးကွယ် အထွတ်အမြတ်ထားရာ ဗုဒ္ဓဘာသာ သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရန် အစဉ်စောင့်ရှောက်ကာကွယ်ရမည်ဖြစ်သည်။ ထူးကဲလေးနက်သည့် ဥပမာပြရမည်ဆိုပါက မျက်မှောက်ခေတ် မြန်မာ့နိုင်ငံရေးအခြေအနေတွင် အဖျက်အမှောင့်အားပေး ပြည်ပနိုင်ငံအချို့နှင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG၊ PDF ကဲ့သို့ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော် အကြမ်းဖက်မှုများ အပါအဝင် နည်းလမ်းမျိုးစုံဖြင့် နိုင်ငံတော်အား အဘက်ဘက်မှပျက်စီးယိုယွင်းစေရန် ဆောင်ရွက်လျက်ရှိသည့်ကြားမှပင် နိုင်ငံတော်အကြီးအကဲက မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည်ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် ရည်ရွယ်၍ ထက်သန်သော သာသနာပြုစိတ်ဓာတ်ဖြင့် ကမ္ဘာတွင် ဉာဏ်တော်အမြင့်ဆုံးထိုင်တော်မူ “မာရဝိဇယ” ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်မြတ်ကြီးအား တည်ထားကိုးကွယ်ဆောင်ရွက်နိုင်ခဲ့ခြင်းသည် ဗုဒ္ဓဘာသာကိုးကွယ်သည့် နိုင်ငံများအကြား ထင်ရှားဂုဏ်ယူဖွယ်ကြီးမြတ်လှသော သာသနာ့မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသည် ကိုယ်ချင်းစာစိတ်အပြည့်ဖြင့် မျှဝေခံစားကူညီတတ်ကြပြီး စိတ်သဘောထား ပွင့်လင်းရိုးသားသူများဖြစ်ကာ အေးချမ်းစွာနေထိုင်လိုသူများဖြစ်ပါသည်။ သို့ရာတွင် အခြားတစ်ဖက်၌လည်း အကြမ်းဖက်အဖွဲ့အစည်းများသည် နည်းလမ်းမျိုးစုံဖြင့် သာသနာရောင်ဝါမှေးမှိန်အောင် ဆောင်ရွက်လျက်ရှိရာ မိမိတို့အထွတ်အမြတ်ထားရာ ဗုဒ္ဓဘာသာကို မည်သည့်အခြေအနေ၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ မညှိုးနွမ်းစေရေးနှင့် ထာဝရရှင်သန်စေရေးတို့အတွက် မားမားမတ်မတ် ရပ်တည်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရေးကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

မြန်မာ့သမိုင်းတွင် ဗုဒ္ဓဘာသာသာသနာပေါ်ထွန်းလာမှုနှင့်အတူ မြန်မာ့ယဉ်ကျေးမှုက တစ်ပါတည်း ဒွန်တွဲဖြစ်တည်လာခဲ့ကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတစ်နိုင်ငံ ရှင်သန်ရပ်တည်ရေးနှင့် နိုင်ငံတကာလူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်စေရေးအတွက် ယဉ်ကျေးမှု (Culture) သည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပေသည်။ မြန်မာ့ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာသာသနာနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လာသည့် သမိုင်းကြောင်းတည်ရှိနေခြင်းကြောင့် မြန်မာ့ယဉ်ကျေးမှုကိုထိန်းသိမ်းရင်း သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ်ပါသည်။ **မြန်မာ့ယဉ်ကျေးမှုသည် ဗုဒ္ဓဘာသာကိုအခြေခံ၍ ကိုယ်ချင်းစာတရားအပြည့်ထားကာ လူသားချင်းစာနာထောက်ထားမှုကို အဓိကထားသော ယဉ်ကျေးမှုဖြစ်ပါသည်။ အားနာခြင်း၊ သိမ်မွေ့ခြင်း၊ ဖော်ရွေခြင်း၊ ရက်ရောခြင်း၊ ကူညီခြင်းများသည် မြန်မာ့ယဉ်ကျေးမှု၏ အဓိကကျသော စရိုက်လက္ခဏာများဖြစ်**ပေသည်။

မိမိယဉ်ကျေးမှုကို မိမိတို့လေးစားရမည်ဖြစ်ပါသည်။ မည်ကဲ့သို့ အင်အားကြီးမားသော နိုင်ငံပင်ဖြစ်ပါစေ ယဉ်ကျေးမှုမမြင့်မားပါကဝင့်ကြွားထည်ဝါမှု မရှိနိုင်ပေ။ ဥပမာအားဖြင့် တကောင်းခေတ်၊ သရေခေတ္တရာခေတ်၊ ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ် စသည့်ခေတ်အဆက်ဆက်တွင် မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များပေါ်ထွန်းခဲ့ကြပြီး ဘုရား၊ ပုထိုး၊ စေတီ၊ မြို့ရိုးများနှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများက သမိုင်းအစဉ်အလာကြီးမားမှုကို ဖော်ညွှန်းလျက်ရှိပါသည်။ ထို့ပြင် ခေတ်အဆက်ဆက် ယဉ်ကျေးမှု၊ အသုံးအဆောင်၊ ရိုးရာအစားအသောက်များသည် မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၏ ခမ်းနားကြွယ်ဝမှုကို ထင်ဟပ်ပြသလျက်ရှိနေပါသည်။ အလားတူ မြန်မာ့အနုပညာပန်း ၁၀ မျိုးသည် မြန်မာ့ယဉ်ကျေးမှုအနုပညာ၏ သိမ်မွေ့ပြီး ခက်ခဲနက်နဲသည့်ပညာရပ်များဖြစ်ပြီး မြန်မာ့တူရိယာများနှင့် သုခုမအနုပညာများသည်လည်း ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှုအနုပညာသမိုင်းကို ပုံဖော်လျက်ရှိပါသည်။ နိုင်ငံတကာ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့

**စာမျက်နှာ ၂၀ သို့**

စာမျက်နှာ ၁၉ မှအဆက်

လည်ပတ်လေ့လာရာတွင် မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုသမိုင်းကြောင်းကို အလေးထား လေ့လာ လေ့ရှိပါသည်။ အလွန်ချမ်းသာသည့် အင်အားကြီးအနောက်နိုင်ငံကြီးများ၌ပင် တန်ဖိုးထားစရာ သမိုင်းမရှိ၊ ဝင့်ကြွားစရာ ရိုးရာအစားအသောက်များမရှိသဖြင့် Fast Food များကိုသာ အလေးပေး စားသောက်နေရကြောင်း တွေ့ရှိနိုင်ပါသည်။ သို့ဖြစ်၍ ခေါင်းဆောင်ငယ်များသည် မိမိတို့၏ ဘာသာသာသနာနှင့် ယဉ်ကျေးမှုသမိုင်းကြောင်းများကို သိရှိတန်ဖိုးထားပြီး သမိုင်းကိုသိမှ နိုင်ငံကို ချစ်မည်၊ ပထဝီသိမှ ပထဝီနိုင်ငံရေးအမြင်ရှိမည်ဖြစ်ကာ နိုင်ငံတော်ကိုချစ်မြတ်နိုးသော နိုင်ငံ့သားကောင်းများအဖြစ် ဝင့်ကြွားစွာရပ်တည်နိုင်ရေး အစဉ်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

**တက်ကြွသည့် နိုင်ငံသားတစ်ဦး (Active Citizenship) အသွင်. . .**

**မြန်မာနိုင်ငံသည် အိမ်ကြီးတစ်လုံးဆိုပါက အိမ်သားတစ်ဦးအနေဖြင့်၊ နိုင်ငံသားတစ်ဦးအနေဖြင့် မိမိတို့၏အိမ်အတွက် ဘာတွေအကျိုးပြုဆောင်ရွက်ခဲ့ပြီးပြီလဲ၊ လက်ရှိ ဘာတွေဆောင်ရွက်ပေးနိုင်ပြီလဲ. . . ဆိုသည်များကို မိမိကိုယ်မိမိ မေးခွန်းထုတ် ဆန်းစစ်ရန်လိုအပ်ပါသည်။ မိမိတို့ နေအိမ်လုံခြုံရေးနှင့် အဘက်ဘက်မှ အန္တရာယ်ဟူသမျှ ကာကွယ်ရေးအတွက် အိမ်သားတစ်ဦးချင်းတွင် တာဝန်ကိုယ်စီရှိ**ပါသည်။ အိမ်တစ်အိမ်အတွက် မိသားစုစိတ်ဓာတ်သည် အရေးကြီးဆုံးဖြစ်သကဲ့သို့ မိမိတို့နိုင်ငံအတွက်မူ မိမိတိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးသည် တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် သွေးချင်းညီအစ်ကိုများဆိုသည့်စိတ်၊ တောင်ပေါ်မြေပြန့်မခွဲခြား သားချင်းများဆိုသည့်စိတ်၊ မရှိအတူရှိအတူအေးအတူပူအမျှ ဥမကွဲ သိုက်မပျက် အတူတကွချစ်ကြည်ရင်းနှီးစွာနေထိုင်ကြသော မိသားစုစိတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် (Union Spirit) သည် အရေးကြီးဆုံးဖြစ်သည်။ ထို့ပြင် မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိဘာသာ၊ စာပေ၊ ယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့်စိတ်၊ တိုင်းပြည်နှင့် လူမျိုးကိုထိပါက မခံချိအောင်နာသည့် မျိုးချစ်စိတ်ဓာတ်လည်း ထက်သန်နေရမည်ဖြစ်ပါသည်။ အဆိုပါအိမ်လေးများကနေစုစည်းပြီး ရပ်ကွက်ကို ကာကွယ်လိုသည့်စိတ်၊ မြို့နယ်ကို ကာကွယ်လိုသည့်စိတ်နှင့် ထိပ်ဆုံးတွင် မိမိနိုင်ငံကိုကာကွယ်လိုသည့်စိတ်များ ရင့်သန်ကြီးထွားလာမည်ဖြစ်ပါသည်။

တက်ကြွသည့် လူငယ်များအနေဖြင့် ကျန်းမာသည့်ခန္ဓာကိုယ် (Healthy Body)၊ စွမ်းဆောင်နိုင်သည့်စိတ် (Healthy Mind) ရှိစေရေး အစဉ်အလေးထားဆောင်ရွက်နေရပါမည်။ စိတ်သွားတိုင်းကိုယ်ပါနေစေရန် ကျန်းမာသန်စွမ်းပြီး မိမိကိုယ်ကို ကာကွယ်နိုင်စွမ်းရှိသည့် လူငယ်၊ လူရွယ်များ ဖြစ်နေစေရန် အထူးပင်လိုအပ်ပါသည်။ မြန်မာလူမျိုးတို့အတွက် မြန်မာ့သိုင်းပညာသည် ဂုဏ်ယူဖွယ်ရာ မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှု အမွေအနှစ် ကိုယ်လုံ့ပညာတစ်ရပ်ပင်ဖြစ်ပါသည်။ မြန်မာ့သိုင်း ပညာရပ်သည် ရန်ကို ရှင်းလင်းခြင်း၊ ရန်ကိုခုခံကာကွယ်တိုက်ခိုက်ခြင်း အတတ်ပညာရပ်တစ်ခုဖြစ်ပြီး မိမိကိုယ်ကိုသာမက မိမိပတ်ဝန်းကျင်ကိုပါ ကာကွယ်နိုင်စွမ်းရှိသည့် အမျိုးကောင်းသားတစ်ဦးဖြစ်လာစေရေး များစွာအထောက်အကူပြုစေနိုင်ပါသည်။ မိမိကိုယ်ကို ကာကွယ်နိုင်သည့်သူသာလျှင် မိမိကျောင်း၊ မိမိအိမ်၊ မိမိအဖွဲ့အစည်းကို ကာကွယ်နိုင်မည်ဖြစ်သကဲ့သို့ ထို့မှတစ်ဆင့်တက်ကာ တိုင်းပြည်နှင့် လူမျိုးအတွက် မားမားမတ်မတ်ရပ်တည်ကာကွယ်နိုင်စွမ်းလည်း ရှိမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ယနေ့လူငယ်လူရွယ်များအား ကာကွယ်လိုသည့်စိတ်ဓာတ်နှင့် ကာကွယ်နိုင်သည့်စွမ်းအားများ တိုးတက်ပွားများလာစေရေး နိုင်ငံတော်မှ အစဉ်အမြဲလေ့ကျင့်ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။

**နယ်ချဲ့အင်္ဂလိပ်တို့က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသည့် အချိန်တွင် တောင်တန်းနှင့် ပြည်မဟူ၍ ခွဲခြားမှုနှင့်အတူ သမိုင်းဝင်ဆူးတစ်ချောင်း သပ်လျှိုထည့်ခဲ့သည့်အတွက် ယခုအချိန်အထိ မပြီးနိုင်သေးသော နယ်ချဲ့အမွေဆိုး စစ်ပွဲများကိုဆင်နွှဲရင်း အဘက်ဘက်မှ စိန်ခေါ်မှုများကို ကြံ့ကြံ့ခံတွန်းလှန်နေရသည့်အချိန် ကာလတစ်ခုကို သတိကြီးစွာဖြင့် ဖြတ်သန်းနေရချိန်ဖြစ်**ပါသည်။ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားအားလုံး၏ ရရှိခံစားရမည့်အခွင့်အရေးများ တန်းတူညီမျှရှိစေရေး၊ တိုင်းရင်းသားအားလုံး တောင်ပေါ်မြေပြန့်မခွဲခြားဘဲ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲစေရေးအတွက် တိုင်းရင်းသားအားလုံး ပြည်ထောင်စု စိတ်ဓာတ် ကိန်းဝပ်ရှင်သန်နေစေရေး အစဉ်အလေးထား ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသည် အမျိုးသားရေးရည်မှန်းချက်နှင့် နိုင်ငံရေး ရည်မှန်းချက်များချမှတ်၍ တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းပြည်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး အားသွန်ခွန်စိုက်လုပ်ကိုင်ဆောင်ရွက်ကာ **ရှေ့သို့လှမ်းချီပန်းတိုင်ဆီ (Keep Moving Forward to Achieve Our Goal)** ဟူသည့် ယုံကြည်ချက်ဖြင့် ကြိုးပမ်းဖော်ဆောင် နေပါသည်။ ထိုအရာများသည် အနာဂတ်နိုင်ငံတော်တာဝန်ကို ပခုံးပြောင်းထမ်းဆောင်မည့်ခေါင်းဆောင်ငယ်များအတွက် အဖိုးမဖြတ်နိုင်သော လက်တွေ့ကျကျလိုက်ပါဆောင်ရွက်ရမည့် လမ်းစဉ်များပင်ဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံသူနိုင်ငံသားများ၏ အသိပညာ၊ အတတ်ပညာနှင့် တွေးခေါ်မြော်မြင်နိုင်စွမ်းမှာ အထူးအရေးကြီးသကဲ့သို့ **ကမ္ဘာတည်သရွေ့ မြန်မာတည်ရှိရမည်. . .** ဆိုသည့် မျိုးချစ်စိတ်ဓာတ်အား မွေးမြူထားရှိရန်လည်း အထူးလိုအပ်မည်ဖြစ်ပါသည်။ မိမိလူမျိုး၊ မိမိပြည်နယ်၊ မိမိဒေသ၊ မိမိအဖွဲ့အစည်း တစ်ခုတည်းအတွက်ကိုသာမကြည့်ဘဲ ပြည်ထောင်စုဆိုသည့်အမြင် We are Myanmar ဆိုသည့် တပေါင်းတစည်းတည်း စိတ်ဓာတ်များနှင့် နိုင်ငံတည်ဆောက်ရေး (State Building)၊ တိုင်းပြည်တည်ဆောက်ရေး (Nation Building) အခန်းကဏ္ဍများတွင် တက်ကြွသည့် နိုင်ငံသားတစ်ဦး (Active Citizenship) အနေဖြင့် နိုင်ငံ့တာဝန်များကို ကြိုးပမ်းထမ်းဆောင်သွားကြရန် အထူးအရေးကြီးလှပေသည်။

**တပ်မတော်သားတစ်ဦး၏အသွင်. . .**

**"ငါ့သားများစစ်ထဲဝင်ရင်လေ. . . သူ့ကို ပြောလိုက်စမ်းပါကွာ. . . စစ်တပ်ဆိုတာ အမှန်တကယ်သာ လိုက်နာနိုင်မယ်ဆိုရင် တကယ့်ယောကျ်ားကောင်း ယောကျ်ားမြတ်တွေကို မွေးထုတ်ပေးတဲ့ကျောင်းကြီးပေါ့. . ."** ဆိုသည့်အတိုင်း တပ်မတော်သားတစ်ဦးဖြစ်ရန် မလွယ်ကူလှသည်နှင့်အညီ တပ်မတော်သားတစ်ဦးဖြစ်လာပါက စစ်မှန်သော စစ်သည်တော်ကောင်းတစ်ဦး၏ အမြင်နှင့် အတွေးအခေါ်များ ထားရှိတတ်ရန် လွန်စွာအရေးကြီးလှပါသည်။ တပ်မတော်သားများအနေဖြင့် ကိုယ်ရောစိတ်ပါ (Physical and Mental) နှစ်ဖြာသန်စွမ်းအောင်လေ့ကျင့်နေရမည်ဖြစ်ပြီး နိုင်ငံတော်ကာကွယ်ရေးတာဝန်များအပြင် နိုင်ငံတည်ဆောက်ရေးအခန်းကဏ္ဍများ၌လည်း တတ်စွမ်းသရွေ့ ပါဝင်ထမ်းဆောင်နေကြရမည်ဖြစ်ပါသည်။

သမိုင်းကြောင်းအရလည်း တရုတ်ကူမင်တန်များအား ရှုပ်ရှပ်ခွဲခွဲ တိုက်ခိုက်မှုများအပြင် ပြည်တွင်း၊ ပြည်ပအန္တရာယ်များကိုလည်း တပ်မတော်ကဦးဆောင်ပြီး ပြည်သူ့စစ်မဟာဗျူဟာနှင့်အညီ ပြည်သူနှင့်ပူးပေါင်း၍ ကြံ့ကြံ့ခံတွန်းလှန်ခဲ့ပါသည်။ တိုင်းပြည်ထာဝရငြိမ်းချမ်းရေးကို တပ်မတော်သားများကပိုမိုလိုလားကြပြီး နိုင်ငံသားအများစု၏ အလိုချင်ဆုံးဆန္ဒမှာလည်း တိုင်းပြည်အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးနှင့် ဗုဒ္ဓဘာသာသာသနာအရှိန်အဝါ ထွန်းလင်းတောက်ပရေးပင်ဖြစ်ပါသည်။ ဤသို့ဆိုလျှင် ဘိုးဘွားများ၏ အသက်သွေးချွေးပေါင်းများစွာဖြင့် တည်ဆောက်ခဲ့ရသည့် အမိမြန်မာပြည်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲစေရေးအတွက် မျိုးဆက်သစ် လူငယ်များက အနာဂတ်ကို မြော်တွေးပုံဖော် ဖန်တီးတည်ဆောက်ကြရမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။ ခေါင်းဆောင်စိတ်ရှိပြီး တာဝန်ခံ၊ တာဝန်ယူလိုသည့် အလေ့အကျင့်ကောင်းများအား စဉ်ဆက်မပြတ် မွေးမြူသွားကြရမည်ဖြစ်သည့်အပြင် မိမိအဖွဲ့အစည်းအတွက် ဘာတွေဆောင်ရွက်ပြီးပြီလဲ၊ မည်ကဲ့သို့ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြမည်လဲ. . . ဆိုသည့် ယုံကြည်ချက်၊ ခံယူချက်များခိုင်မာပြည့်ဝနေရမည်ဖြစ်ပါသည်။

လက်ရှိအခြေအနေမှာ ပြည်တွင်းရှိ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ၎င်းတို့ကိုနောက်ကွယ်က ကြိုးကိုင်ခြယ်လှယ်နေသည့် နိုင်ငံအချို့သည် နိုင်ငံတော်အား ပြိုကွဲစေရန် နည်းလမ်းမျိုးစုံအသုံးပြု၍ သပ်လျှိုသွေးခွဲလျက်ရှိပါသည်။ **တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းပွဲအခမ်းအနားတွင် "၂၁ ရာစုခေတ်သစ်စစ်ပွဲများသည် အကန့်အသတ်အတားအဆီးမဲ့ပုံစံဖြင့် အရပ်မျက်နှာအမျိုးမျိုး၊ နယ်ပယ်အမျိုးမျိုးမှ ပုံသဏ္ဌာန်မျိုးစုံဖြင့် ပုံဖော်တိုက်ခိုက်လာခြင်းဖြစ်ကြောင်း၊ တိုးတက်လာသည့် ခေတ်မီစစ်လက်နက် ပစ္စည်းများကြောင့် ပြောင်းလဲသွားမည့် စစ်ပွဲ၏ပုံစံနှင့် စစ်ဗျူဟာများကို ကြိုတင်မြော်တွေးကြရမည်ဖြစ်ကြောင်း၊ ခေတ်မီဆန်းသစ်လာသည့် ကွပ်ကဲမှုနှင့် ကြီးကြပ်မှု စနစ်ကို နားလည်တတ်ကျွမ်းအောင် ကြိုးစားအားထုတ်ရမည်ဖြစ်ပြီး နည်းပညာများနှင့် လိုက်လျောညီထွေပြောင်းလဲနေသည့် စစ်မဟာဗျူဟာ၊ စစ်နည်းဗျူဟာများကိုလည်း လေ့လာနေရမည်ပင်ဖြစ်ကြောင်း"** ပြောကြားခဲ့ပါသည်။

စာမျက်နှာ ၂၁ သို့




**ယနေ့နိုင်ငံတော်အတွင်း မည်ကဲ့သို့စိန်ခေါ်မှုများနှင့်အခက်အခဲများ ကြုံတွေ့နေစေကာမူ ခေါင်းဆောင်ငယ်များအနေဖြင့် တက်ကြွသော နိုင်ငံ့သားကောင်း တစ်ဦးအသွင်၊ စစ်မှန်သောဗုဒ္ဓဘာသာဝင်ကောင်းတစ်ဦးအသွင်နှင့် ရဲဝံ့သောစစ်သည်တော်ကောင်းများအသွင် နလုံးသွင်း၍ ကိုယ်စီခံယူချက်၊ ယုံကြည်ချက်၊ မျှော်မှန်းချက်များဖြင့် လေ့ခွက်ချည်းကျွန်၊ အလံမလှဲ . . . သည့်စိတ်ဓာတ်ကိုစွဲကိုင်ကာ အနာဂတ်နိုင်ငံတော်၏ ရှေ့သို့လှမ်းချီပန်းတိုင်ဆီ . . . သို့လျှောက်လှမ်းရာတွင် နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းနိုးဆော် . . .**

# မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး



သံဃာတော်များအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှု အားပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဟာအောင်မြေမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တို့မှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက ယနေ့နံနက်ပိုင်းတွင် သတ်မှတ်နေရာအသီးသီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်မြေခံဆေးကုသရေးအဖွဲ့များက သံဃာတော် ၂၆၉ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၁၈၆ ပါး အပါအဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၆၉၈ ဦးတို့ကို အဆစ်အမျက်ရောင်ရောဂါ၊သွေးတိုးရောဂါ၊ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေး စစ်ဆေးကုသခြင်းများဆောင်ရွက်ပေးခြင်း၊ EGC စက်ဖြင့် နှလုံးသွေးကြောရောဂါ စမ်းသပ်ပေးခြင်း၊ တီဗီစာတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်း၊ ဆီးချိုသွေးချို စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများကို နယ်မြေခံ တပ်မတော်ဆေးရုံများ၌ တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ပုသိမ်မြို့ရှိ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာမှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာမှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများက အဆိုပါ စစ်မှုထမ်းဟောင်းအိမ်ရာ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များကို အမှာစကားပြောကြားပြီး ခြံထွက်ကြက်ဥများနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်သည်။ ထို့နောက် တိုင်းမှူးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး စစ်မှုထမ်းဟောင်းအိမ်ရာအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်စဉ်။

# နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက်ကုသနေသည့် တပ်မတော်သားများကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အလှူငွေများ၊ စားသောက်ကုန်၊ လူသုံးကုန်များ ချီးမြှင့်ပေးအပ်



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆေးပဒေသာပင်နှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများအတွက် အလှူငွေများ၊ စားသောက်ကုန်၊ လူသုံးကုန်များကို ပေးအပ်လှူဒါန်းရာ တပ်မှူးက လက်ခံရယူစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၆**

နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိ၍ ပြင်ဦးလွင်မြို့ အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်၇၀၀)တွင် တက်ရောက်ကုသနေသော တပ်မတော်သားများကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အလှူငွေများ၊ စားသောက်ကုန်၊လူသုံးကုန်များချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါဆေးရုံအစည်းအဝေးခန်းမတွင် ကျင်းပသည်။

ဦးစွာအခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်သက်သက်ဇင်က နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများကိုအလှူငွေများ၊ စားသောက်ကုန်၊ လူသုံးကုန်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် ဆေးပဒေသာပင်သို့အလှူငွေများ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆေးပဒေသာပင်သို့ အလှူငွေကျပ်သိန်း ၁၀၀ နှင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများအတွက် ငွေကျပ် ၉၇ သိန်းတန်ဖိုးရှိ အလှူငွေများ၊ စားသောက်ကုန်၊ လူသုံးကုန်များကို ပေးအပ်လှူဒါန်းရာ တပ်မှူးကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာလှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက်မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမှတ်(၁)တပ်မတော်ဆေးရုံ (ခုတင်၇၀၀)၌ ဆေးဝါးတက်ရောက်ကုသနေသော နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများကို အလှူငွေများ၊ စားသောက်ကုန်၊ လူသုံးကုန်များကို ကုသဆောင်များအရောက်သွားရောက်၍ အသီးသီးပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဆေးရုံတက်ရောက်ကုသနေသော နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများအတွက် အလှူငွေများ၊ စားသောက်ကုန်၊ လူသုံးကုန်များကို ကုသဆောင်များအရောက် သွားရောက်ပေးအပ်လှူဒါန်းစဉ်။

# တနိုင်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များကို စားသောက်ဖွယ်ရာများထောက်ပံ့




တနိုင်းမြို့ နယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးအပ်စဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၆**

ကချင်ပြည်နယ် တနိုင်းမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တနိုင်းမြို့ နယ်မြေခံတပ်ရှိ ရဲမာန်အောင်ခန်းမ၌ ပြုလုပ်ရာ နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာနယ်မြေခံတပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယင်းနောက် တနိုင်းတပ်နယ် နယ်လှည့်ဆေးကုသရေးအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# ထောင်မှပြန်လွှတ်ပေးထားသည့် တပ်မတော်သားများကို ကွင်းကောက်မြို့တွင် နှစ်ပတ်သင်တန်းပြန်တက်နေရကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မြို့နယ်များရှိ အကျဉ်းထောင်များမှ လွတ်ငြိမ်းခွင့်ရရှိသည့် စစ်သားဟောင်း ၁၅၀ကိုကွင်းကောက်မြို့ရှိ အမှတ်(၅)တပ်မတော် တန်းမြင့်လေ့ကျင့်ရေးကျောင်းသို့ ပို့ဆောင်ပြီး ရက်တိုသင်တန်းများ သင်ကြားပေးနေကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာဖြစ်သည့် Ayeyarwaddy Times မှ သတင်းတု၊ သတင်းအမှားများ လူမှုကွန်ရက်စာမျက်နှာတွင် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာကွင်းကောက်မြို့နယ်ရှိ သင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မှန်ကန်မှုမရှိကြောင်းနှင့် ယင်းကဲ့သို့ သင်တန်းများပို့ချခြင်းမရှိကြောင်း သိရှိရသည်။ တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် တပ်မတော်အပေါ် အများပြည်သူအထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ သတင်းတု၊ သတင်းမှားများကို လုပ်ကြံလိမ်လည်ရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# စစ်ကိုင်းတိုင်းဒေသကြီး မုံရွာအကျဉ်းထောင်၌ ဖမ်းဆီးထိန်းသိမ်းခံထားရသည့် နိုင်ငံရေးအကျဉ်းသားများကို အကျဉ်းထောင်တာဝန်ခံအရာရှိများက ညှင်းပန်းနှိပ်စက်မှုများ ပြုလုပ်နေကြောင်း သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသားများကို အကျဉ်းထောင်တာဝန်ခံအရာရှိများက ညှဉ်းပန်းနှိပ်စက်မှုများပြုလုပ်လျက်ရှိကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာဖြစ်သည့် RFAမှ သတင်းတု၊ သတင်းအမှားများ လူမှုကွန်ရက်စာမျက်နှာတွင် လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ မှန်ကန်မှုမရှိကြောင်း၊ အကျဉ်းထောင်တွင် ပုံမှန်အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေမဲ့ လုပ်ဆောင်ခြင်းများ ပြုလုပ်ခြင်းမရှိကြောင်း၊ ဝါဒဖြန့်ရေးသားခြင်းသာဖြစ်ကြောင်း သိရှိရသည်။







တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် သတင်းတု၊ သတင်းမှားများကို မြို့ရွာများ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် အများပြည်သူ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံလိမ်လည်ရေးသား၍ အချိန်ကိုက်ဖြန့်ဝေရေးသားနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။


ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၁၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Htet Moe Kyaw"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်စော်ဘွားကြီးကုန်းရပ်ကွက်နေ ထက်မိုးကျော်(ခ) ထက်ကြီးအား နံနက် ၉ နာရီတွင်လည်းကောင်း၊ "KoZaw Wana (ဦးဇော်)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁၅) ရပ်ကွက်နေ ဇော်ဝဏ္ဏအား ည ၆ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "ခိုဇခိုဇ Tike Kyi" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက်နေ ခင်စိုးယုအား ည ၇ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

0 w Hw d @

# ဥယျာဉ်မှူးရဲ့အပြုံး

ခင်ဖော်(သီတာတုန်းဖြင်)




(၁)

ကျွန်မစီးလာခဲ့သော ဟသ်ာတ-လေးမျက်နှာ ခရီးသည်တင်ကားသည် နံနက် ၁၁ နာရီ မိနစ် ၃၀ တွင် လေးမျက်နှာမြို့ကလေးသို့ ရောက်ရှိလာသည်။ ရောက်ရောက်ချင်း မြို့နယ်ပညာရေးမှူးရုံးသို့ ဝင်ရောက်သတင်းပို့ပြီး ရုံးမှဆက်သွယ်အကူအညီပေးမှုနှင့် သွားရောက်တာဝန်ထမ်းဆောင်ရမည့်ရွာမှ ကျောင်းအကျိုးတော်ဆောင်နှစ်ဦးက စက်တပ်လှေကလေးဖြင့် လေးမျက်နှာစက်လှေဆိပ်က လာရောက်ကြိုဆိုကြသည်။

"ကျွန်တော့်နာမည်က ကိုမျိုးလွင်ပါဆရာမ။ သူက ကိုစိုးထက်ပါ။ ကျွန်တော်တို့ရွာလေးက လေးမျက်နှာမြို့ကနေ တစ်နာရီလောက်မောင်းရင် ရောက်ပါပြီ။ ရွာကနေ အလာခရီးဆိုရင်တော့ ရေဆန်ဖြစ်လို့ တစ်နာရီခွဲလောက် မောင်းရပါတယ်"

"ဟုတ်ကဲ့ပါရှင်။ ကျွန်မနာမည်ကလဲ ဒေါ်စန္ဒာလင်းပါ။ မူလတန်းကျောင်းအုပ်တာဝန်နဲ့ အစ်ကိုတို့ရွာကို တာဝန်ကျလို့ ရောက်လာတာပါ။ အခုလိုလာရောက်ကြိုဆိုပေးလို့ တအားကျေးဇူးတင်ပါတယ်နော်"

စက်လှေပေါ်တွင် လာရောက်ကြိုဆိုသူ ကျောင်းအကျိုးတော်ဆောင်များက မိတ်ဆက်စကားဆိုနေသည့်အတွက် ကျွန်မကလည်း ဖော်ရွေပျူငှာစွာ ပြန်လည်နှုတ်ဆက်လိုက်၏။ မွေးကတည်းက မြို့ပေါ်တွင်မွေးပြီး မြို့ပေါ်မှာပဲ ကြီးပြင်းခဲ့ရသူဖြစ်သော်လည်း မိဘဆွေမျိုးများက မြစ်ဝကျွန်းပေါ်သားများဖြစ်ခြင်းကြောင့် ရေလမ်းခရီးကိစ္စတွင် ကျွန်မအတွက် အထူးတလည်မဟုတ်ဘဲ ရင်းနှီးကျွမ်းဝင်ပြီးသားဖြစ်၏။ ကွေ့ကွေ့ကောက်ကောက် မြစ်ကမ်းတစ်လျှောက်တွင် ညိုညိုဝါဝါသောင်ပြင်တန်းကြီးက ရေလယ်ဆီသို့ ထိုးထွက်နေသောကျောက်ဆောင်များအလား ပြာလဲ့လဲ့ ကောင်းကင်ကြီးအောက်တွင် ငြိမ်သက်စွာလဲလျောင်းလျက်ရှိနေကြသည်။ မြစ်၏ယာဘက်အခြမ်းသည် မြစ်ရေလွှမ်းခြုထားသော ရေနက်ကွင်းများဖြစ်၏။ ဤသည်ကား မြစ်ဝကျွန်းပေါ်ဒေသ၏ သဘာဝ အလှတရားများပင်ဖြစ်သည်။ တရိပ်ရိပ်ပြေးနေသော စက်တပ်လှေကလေး၏ ဝဲ၊ ယာဘက် ရေစီးတစ်လျှောက်တွင် ဒိုက်ပုံများ၊ ဗေဒါပင်များမျောပါနေကြသကဲ့သို့ တစ်ခါတစ်ရံ ကျွန်မတို့၏ဦးခေါင်းထက်မှ ဗျိုင်းငှက်များသည် သာယာငြိမ့်ညောင်းစွာတွန်ကျူးလျက် ပျံသန်းသွားကြသေးသည်။ ထိုအချိန်အခါများတွင် ငယ်ငယ်က ပဉ္စမတန်းတွင် သူ သင်ယူခဲ့ရသည်-

မြသားငယ်တဲ့ ရေယမုန်၊
ငွေလှိုင်းတွေ ဖြူစွာနှင့်
မြစ်ရော နဒီကြောမှာ
မျောကြ ဒိုက်ပုံ၊
ကျူဝါးရုံ
တူစုံကွဲ့ဖော်နှော၊
ဘုံမတီးရယ်နှင့်
ငှက်ကြီး ရွှေဝန်ပိုတို့
ဝဲခိုလို့မျော။ဆိုသည့် မြစ်ရောကဗျာလေးကို

နှုတ်က အလိုလိုဆိုမိလျက်သားဖြစ်သွား၏။

ဝဋ်မြစ်ကမ်းဘေးအောက်ရှိးဆိုသည့်ရွာကလေးတစ်ရွာကိုရောက်သည်နှင့် စက်တပ်လှေကလေးသည် မြစ်မှခွဲထွက်သွားသည့်ချောင်းကလေးအတိုင်း တိုးဝင်သွားခဲ့သည်။

"ကျွန်တော်တို့ယင်းဆယ်ရွာလေးက ဒီချောင်းလေးအတိုင်း ၁၅ မိနစ်လောက်မောင်းရင် ရောက်ပြီဆရာမ"

စက်လှေလမ်းကြောင်း ပြောင်းလဲသွားရခြင်း၏ အကြောင်းကို သိချင်စိတ်ကြောင့် မေးတော့မည်ဆဲဆဲတွင် ကိုစိုးထက်ကရှင်းပြသဖြင့် "ဪ. . ."လို့သာ သူ့နှုတ်ကရှင်းပြီဆိုသည့်အကြောင်း အဖြေပေးမိပြီး ကျယ်ပြောလှသည့် ရေပြင်ကျယ်၏အဆုံး ဟိုးခပ်ရေးရေးတွင် တုံးလုံးအလျားလိုက်အိပ်စက်နေသည့်အလား မြင်နေရသည့် ညို့ညို့မှိုင်းမှိုင်း ရခိုင်ရိုးမတောင်တန်းကြီးကို မျက်တောင်မခပ် လှမ်းကြည့်နေမိရင်း-

"ကျောင်းဆရာမအလုပ်ဆိုတာ အမိတိုင်းပြည်ကို ပြန်လည်ကျေးဇူးပြုဖို့အတွက် မိန်းမသားတွေအဖို့ အသင့်တော်ဆုံးအလုပ်ပဲငါ့သမီး။ ဣန္ဒြေလဲရှိ၊ ဂုဏ်လဲရှိတယ်။ ပညာရေးဝန်ထမ်းဆိုတာ ဘဝအတွက် ငွေကြေးပြည့်စုံချမ်းသာမှုကိုမပေးနိုင်ဘူးလို့ ထင်ရပေမဲ့ ဒီအလုပ်ကြောင့် ငါ့သမီးရဲ့ဘဝမှာ တစ်သက်လုံး ဂုဏ်ယူစရာတွေ၊ ကျေနပ်ပီတိဖြစ်စရာတွေ အမြဲဖြစ်နေမှာပါသမီးရယ်"ဆိုသည့် တစ်ချိန်က အမေ့စကားများနှင့် ကျွန်မဘဝကို ပြန်လည်သတိရလာသည်။

(၂)

ကျွန်မအမေ ဒေါ်ကြည်ကြည်လင်းက အထက်တန်းပြကျောင်းဆရာမအငြိမ်းစားဖြစ်သည်။ ကျွန်မကိုလည်း သူ့နည်းတူ ကျောင်းဆရာမကြီးဖြစ်စေချင်သည်။ ကျောင်းဆရာမအလုပ်ကို ကျွန်မလည်းဝါသနာပါ၏။ သို့သော် ကျွန်မဖြစ်ချင်သည့်ဆရာမအလုပ်မှာ ဝေးလံခေါင်ဖျားလှသည့်တောစွန်တောင်ဖျားတွင် တာဝန်ထမ်းရသော မူလတန်းပြဆရာမအလုပ်မျိုးမဟုတ်ပေ။ မူလတန်းပြဆရာမအလုပ်မျိုးကိုလည်း အိပ်မက်ထဲပင် မမက်ခဲ့ဖူးပါ။ ကျွန်မ မဟာသိပ္ပံဘွဲ့ရအောင်ယူမည်။ ထို့နောက် မြို့ကြီးများတွင်သာနေရသည့် တက္ကသိုလ်ဆရာမမျိုးလုပ်မည်။ တက္ကသိုလ်ဆရာမအိပ်မက်ကို အကြီးအကျယ်စိတ်ကူးယဉ်ခဲ့သည်။ ကျွန်မဘွဲ့ရတော့ မဟာဘွဲ့ဆက်တက်ရန်အတွက် အမှတ်မီခဲ့သည်။ သို့သော် အဖေမရှိတော့သည့်နောက်ပိုင်း အမေ့ဆန္ဒကို မလွန်ဆန်ရက်ပါ။ အမေ့ပင်စင်လစာလေးနှင့် အိမ်ဈေးဆိုင်လေးမှရသောဝင်ငွေက မဟာဘွဲ့ယူရန်ဆိုသည်မှာ ဘယ်လိုမှမဖြစ်နိုင်ပါ။ ကျွန်မဆန္ဒတစ်ခုကြောင့် မုဆိုးမအမေအိုကြီး အသက်ကြီးမှ ပင်ပန်းဆင်းရဲစွာရုန်းကန်ကြိုးစားရမည်ကို ကျွန်မ မကြည့်ရက်ပါ။ ထို့ကြောင့် ကိုယ့်ဘဝနှင့်ထိုက်တန်သင့်လျော်သည့် ယခုကဲ့သို့ အခြေခံမူလတန်းပြဆရာမလေးဘဝကိုသာ ရွေးချယ်ခဲ့ရခြင်းဖြစ်သည်။

(၃)

"ရောက်ပါပြီဆရာမ။ စာသင်ကျောင်းက ဒီလမ်းကတက်ရမှာ"

ချောင်းကမ်းနဖူးနံ့စပ်တွင် ထိုးကပ်လိုက်ပြီးသည်နှင့် တစ်နာရီခန့်ကြာ ခရီးနှင်ခဲ့ရသောလှေကလေးမှာ အနားရသွားလေပြီဖြစ်၏။ ကိုမျိုးလွင်က ပေါ့ပါးစွာ ရွံ့ညွန်ထဲခုန်ဆင်းလိုက်ပြီး လှေဦးကြိုးကိုယူကာနီးရာဝါးတိုင်တစ်ခုတွင် ချည်လိုက်၏။ ထို့နောက် ကိုစိုးထက်လှမ်းပေးသည့် သူ့အထုပ်များ၊ ဆွဲခြင်းများကိုသယ်ရင်း စာသင်ကျောင်းရှိရာနေရာကို ကျွန်မကို ညွှန်ပြ၏။ လှေပေါ်ကဆင်းပြီး ရွံ့ဗွက်များစွာရှိသည့် ချောင်းကမ်းနဖူးလမ်းအတိုင်းလျှောက်လာခဲ့ရာ နေအိမ်ခြံဝင်းများအတွင်းမှ ဖြစ်သလိုဖောက်ထားသည့် ကွေ့ကွေ့ကောက်ကောက်ရွာလမ်းများ၊ ဓနိမိုး၊ ဓနိကာ ခြေတန်ရှည်ဝါးအိမ်လေးများ၊ ခြံစည်းရိုးမရှိ၊ ဓနိမိုးထရံကာ တဲသာသာရှိသည့် ယိုင်နဲ့နဲ့ ခြေတံရှည်အဆောက်အအုံလေး၏ ရှေ့တွင် "အမက. ယင်းဆယ်"ဆိုသည့် ဆိုင်းဘုတ်လေးကိုတွေ့ရသည်နှင့် "ဟူး"ဆိုသည့် ရှည်လျားသော သက်ပြင်းရှည်တစ်ခုကို ကျွန်မချလိုက်မိရင်း အထစ်ခုနစ်ထစ်ရှိသော ဝါးလှေကားလေးအတိုင်း စာသင်ကျောင်းပေါ်ကို တစ်လှမ်းချင်း စိုးတထိတ်ထိတ်ဖြင့် သတိထားတက်ခဲ့ရသည်။

"မင်္ဂလာပါဆရာမ။ ကျွန်တော်က ဆရာမ မရောက်သေးခင် ကျောင်းအုပ်တာဝန် ခေတ္တယူထားရတဲ့ ဆရာဦးခင်မောင်ဝင်းပါ။ ဒီရွာနဲ့ တစ်ကွင်းခြား နှစ်မိုင်လောက်ဝေးတဲ့ မယ်ဇလီရွာမှာနေပါတယ်"

ရောက်ရောက်ချင်း တာဝန်ခံဆရာက မိတ်ဆက်စကားပြောပြီး ကျောင်းစာရင်းဇယားများကို ကျွန်မထံ လွှဲပြောင်းပေးသည်။ ထို့နောက် ရွာမိရွာဖများ၊ ကျောင်းအနီး ကျွန်မတည်းခိုရမည့် နေအိမ်မှအပျိုကြီး ဒေါ်လှမေနှင့်ပါ မိတ်ဆက်ပေးခဲ့သည်။ ဒီကျောင်းလေးတွင် ဆရာဆိုလို့ ကျွန်မနှင့် ဆရာဦးခင်မောင်ဝင်း နှစ်ယောက်သာရှိသည်။ ကလေးများ၏အဝတ်အစားများက ဖြူဖြူစင်စင်မရှိ ညစ်နွမ်းနွမ်းနှင့် ချွေးနံ့များ၊ နေလောင်နံ့များ၊ ငါးနံ့များဖြင့်ရောသမမွှေကာ ဘာဘာဝကို အရောင်ဆိုးခြင်းမရှိဘဲ ပကတိရုပ်သွင်နှင့် ကျွန်မကို ကြိုဆိုနှုတ်ဆက်နေကြ၏။ ကျောင်းသားဦးရေစာရင်းတွင် ၅၂ ဦးဟုဆိုသော်လည်း ယခု ကျွန်မရှေ့တွင် မြင်နေရသည်က ဦးရေ ၂၀ ပင်မပြည့်ပါ။ နောက်ရက်များလည်း ယခုအတိုင်းပင် ကျောင်းတက်ရက်မှန်သူဟူ၍ မတွေ့ရ။ တစ်ဝက်တက်တစ်ဝက်ပျက်သာဖြစ်၏။ သည်ကိစ္စ၏အကြောင်းရင်းကို ကျွန်မအလွန်သိချင်သည်။

"ကျွန်တော်တို့ရွာလေးက တံငါလုပ်ငန်းနဲ့အသက်မွေးရတာလေဆရာမရဲ့။ ရွာရဲ့ပညာရေးမှာ ထူးထူးချွန်ချွန် အောင်မြင်သူတွေဆိုတာလဲမရှိခဲ့သလို ပညာရေးမှာ သေစာရှင်စာလောက်တတ်ရင်တော်ပြီလို့ပဲ စိတ်ကူးပြီး သုံးတန်း၊ လေးတန်းလောက်တတ်ရင် အပြင်ထွက်အလုပ်လုပ်ကြပေါ့။ တံငါသည်ရဲ့သားသမီးက တံငါသည်ပဲပေါ့ ဆရာမရယ်။ ဘဝအဆင်မပြေတော့ စားဝတ်နေရေးပဲ ဦးစားပေးနေရတာလေ"

ကျောင်းအကျိုးတော်ဆောင်တစ်ဦးထံမှ သိရသည့် ကျောင်းသားမိဘများ၏ခံယူချက်စကားများကိုကြားရချိန်တွင် ကလေးများ၏ နောင်ရေးနှင့် တိုင်းပြည်၏ အနာဂတ်ကိုတွေးရင်း ကျွန်မရင်ထဲ နင့်ခနဲနေအောင် ခံစားမိသည်။ နောက်တစ်ပတ်မှစပြီး ကျွန်မကျောင်းပိတ်ရက်တိုင်း ရွာထဲကကျောင်းသားများ နေအိမ်ကို ကျောင်းသားတစ်ယောက်ကိုအဖော်လုပ်ပြီး သွားသည်။ ရွံ့ဗွက်အပြည့်နှင့် ကွေ့ကွေ့ကောက်ကောက်ရွာလမ်းတစ်လျှောက် ငါးပုပ်နံ့များကလည်း တထောင်းထောင်းထနေသည်။ မိဘများပိုက်ချသွားသည့်အတွက် အိမ်စောင့်နေရသည့်ကလေးများ၊ မိဘများနှင့်အတူ ငါးရှာ၊ ထင်းခုတ်လိုက်သွားရသည့်ကလေးများ၊ ပိုက်ဖာနေရသည့်ကလေးများ၊ ယင်းရက်နေရသည့်ကလေးများ၊ ငါးကူရွေးနေရသည့်ကလေးများ၊ မောင်လေး၊ ညီမလေးများကို ထိန်းပေးနေရသည့် ကလေးများ၏မြင်ကွင်းမျိုးစုံကို ကျွန်မစိတ်မကောင်းစွာမြင်ရ၏။ အတတ်နိုင်ဆုံးကျောင်းတက်မပျက်ရန်နှင့် ကလေးများ၏နောင်ရေးအတွက်စဉ်းစားပြီး လုပ်ဆောင်ပေးရန် မိဘများနားလည်အောင်ရှင်းပြပြောဆိုခဲ့သည်။ ကျွန်မကိုယ်တိုင် သူတို့အိမ်များကို လာရောက်သည်ကို မိဘများအံ့ဩနေကြသည်။ အပတ်စဉ်တိုင်း ကျောင်းသားများ၏ နေအိမ်ကို ကျွန်မ အလှည့်ကျသွားသည်။ မိဘများနှင့် ကျွန်မခင်မင်ရင်းနှီးလာသလို ကျောင်းပျက်သည့်ကလေးဦးရေနည်းလာပြီး ကျောင်းတက်မှန်လာကြသည်။ သူတို့လေးများနှင့် ကျွန်မရင်းနှီးလာသည်။ ကျွန်မလာတာမြင်လျှင် ကျောင်းအဝင်ဝကပြေးပြီး ကြိုဆိုနှုတ်ဆက်ကြသည်။ ရွာလမ်းတွင် ကျွန်မလျှောက်လာသည်ကို မြင်လျှင် စက်ဘီးစီးလာသူများ၊ နွားလှည်းမောင်းလာသူများ ခဏရပ်၍ ဘေးကပ်ပေးကြသည်။ အချို့က တလေးတစား ပြုံးရွှင်စွာနှုတ်ဆက်ကြ၏။ မိဘများက သူတို့ကလေးများမှတစ်ဆင့် ငါးကြော်၊ ငါးဟင်း၊ ပုစွန်ချက် စသည့်ဟင်းများကို ပို့ပေးကြသလို အချို့မိဘများကလည်း ကိုယ်တိုင် တကူးတက လာရောက်ပို့ဆောင်ပေးကြသေးသည်။ လာရောက်ပို့ဆောင်ကြသည့်ဟင်းများ၊ လက်လုပ်မုန့်မျိုးစုံကို တစ်ဝက်ခွဲပြီး ရွာဦးကျောင်းဆရာတော်ထံ အမြဲသွားရောက်လှူဒါန်းဖြစ်သည်။ ကျွန်မ၏ကြိုးစားမှုပထမအဆင့် အောင်မြင်ခဲ့သည့်အတွက် အလွန်ဝမ်းသာပီတိဖြစ်နေမိသလို အမေ့ဆီကို စာရေးအကြောင်းကြားပြီး ကြွားမိသေးသည်။

(၄)

"ဟာ ဆရာမရယ် အသစ်တစ်ဆောင်ဆောက်ဖို့ဆိုတာဖြစ်နိုင်ပါ့မလား။ ကျွန်တော်တို့ရွာက ဆင်းရဲတယ်။ ဒီအချက်ကိုလဲထည့်တွက်အုံး"

ယိုင်နဲ့နဲ့ဖြစ်နေသည့်ကျောင်းဟောင်းလေး၏ဘေးတွင်

စာမျက်နှာ ၂၅ သို့ ➤

# ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စိုက်ပျိုးခဲ့သော စပါး ၂၂၈၉ ဧက ရိတ်သိမ်းပြီးစီး



**ငပုတော ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောစပါး ၂၂၈၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၇၀၇၆ ဧကကို ဇွန်လပထမပတ်က စတင်စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါးများကို ပြန်လည်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၂၂၈၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ဟိုင်းကြီးကျွန်းမြို့တွင် ရိတ်သိမ်းနေသည့် စပါး တစ်ဧကလျှင် ၉၀ ဒသမ ၃၃ တင်းထိ ထွက်ရှိကြောင်း သိရသည်။

"ဟိုင်းကြီးကျွန်းမြို့အနေနဲ့ အခုနှစ် စပါးကို ၄၇၀၇၆ ဧကထိ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဟိုင်းကြီးကျွန်းမြို့မှာ မိုးစပါးကိုသာ အဓိကစိုက်ပျိုးကြပါတယ်။ လက်ရှိ မိုးစပါးတွေ ပြန်လည်ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၂၂၈၉ ဧက ရိတ်သိမ်းပြီးပါပြီ။ အခုနှစ် မိုးစပါးတွေကို ဒေသနဲ့ကိုက်ညီပြီး အထွက်နှုန်းကောင်း စပါးအမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးခဲ့ပါတယ်" ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းမျိုးသန့်က ပြောပြသည်။ **ကျော်ကျော်လင်း**

---

➤ စာမျက်နှာ ၂၄ မှအဆက်

သစ်သားကျောင်းတစ်ကျောင်းထပ်ဆောက်ရန်အတွက် ပြုလုပ်သည့် အစည်းအဝေးပွဲတွင် ရွာဦးကျောင်းဆရာတော်လည်း ကြွရောက်လာသလို ကျောင်းသားမိဘများ၊ ရွာသားများစုံလင်စွာ တက်ရောက်လာကြသည်။ သို့သော် ကျွန်မ၏တင်ပြချက်အပေါ် ရွာသားတစ်ဦးက သူ့ရဲ့ထင်မြင်ချက်ကို ထပြီးပြော၏။ အခြားသောပရိသတ်များက တစ်ဦးနှင့်တစ်ဦး တီးတိုး တီးတိုး တိုင်ပင်နေကြဟန်တွေ့ရသည်။

"မဖြစ်နိုင်ဘူးဆိုတာမရှိပါဘူးဦးရယ်။ ရွာသားတွေ စည်းလုံးညီညွတ်ဖို့ပဲ အဓိကလိုတာပါ။ စည်းလုံးမှုရှိရင် ဘာမဆိုဖြစ်နိုင်တယ်ဆိုတဲ့သာဓကတွေအများကြီးရှိပါတယ်။ ကျွန်မ ဒီကျောင်းကိုရောက်တာ အခုဆိုရင် တစ်နှစ်ကျော်ခဲ့ပြီ။ ရောက်ခါစ ကျောင်းသားအယောက် ၅၀ လောက်ပဲရှိတာ။ အခုဆိုရင် ကျောင်းသားအယောက် ၁၀၀ ကျော်သွားပြီဖြစ်သလို ဒီကျောင်းကနေ မြို့နယ်အဆင့်ထူးချွန်ကျောင်းသား ငါးယောက်တောင် ဒီနှစ်မှာပေါ်ထွက်ခဲ့ပါတယ်။ ဒါဟာ ကျွန်မတို့ရွာပညာရေးရဲ့ တိုးတက်လာမှုပါပဲ။ တိုးပွားလာတဲ့ကျောင်းသားဦးရေနဲ့ မူလကျောင်းလေးက မမျှတော့ပါဘူး။ လက်ရှိကျောင်းကလဲ အားလုံးအမြင်ပဲလေ။ သက်တမ်းကြာလာပြီဆိုတော့ အဘက်ဘက်ကပျက်စီးနေပါပြီ"

ကျွန်မပြောနေသည့် စကားများကို ရွာသားများက ပထမပိုင်းလိုမဟုတ်ဘဲ ငြိမ်သက်စွာနားထောင်နေကြသည်။

"ကျွန်မကလဲ ကျောင်းကို တစ်နှစ်ထဲအပြီးဆောက်ဖို့ပြောတာမဟုတ်ပါဘူး။ အနည်းဆုံး သုံးနှစ်စီမံကိန်းနဲ့ဆောက်မှာပါ။ ထည့်ရမဲ့အလှူငွေကလဲ ပဲပေါ်ချိန်မှ အရစ်ကျနဲ့ထည့်ကြပါ။ ကျွန်မကလဲ ကျွန်မလစာထဲက မတည်ငွေစပြီးထည့်ပါမယ်။ အလှူငွေမထည့်နိုင်တဲ့ လက်လုပ်လက်စား မပြေလည်သူတွေက ပဲရိတ်တဲ့အချိန် စုပေါင်းလုပ်အားပေးနဲ့ ရိတ်ကျပြီး ရတဲ့ငွေကို ကျောင်းအလှူငွေထဲထည့်ဖို့စီစဉ်ထားပါတယ်"

ထိုအချိန်တွင် ရွာဦးကျောင်းဆရာတော်က ကျွန်မကိုလက်ပြ၍ ထိုင်ခုံကထလာသဖြင့် ကျွန်မပြောလက်စစကားကိုရပ်ပြီး ခဏထိုင်လိုက်၏။ ဆရာတော်က ဆက်လက်၍-

"ကြွရောက်လာတဲ့ဒကာ၊ ဒကာမတွေကို ဆရာတော်စကားအနည်းငယ် ပြောချင်ပါတယ်။ ကျောင်းဆရာမလေးပြောတဲ့စကားတွေကို နားထောင်နေရင်း သြော်. . . ဒီဆရာမလေး သူနဲ့သွေးမတော်သားမစပ်တဲ့ ဒီရွာလေးအပေါ် ထားတဲ့မေတ္တာစေတနာတွေဟာ ကြီးမားလိုက်တာလို့။ သူ့စကားတွေထဲမှာ ဆရာတော်တို့ရဲ့ရွာအပေါ် မှာထားတဲ့စေတနာတွေအထင်းသားပေါ်လွင်နေတာကို တွေ့ရတယ်။ သူ့လိုလူတောင် ရွာ အပေါ် ကို ဒီလောက်စေတနာထားနေရင် တို့တွေက မသိသလိုလုပ်ပြီး မဖြစ်နိုင်ဘူးဆိုတဲ့စကားတွေပြောပြီး လျစ်လျူရှုနေခဲ့ရင် တို့တွေဟာ ဒီရွာသားရယ်လို့ မပြောထိုက်တော့ဘူးဆိုတဲ့ အသိတစ်ခုဟာ ဆရာတော်ရင်ထဲမှာဖြစ်ပေါ်လာတယ်။ ဒါကြောင့် တို့ရွာသားတွေအားလုံးစည်းစည်းလုံးလုံးနဲ့ ကျောင်းဆောင်သစ်ဖြစ်မြောက်အောင် ဝိုင်းကြိုးစားကြဖို့ ဆရာတော်တိုက်တွန်းပါတယ်။ ဆရာတော်ကလဲ ပထမအကြိမ်မတည်ငွေကျပ် ၅၀၀၀၀ စပြီးထည့်ပါ့မယ်"

ဆရာတော့်စကားကြောင့် ရွာသားအားလုံးလှုပ်လှုပ်ရှားရှားဖြစ်သွားကြပြီး ရွာလူကြီးဦးထွန်းနိုင်ကလည်း-

"ကျွန်တော်လဲ ငွေကျပ် ၅၀၀၀၀ ထည့်ပါမယ်"

ထို့နောက် ရွာအထက်ပိုင်းမှ ဘကြီးစံမြက-

"ကျွန်တော့်အတွက်လဲ ငွေကျပ် ၅၀၀၀၀ မှတ်လိုက်ပါ"

ထို့နောက် အသီးသီးသော ရွာသားများက ၃၀၀၀၀၊ ၂၀၀၀၀၊ ၁၀၀၀၀ စသည်ဖြင့် တစ်ယောက်ပြီးတစ်ယောက်ထပြီး လှူကြသည့် အလှူငွေစာရင်းများသည် အလွန်များပြားလွန်းကြသည့်အတွက် ကျွန်မ အလွန်ပြုံးပျော်မိသည်။ အစည်းအဝေးပွဲပြီးသည့် နောက်တစ်နေ့တွင် မျက်စိမမြင်သော အဘိုးအိုတစ်ယောက်ကို လူငယ်တစ်ဦးက ကျောင်းပေါ် ရောက်အောင် တွဲခေါ် လာသည်ကိုတွေ့ရသည်။ ထို့နောက် အဘိုးအိုက ကျွန်မကို ငွေကျပ် ၁၀၀၀ တန်သုံးရွက်ကို တရိုတသေဖြင့် ကျောင်းအသစ်ဆောက်မည်ပြောသောကြောင့် သူ မြိုးကျစ်ခရသည့် ငွေလေးများကို ဝမ်းပန်းတသာ လာရောက်ထည့်ဝင်ခြင်းဖြစ်ကြောင်း ပြောဆိုပြီး ထည့်ဝင်သွားသည့်အတွက် ကျွန်မကြည်နူးခြင်းမျက်ရည်စို့ မိပြန်သည်။

(၅)

သုံးနှစ်စီမံကိန်းနှင့်ဆောက်ရန် လျာထားခဲ့သည့် ကျောင်းဆောင်သစ်ကလေးသည် ရွာသားအားလုံး၏စည်းလုံးညီညွတ်မှုနှင့်ပညာရေးအပေါ် အထူးဦးစားပေးဆောင်ရွက်ခဲ့မှုများကြောင့် နှစ်နှစ်နှင့် အပြီးတည်ဆောက်နိုင်ခဲ့ကြပါသည်။ တံငါလုပ်ငန်းနှင့်အသက်မွေးရသည့် သည်ရွာလေး၏ စီးပွားရေးကိုဖွံ့ဖြိုးစည်ပင်စေချင်သည့် ကျွန်မဆန္ဒကြောင့် ယင်းဆယ်ရွာလေးကထွက်သော ငါးဖန်းမငါးပိကောင်များ၊ ငါး၊ ပုစွန်များကို မြို့ပေါ်က ကျွန်မအသိပွဲရုံများနှင့်ချိတ်ဆက်ပေးကာ ရောင်းချစေခဲ့သည့်အတွက် ယခင်နှစ်များကဲ့သို့ ဘေးရွာများကတစ်ဆင့် ဒိုင်များကိုရောင်းချခဲ့ရသော ဈေးထက်များစွာပိုရကာ အမြတ်အစွန်းငွေများရရှိခဲ့ကြသည်။ မညီမညာနှင့်အိမ်ခြံဝင်းထဲမှ ဖြစ်သလိုဖောက်ထားသော ရွာလမ်းများကိုလည်း ကျွန်မဦးဆောင်မှုဖြင့် ဖြောင့်တန်းညီညာသောလမ်းမကျယ်ကြီးများဖြစ်၍ နေပြီဖြစ်သကဲ့သို့ ကွန်ကရစ်လမ်းများဖြစ်မြောက်ရေးအတွက် ဆက်လက်ကြိုးစားကြရန် ရွာကော်မတီဖွဲ့၍ အစီးရထံတောင်းခံထားပြီးလည်းဖြစ်သည်။ ယခုတော့ ယင်းဆယ်ရွာလေးသည် ယခင်ကကဲ့သို့ လေးမျက်နှာမြို့နယ်၏ ဖွံ့ဖြိုးမှုနောက်ကျခဲ့ရသည့် မဲဇာတောရွာကလေးမဟုတ်တော့။ တောင်သူများ၏ စီးပွားရေးဖွံ့ဖြိုးခဲ့ကြသည့်အတွက် ရွာဦးကျောင်းတွင်လည်း ရွှေရောင်တဝင်းဝင်းနှင့် အလှူဗြောစည်သံမစဲဖြစ်၍နေသလို ရွာအစမှအဆုံးထိ အိမ်ကြီးအိမ်ကောင်းများစွာနှင့် ခံ့ညားထည်ဝါနေခဲ့ပြီဖြစ်သည်။ ပညာရေးကဏ္ဍတွင်လည်း မူလတန်းကျောင်းအဆင့်မှ အလယ်တန်းအဆင့်သို့ တိုးမြှင့်ရရှိခဲ့ပြီဖြစ်သလို ကျောင်းနှင့်ကပ်လျက်မြေနေရာတွင် "ရေချိုအိုင်" စာကြည့်တိုက်ကလေးကိုပါ ဖွင့်လှစ်ထားနိုင်ခဲ့ပြီဖြစ်သည်။ တစ်ချိန်က တံငါသည်၏သားသမီးများဆိုပြီး သိမ်ငယ်စိတ်ဝင်ခဲ့ကြသော ကျွန်မတပည့်ကလေးများသည် နိုင်ငံ့သားကောင်းဝန်ထမ်းများ၊ လုပ်ငန်းရှင်ကြီးများ၊ တောင်သူဦးကြီးများအနေဖြင့် အမိတိုင်းပြည်ကို ကျေးဇူးပြုလျက်ရှိနေကြပြီဖြစ်၏။ တစ်ချိန်က မြို့ပြလူနေမှုစနစ်နှင့် မြို့ကြီးပြကြီးကို အထင်ကြီးလေးစားခဲ့သော ကျွန်မသည် ယခုတော့ တောမလေ့၊ တောသဘာဝကို ခုံမင်နှစ်သက်တတ်လာခဲ့ပြီဖြစ်သည်။ ယင်းဆယ်ရွာသားများသည် ကျွန်မ၏ဆွေမျိုးရင်းချာများပမာ မိသားစုသဖွယ် သံယောဇဉ်တွယ်ခဲ့ပြီဖြစ်သဖြင့် သည်ရွာလေးမှ အခြား မြို့ပေါ်နေရာများသို့ အပြောင်းအရွှေ့ပင် မတင်ဖြစ်တော့ပါ။ ကျွန်မ အမေ၏အသက် ၇၀ ပြည့်မွေးနေ့အလှူပွဲကို ရွာသားများဦးဆောင်၍ ကျွန်မတို့အိမ်၌ ကျင်းပပေးကြပါသည်။ အလှူပွဲအတွက် သန့်ရှင်းရေး၊ ချက်ပြုတ်ရေး၊ ဧည့်ခံရေး၊ ကျွေးမွေးရေး စသောကဏ္ဍပေါင်းစုံတွင် အသီးသီးတာဝန်ယူ၍ တပျော်တပါးလုပ်ဆောင်နေကြသော ယင်းဆယ်ရွာသားများကိုကြည့်ရင်း ကျွန်မအမေ၏မျက်နှာတွင် အပြုံးပန်းများဝေဖြာနေသကဲ့သို့ ကျွန်မသည်လည်း "ကျောင်းဆရာမအလုပ်ဆိုတာ ဘဝအတွက် ချမ်းသာပြည့်စုံမှုကို မပေးနိုင်ဘူးလို့ ထင်ရပေမဲ့ ဒီအလုပ်ကြောင့် ငါ့သမီးရဲ့ဘဝမှာ ဂုဏ်ယူစရာတွေ၊ ကျေနပ် ပီတိဖြစ်စရာ တွေ အမြဲဖြစ်နေမှာပါသမီးရယ်"ဆိုသည့် တစ်ချိန်က အမေ့စကားများကို ကြားယောင်ရင်း မိမိဘဝအတွက် ဂုဏ်ယူကျေနပ်သည့် အားမာန်ရှိသော အပြုံးတစ်ခုကို ပြုံးလိုက်မိပါတော့သည်။

---

## အောင်စစ်သည် ဇာနည်ဖွား

\- အောင်စစ်သည် ဇာနည်ဖွားတို့
စွန့်စားလို့ တိုက်ပွဲဝင်၊
ပြည်သူတွေ ဘဝရေး
မြော်တွေးလို့ပင်၊
ကြိုးစားလို့ ထာဝစဉ်
ပမာတင် သူ့ရဲကောင်း၊
အသက်ကိုပင် အနှေးအပ်စွာ
ပေးဆပ်ပါကြောင်း၊

\- ရာဇဝင် စဉ်လာကောင်း
ဂုဏ်အပေါင်း ဆောင်ကာယူ၊
ပြည်သူတွေ မေတ္တာစစ်နှင့်
ချစ်လျက်ကြည်ဖြူ၊
ဝိုင်းဝန်းလို့ လက်တွဲကူ
မပြူစူ တိုင်းပြည်ရေး၊
ဇွဲ လုံ့လ ဝီရိယဖြင့်
စွမ်းဆောင်ကြသေး။

\- တာဝန်ကို လက်မနှေး
မြော်မြင်တွေး ကောင်းဖို့ရည်၊
ကျရာနေ စေရာသွားလို့
ဝတ္တရားကျေ။
နွေမိုးဆောင်း ရာသီတွေ
ကြာရှည်စေ မမှုဘဲ၊
စစ်မြေပြင် ခရီးဆက်
လန်းလျက်အမြဲ။

\- ပြည်သူတွေရင်ထဲ
အစဉ်မြဲ ချစ်ခင်စွာ၊
ဦးညွှတ်သည် ထာဝရ
လေးစားကြကာ၊
ဂုဏ်ပြုကြ အစဉ်လာ
မင်္ဂလာ နေ့ရက်တိုင်း၊
အောင်စစ်သည် ဇာနည်ဖွားတို့
ထင်ရှားခဲ့သမိုင်း။ ။

**ကိုရွှေတောသား(ဆင်ကူး)**

---


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ဂျပန်ကားများကို ထိုးဖောက်ကျော်လွှန်လာသောတရုတ် EV ကားများ



ဂျပန်ကားထုတ်လုပ်သည့် မစ်ဆူဘီရှီမော်တော်ကားကုမ္ပဏီသည် ရောင်းအားကျဆင်းလာပြီး တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးကား(EV)များနှင့်ပြိုင်ဆိုင်မှု ပြင်းထန်လာသောကြောင့် Guangzhou Automobile Group (GAC) ကုမ္ပဏီနှင့်ပူးတွဲရင်းနှီးမြှုပ်နှံမှုများ ရုပ်သိမ်းတော့မည်ဖြစ်ကြောင်း ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်ကြေညာခဲ့သည်။

တရုတ်နိုင်ငံအတွင်းရှိ ပြည်ပနိုင်ငံများမှ ကားထုတ်လုပ်သူများသည် စိန်ခေါ်မှုများ ပိုမိုရင်ဆိုင်လာရကြောင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ကားထုတ်လုပ်မှုကဏ္ဍတွင် သိသာထင်ရှားသောပြောင်းလဲမှုများ ဖြစ်ပေါ်လာနေပြီဖြစ်ကြောင်းကို အဆိုပါဆုံးဖြတ်ချက်က မီးမောင်းထိုးပြလျက်ရှိသည်။

GAC သည် တရုတ်နိုင်ငံ၏ အဓိကကားထုတ်လုပ်သူများအနက်မှတစ်ခုဖြစ်ပြီး Toyota၊ Honda နှင့် Subaru အပါအဝင် ဂျပန်ကားထုတ်လုပ်သူများအတွက် ဒေသတွင်း မိတ်ဖက်ကုမ္ပဏီအဖြစ်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါပူးတွဲရင်းနှီးမြှုပ်နှံမှုများသည် GAC ၏ ထုတ်လုပ်မှုစွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်သကဲ့သို့ ပြည်ပကားထုတ်လုပ်သူများအတွက် တရုတ်နိုင်ငံ၏ ကြီးမားသောကားဈေးကွက်ကိုလည်း ဖွင့်လှစ်ပေးလျက်ရှိသည်။ GAC သည်ပြည်တွင်း၌ ကားထုတ်လုပ်မှုလုပ်ငန်းတိုးမြှင့်ရေး ရည်မှန်းချက်ဖြင့် ၁၉၉၀ ပြည့်လွန်နှစ်များတွင် စတင်ကျင့်သုံးခဲ့သောအစိုးရ၏ "ဈေးကွက်အတွက်နည်းပညာ" မဟာဗျူဟာနှင့်အညီ ပြည်ပကုမ္ပဏီများနှင့်ပူးတွဲရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

ထို့ကြောင့် တရုတ်နိုင်ငံတွင် ကားထုတ်လုပ်မှုသည် ၁၉၉၈ ခုနှစ်တွင် အစီးရေ ၅၀၀၀၀၀ သာရှိခဲ့ရာမှ ၂၀၀၉ ခုနှစ်တွင် ၁၀ သန်းကျော်ရှိလာခဲ့သည်။ ထို့ပြင် ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် အစီးရေ သန်း ၃၀ ထိရှိလာမည်ဟုမျှော်မှန်းထားရှိသည်။ လျှပ်စစ်သုံးကား(EV) များသည်လည်း ကားထုတ်လုပ်မှုကို ပိုမိုမြင့်တက်လာစေလျက်ရှိသည်။

တရုတ်နိုင်ငံသည် လျှပ်စစ်သုံးကား(EV) များထုတ်လုပ်ရာတွင် ကမ္ဘာ့ဦးဆောင်နေရာတွင် ရပ်တည်လျက်ရှိသည့်အပြင် လျှပ်စစ်သုံးကား(EV) ဈေးကွက်ကိုလည်း မြှင့်တင်လျက်ရှိရာ ကမ္ဘာလုံးဆိုင်ရာ လျှပ်စစ်သုံးကား(EV) ဈေးကွက်၏ ၆၀ ရာခိုင်နှုန်းခန့်ရှိနေသည်။ တရုတ်နိုင်ငံ၏ ကဏ္ဍအလိုက်ထိန်းချုပ်နိုင်မှုနှင့်ဘက်ထရီထုတ်လုပ်နိုင်မှုတွင် လွှမ်းမိုးထားနိုင်ခြင်းသည် ၎င်း၏ လျှပ်စစ်သုံးကား(EV)များထုတ်လုပ်မှုကို ပိုမိုခိုင်မာအားကောင်းစေလျက်ရှိသည်။

တရုတ်နိုင်ငံမှ မစ်ဆူဘီရှီကုမ္ပဏီထွက်ခွာခြင်းသည် သမားရိုးကျအင်ဂျင်စက်စွမ်းအားသုံးမော်တော်ကားများ ထုတ်လုပ်ရာမှ ဈေးကွက်ပြောင်းလဲလာသောအကျိုးဆက်ကြောင့်ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် လျှပ်စစ်သုံးကား(EV) ပစ္စည်းနှင့် လျှပ်စစ်သုံးကား(EV) ထုတ်လုပ်မှုတို့တွင် အဓိက ဦးဆောင်နိုင်ငံဖြစ်လာသောကြောင့် အင်ဂျင်ကားထုတ်လုပ်သည့်နိုင်ငံများအပေါ် သက်ရောက်မှုဖြစ်ပေါ်လာနိုင်သည့်အပြင် အခြားသောအင်ဂျင်ကားအစိတ်အပိုင်းထုတ်လုပ်သူများကိုလည်း ထိခိုက်စေနိုင်ပေသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံရှိ ကားထုတ်လုပ်သည့် ပြည်ပကုမ္ပဏီများသည် ပြည်တွင်းထုတ်လုပ်သူများ၏ဖိအားနှင့် ရင်ဆိုင်ရလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း တရုတ်နိုင်ငံရှိလမ်းမကြီးများပေါ်တွင် မောင်းနှင်နေသောကားအရေအတွက် ၆၂ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ၅၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ ၂၀၂၂ ခုနှစ်တွင် ၅၀ ရာခိုင်နှုန်းသို့လည်းကောင်းကျဆင်းလာလျက်ရှိသည်။

လျှပ်စစ်သုံးကား(EV)များသည် တရုတ်နိုင်ငံ၏ ရည်မှန်းချက်များဖြစ်သည့် စွမ်းအင်လုံခြုံမှုမြှင့်တင်ခြင်း၊ ကာဗွန်ထုတ်လွှတ်မှုလျှော့ချခြင်းနှင့် ပြည်တွင်းကားထုတ်လုပ်မှု အမှတ်တံဆိပ်များတိုးမြှင့်ခြင်းတို့အတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ တရုတ်အစိုးရသည် ၂၀၂၀ ပြည့်နှစ်ကတည်းက လျှပ်စစ်သုံးကား (EV) ထုတ်လုပ်မှုအတွက်ရင်းနှီးမြှုပ်နှံမှုများ မတည်ပေးလျက်ရှိသည်။ ထိုသို့လုပ်ဆောင်ခဲ့သဖြင့် BYD၊ Xpeng ၊ Aion ၊ Nio နှင့် Li Auto ကဲ့သို့သော လျှပ်စစ်သုံးကား (EV) များထုတ်လုပ်ရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးလျက်ရှိသည်။

GAC ကုမ္ပဏီကထုတ်လုပ်သော Aion သည် ၂၀၂၃ ခုနှစ် ပထမသုံးလပတ်အတွင်း တရုတ်နိုင်ငံ၌ ရောင်းချရသော လျှပ်စစ်သုံးကား(EV) များတွင် ထိပ်ဆုံးမှပြေးလျက်ရှိသည်။ BYD သည် ဒုတိယလိုက်ပြီး Tesla သည် တတိယနေရာမှ ရပ်တည်လျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် လျှပ်စစ်သုံးကား (EV) ကဏ္ဍတွင် တိုးမြှင့်လုပ်ဆောင်လာလျက်ရှိသောကြောင့် ကမ္ဘာလုံးဆိုင်ရာ ကားထုတ်လုပ်သူများသည် လျှပ်စစ်သုံးကား (EV) ထုတ်လုပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရလျက်ရှိသည်။ နိုင်ငံတစ်နိုင်ငံ၏ ကားထုတ်လုပ်မှုစွမ်းဆောင်ရည်များသည် ၎င်း၏ အဆင့်မြင့်ကုန်ထုတ်လုပ်မှုအမြင်ကို ထင်ဟပ်ပေါ်လွင်စေလျက်ရှိသည်။

သို့သော် အတွေ့အကြုံကြွယ်ဝသော ဂျပန်ကားထုတ်လုပ်သူများနှင့် ထူထောင်ထားရှိသည့်ထောက်ပံ့ရေးကွင်းဆက်များသည် မှီခိုအားထားရမှုအပိုင်းတွင် အတိုင်းအတာတစ်ခုထိ ဝိရောဓိဖြစ်လာလျက်ရှိသောကြောင့် လျှပ်စစ်သုံးကား(EV) များ အလျင်အမြန်ထုတ်လုပ်နိုင်ရေးအတွက် အခက်အခဲဖြစ်ပေါ်စေလျက်ရှိသည်။

အင်ဂျင်ကားထုတ်လုပ်မှုတွင် စံနမူနာပြအပြောင်းအလဲဖြစ်ပေါ်လာခြင်းသည် ကုန်ထုတ်လုပ်မှုနည်းလမ်းများ၏ ပြုပြင်ပြောင်းလဲမှုသဘောသဘာဝကို မီးမောင်းထိုးပြသလျက်ရှိသည်။ ပြောင်းလွယ်ပြင်လွယ်ရှိခြင်း၊ ဝယ်ယူသူစိတ်ကြိုက်ဖြစ်ခြင်း၊ ချိတ်ဆက်မှုနှင့်ဖြန့်ဖြူးမှု အရောင်းကွင်းဆက်ကောင်းမွန်ခြင်းစသည့် ထူခြားသောဝိသေသများနှင့်ပြည့်စုံနေသည့် တရုတ်လျှပ်စစ်သုံးကား(EV) ထုတ်လုပ်မှုသည် မော်တော်ကားထုတ်လုပ်မှုတွင် ဦးဆောင်မှုအခန်းကဏ္ဍမှ ရပ်တည်နိုင်ရန် လမ်းခင်းပေးလျက်ရှိသည်။

မစ်ဆူဘီရှီကုမ္ပဏီအနေဖြင့် ရှိရင်းစွဲဈေးကွက်တွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိသောကြောင့် တရုတ်နိုင်ငံ၏ မော်တော်ကားစက်မှုလုပ်ငန်းပြုပြင်ပြောင်းလဲမှုတွင် ရင်းနှီးမြှုပ်နှံသွားရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။ ၂၀၂၂ ခုနှစ်အတွင်း Toyota နှင့် BYD တို့သည် ၎င်းတို့၏ပထမဆုံးသော လျှပ်စစ်သုံးကား (EV) ဒီဇိုင်းကို ပူးတွဲသုတေသနပြုတည်ဆောက်ခဲ့သည်။

၂၀၂၃ ခုနှစ် ဇူလိုင်လတွင် Volkswagen သည် တရုတ်နိုင်ငံတွင် Class B EV နှစ်မျိုးထုတ်လုပ်ရန် ရည်မှန်းလျက် Xpeng Motors နှင့်နည်းပညာပိုင်းဆိုင်ရာ မိတ်ဖက်ဆောင်ရွက်ခဲ့သည်။ Xpeng သည် Volkswagen ကို နည်းပညာဆိုင်ရာ ဝန်ဆောင်မှုပေးသွားမည်ဖြစ်သည့်အတွက် တရုတ်နိုင်ငံ၏ မော်တော်ကားထုတ်လုပ်မှုကဏ္ဍတွင် အရေးပါသော ပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်လာမည်ဖြစ်သည်။

ထိုအတောအတွင်း Mercedes – Benz နှင့် BMW ကဲ့သို့သော ဂျာမနီ၏ အကြီးစားကားထုတ်လုပ်သူများသည် ၎င်းတို့၏ ဥရောပလျှပ်စစ်သုံးကား(EV) ထုတ်လုပ်မှုကို တရုတ်နိုင်ငံသို့ ရွှေ့ပြောင်းသွားရန် စဉ်းစားသုံးသပ်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ရွှေ့ပြောင်းဆောင်ရွက်ခြင်းသည် ကုန်ထုတ်လုပ်မှုစရိတ် ၄၀ ရာခိုင်နှုန်းခန့် သက်သာမည်ဖြစ်သည်။ အကြောင်းမှုကား ဈေးကွက်ရရှိမှု၊ ထုတ်လုပ်မှုတွင်ဆန်းသစ်ခြင်း၊ နည်းပညာမြင့်မားခြင်းနှင့် ထောက်ပံ့ဖြန့်ဖြူးရေးကွင်းဆက်ထိ ရောက်ရှိခြင်းတို့ကြောင့်ဖြစ်သည်။

မစ်ဆူဘီရှီကားကုမ္ပဏီအနေဖြင့် တရုတ်နိုင်ငံ၏ ကားဈေးကွက်မှ နုတ်ထွက်သွားခြင်းသည် အစိုးရက ပံ့ပိုးမှုပေးထားသော ပြည်တွင်းထုတ်ကားများကို မယှဉ်နိုင်သောကြောင့်မဟုတ်ဘဲ အလျင်အမြန်ပြောင်းလဲဖြစ်ပေါ်နေသော ဈေးကွက်လိုက်လျောညီထွေအလျင်အမြန်လိုက်ပါဆောင်ရွက်နိုင်ခြင်းမရှိသောကြောင့်ပင်ဖြစ်သည်။ မည်သို့ပင်ဆိုစေ တရုတ်နိုင်ငံအနေဖြင့် ပြည်ပကားထုတ်လုပ်သူများအတွက် ဈေးကွက်ဆက်လက်ဖွင့်ထားရေးသည် များစွာအရေးပါလျက်ရှိသည်။ အထူးသဖြင့် အပြိုင်အဆိုင်ထုတ်လုပ်လျက်ရှိသော လျှပ်စစ်သုံးကား(EV) ဈေးကွက်ကို ဆက်လက်ဖွင့်ထားရန် လိုအပ်သည်။

ပြည်ပကားထုတ်လုပ်သူများအနေဖြင့် တရုတ်ဈေးကွက်ရရှိရေး အလျင်အမြန်လုပ်ဆောင်သွားရန် လိုအပ်သည်။ ၎င်းတို့အနေဖြင့် ၎င်းတို့၏ပူးတွဲသုတေသနပြုလုပ်မှုနှင့်ထုတ်လုပ်မှု (R & D) နှင့် တရုတ်ကုမ္ပဏီများနှင့် ပူးတွဲဒီဇိုင်းရေးဆွဲခြင်းလုပ်ငန်းများတွင် လက်တွေ့ကျကျ ချဉ်းကပ်ဆောင်ရွက်သွားရန် လိုအပ်သည်။ ဆိုရလျှင် နည်းပညာဆန်းသစ်မှုနှင့် ကုန်ထုတ်လုပ်မှုတွင် ကုန်ကျစရိတ်သက်သာခြင်းသည် ဈေးကွက်ပိုမိုရရှိစေလျက်ရှိပြီး တရုတ်နိုင်ငံသည် လျှပ်စစ်သုံးကား(EV) များထုတ်လုပ်မှုနယ်ပယ်တွင် လွှမ်းမိုးမှုရရှိနေပြီဖြစ်သည်။

လက်ရှိအချိန်တွင် ရာသီဥတုပြောင်းလဲဖြစ်စဉ်များနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ညစ်ညမ်းမှုများကို လျှော့ချနိုင်ရေးအတွက် လောင်စာဆီသုံးအင်ဂျင်စက်ကားများအစား လျှပ်စစ်သုံးကား(EV) များကို တွင်ကျယ်စွာ ထုတ်လုပ်အသုံးပြုလာလျက်ရှိသည်။ တရုတ်နိုင်ငံသည် လျှပ်စစ်သုံးကား(EV) ထုတ်လုပ်မှုတွင် ဂျပန်နှင့်နာမည်ကြီးဥရောပကားထုတ်လုပ်သူများထက်ပင် သာလွန်နေပြီဖြစ်သည်။ ထို့ကြောင့် တရုတ်နိုင်ငံရှိ ဂျပန်ကားထုတ်လုပ်သူများ၊ အထူးသဖြင့် မစ်ဆူဘီရှီကုမ္ပဏီသည် တရုတ်နိုင်ငံထုတ် လျှပ်စစ်သုံးကား(EV) များနှင့်ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမရှိတော့သဖြင့် ပူးတွဲရင်းနှီးမြှုပ်နှံမှုများ ရုပ်သိမ်းပြီးပြန်လည်ထွက်ခွာရတော့မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေ ဆန်းသစ်တီထွင်မှုနှင့်ကုန်ကျစရိတ်သက်သာသော တရုတ် လျှပ်စစ်သုံးကား(EV) များသည် အနာဂတ်တွင် ကမ္ဘာ့လျှပ်စစ်သုံးကား(EV) ဈေးကွက်သို့ ပိုမိုထိုးဖောက်လာဖွယ်ရာရှိကြောင်း သုံးသပ်တွေ့ရှိရပါသည်။

❖ မစ်ဆူဘီရှီကုမ္ပဏီအနေဖြင့် ရှိရင်းစွဲဈေးကွက်တွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလျက်ရှိသောကြောင့် တရုတ်နိုင်ငံ၏ မော်တော်ကားစက်မှုလုပ်ငန်း ပြုပြင်ပြောင်းလဲမှုတွင် ရင်းနှီးမြှုပ်နှံသွားရန် မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။ ၂၀၂၂ ခုနှစ်အတွင်း Toyota နှင့် BYD တို့သည် ၎င်းတို့၏ ပထမဆုံးသော လျှပ်စစ်သုံးကား(EV) ဒီဇိုင်းကို ပူးတွဲသုတေသနပြုတည်ဆောက်ခဲ့သည်။ ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် Volkswagen သည် တရုတ်နိုင်ငံတွင် Class B EV နှစ်မျိုးထုတ်လုပ်ရန် ရည်မှန်းလျက် Xpeng Motors နှင့် နည်းပညာပိုင်းဆိုင်ရာ မိတ်ဖက်ဆောင်ရွက်ခဲ့သည်။ ❖

**ကိုးကား**

- **Japan automakers falling behind China's EV overdrive By Asia Times.**

**မောင်စိန်အိ(နဘဲမြေ)**

# လပွတ္တာမြို့နယ်တွင် ဒေသထွက်ငါးစည်ဖောင်းခြောက်များ ပြည်တွင်းဈေးကွက်၌ အရောင်းအဝယ်ကောင်းနေ



**လပွတ္တာ ဒီဇင်ဘာ ၁၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ဒေသထွက်ငါးစည်ဖောင်းခြောက်များ ပြည်တွင်းဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေကြောင်း လပွတ္တာမြို့နယ် ငါးခြောက်နှင့် ငါးစည်ဖောင်းခြောက်ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်အေးသင်းက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ထွက်ရှိသောငါးစည်ဖောင်းခြောက်များကို ပြည်တွင်းစားသောက်ဆိုင်များနှင့် ဟိုတယ်များက ဒီဇင်ဘာလ ဒုတိယပတ်မှစ၍ ဝယ်ယူမှုကောင်းနေခြင်းကြောင့် အရောင်းသွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါ ငါးစည်ဖောင်းခြောက်များကို ပင်လယ်ငါးများဖြစ်သည့် ငါးရွှေ၊ ငါးရောင်၊ ငါးပုတ်သင် စသည့်ငါးများကို ဝမ်းဗိုက်ခွဲပြီး အတွင်းမှရရှိသည့် စည်ဖောင်းများကို စနစ်ကျသန့်စင်နေပူလှန်း အခြောက်ခံကာ ရရှိခြင်းဖြစ်ကြောင်း သိရသည်။

“အခုလပွတ္တာမြို့နယ်က ထွက်တဲ့ ပင်လယ်ငါးစည်ဖောင်းခြောက်ဈေးကွက်က ဒီဇင်ဘာလ ဒုတိယပတ်အတွင်း ပြည်တွင်း ဈေးကွက်မှာသိသိသာသာ ဝယ်ယူမှုကောင်းနေပါတယ်။ စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေမှာ စားသုံးသူများတော့ ဝယ်ယူမှုကောင်းပြီး အရောင်းအဝယ်အတော်ကို သွက်နေတာဖြစ်ပါတယ်။ ဒေသထွက်ငါးစည်ဖောင်းက အထွက်ကတော့ နည်းနေပါသေးတယ်။ ဒေသထွက် ငါးစည်ဖောင်းခြောက်တွေကို ပြည်တွင်းဈေးကွက် ရန်ကုန်သို့ အဓိကထားတင်ပို့ရောင်းချနေတာဖြစ်ပါတယ်”ဟု လပွတ္တာမြို့နယ် ငါးစည်ဖောင်းခြောက်ရောင်းဝယ်ရေး လုပ်ငန်းရှင် ဒေါ်အေးသင်းက ပြောပြသည်။

လပွတ္တာမြို့နယ်တွင် အရောင်းသွက်နေသည့် ငါးစည်ဖောင်းခြောက် တစ်ပိဿာဈေးနှုန်းသည် ငါးရွှေငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင်ငွေကျပ် ၅၅၀၀၀၊ ငါးရောင်ငါးစည်ဖောင်းခြောက်တစ်ပိဿာလျှင် ငွေကျပ် ၃၂၅၀၀ မှ ၃၅၀၀၀၊ ငါးပုတ်သင်ငါးစည်ဖောင်းခြောက်တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀၀ ဈေးပေါက်နေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ရေနံချောင်းမြို့နယ်၌ ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ရေနံချောင်း ဒီဇင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကံရွာ-နဂါး-ထနောင်းလှ ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရေနံချောင်းမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်နှင်းပုလဲထွေးနှင့် တာဝန်ခံအင်ဂျင်နီယာများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရေနံချောင်းမြို့နယ် ကံရွာ-နဂါး-ထနောင်းလှ ကျေးရွာချင်းဆက်လမ်း မြေနီခင်းခြင်းလုပ်ငန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ(မြို့ပြ) ဒေါ်နှင်းပုလဲထွေးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ကံရွာ-နဂါး-ထနောင်းလှ ကျေးရွာချင်းဆက်လမ်း အရှည် နှစ်မိုင်ငါးဖာလုံ၊ အကျယ် ၁၈ ပေ၊ အမြင့် ရှစ်လက်မ မြေနီခင်းခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေကျပ် ၉၅ ဒသမ ၅၇၈ သန်းဖြင့် ရေနံချောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာများစုဖွဲ့ကာ ဇွန်လ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာချင်းဆက်လမ်း ပြီးစီးမှုကြောင့် ကံရွာကျေးရွာ၊ နဂါးကျေးရွာ၊ ထနောင်းလှကျေးရွာတို့မှ ကျေးရွာသူ၊ ကျေးရွာသားများ ရာသီမရွေးလမ်းပန်းဆက်သွယ်ရေး အဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**


# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၂၅ ဧက စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဒီဇင်ဘာ ၁၆**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၂၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၁၂၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်ထိ ၁၁၂၅ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

“ပွင့်ဖြူမြို့နယ်မှာ ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကြက်သွန်နီ ၁၁၂၄ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီဇင်ဘာ ၁၅ ရက်ထိ ၁၁၂၅ ဧက စိုက်ပျိုးပြီးပါပြီ။ တစ်ဧကအထွက်နှုန်းတိုးတက်စေဖို့၊ စားသုံးသူပြည်သူတွေ အစား အစာဘေးကင်းလုံခြုံစေဖို့ လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ အခြေခံစိုက်ပျိုးနည်းစနစ်တွေနဲ့ အချိန်မီသိမ်းဆည်းရမဲ့ နည်းပညာတွေကို တောင်သူပညာပေးတာတွေဆောင်ရွက်နေပါတယ်”ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။



ယခင်နှစ်က ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

ပွင့်ဖြူမြို့နယ်တွင် ကြက်သွန်နီစိုက်ပျိုးခြင်းကို ဆည်တော်ကျေးရွာ၊ မဲဇလီကျေးရွာ၊ ကြျူဝန်းကျေးရွာ၊ အနောက်လေးအိမ်ကျေးရွာ၊ ထန်းတောကျေးရွာ၊ ညောင်ပင်ဝိုင်းကျေးရွာ၊ ထူးပေါက်ကျေးရွာ၊ ကျွဲခြံကျေးရွာ၊ လယ်မကျေးရွာ၊ အင်းနက်ကျေးရွာနှင့် မုန်းချောင်းဘေးတစ်လျှောက်ရှိ ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ပဲခူးမြို့နယ် ကျုံးရိုးကျေးရွာတွင် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲ ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေ အမျိုးသမီးလူငယ်များ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက အုတ်ဖိုကျေးရွာအုပ်စု ကျုံးရိုးကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဦးစွာ ပဲခူးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းမင်းက အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက သင်တန်းဖွင့်လှစ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြဆရာမက သင်တန်းတွင်လိုက်နာရမည့်စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းသားများကို သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ အုတ်ဖိုကျေးရွာအုပ်စုအတွင်းရှိ ကျေးလက်ဒေသများမှ သင်တန်းသူစုစုပေါင်း ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် ကလေးဝတ်အင်္ကျီချုပ်နည်း၊ ဘောင်းဘီချုပ်နည်း၊ ဂါဝန်ချုပ်နည်း၊ အမျိုးသမီးဝတ်ရင်စေ့ချုပ်နည်း၊ ထဘီချုပ်နည်းစသည့် သင်ခန်းစာ ဘာသာရပ်များကို ယနေ့မှစ၍ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၈ ရက်ထိ သင်တန်း နည်းပြဆရာမက စာတွေ့လက်တွေ့ ဖြင့် အခမဲ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သုတ**



# လှိုင်းဘွဲ့မြို့နယ် မြေနီကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၁၆**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် ထီလုံကျေးရွာအုပ်စု မြေနီကုန်းကျေးရွာတွင် ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းပြီးစီးမှုကို ဒီဇင်ဘာ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ မြေနီကုန်းကျေးရွာ၌ အရှည် ပေ ၆၀၀၊ အကျယ် ၁၂ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်းဇော်က ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

မြေနီကုန်းကျေးရွာ၌ အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ်သိန်း ၁၆၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း လှိုင်းဘွဲ့မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ပြောပြ၍ သိရသည်။ **ဆက်လှ**

# ကြောက်ရွံ့ခြင်းကြောင့်ဖြစ်သော ဘယာဂတိကင်းကြပါစေ

လင်းလက်

"ကြောက်ရွံ့ခြင်း"ဆိုသည်မှာ အန္တရာယ်တစ်စုံတစ်ရာကို သိရှိခံစားမိ၍ စိုးရိမ်ထိတ်လန့်သည့်စိတ်ပင်ဖြစ်သည်။ ကြောက်ရွံ့ခြင်းသည် လူတိုင်းတွင်ရှိတတ်ပြီး "အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ" စသည့်အာရုံငါးပါးပေါ်တွင်အခြေခံ၍ ကြောက်ရွံ့ခြင်း အမျိုးမျိုးရှိတတ်သည်။ အမြင့်ကြောက်ခြင်း၊ အမှောင်ကြောက်ခြင်း၊ ဆူညံသံကို ကြောက်ခြင်း၊ တိတ်ဆိတ်မှုကိုကြောက်ခြင်း၊ တိရစ္ဆာန်တစ်ကောင်ကောင်ကိုကြောက်ခြင်း၊ ဆေးဝါးကုသမှုခံယူရမည်ကိုကြောက်ခြင်း၊ အရှုံးကိုကြောက်ခြင်း၊ တစ်ပါးသူက မိမိအပေါ် ပြုပြင်မည်ကိုကြောက်ခြင်း၊ ပစ္စည်းဥစ္စာဆုံးရှုံးရမည်ကို ကြောက်ခြင်း၊ ရာထူးနေရာဆုံးရှုံးရမည်ကိုကြောက်ခြင်း စသည်ဖြင့်ကြောက်ခြင်း အမျိုးမျိုးရှိတတ်သည်။

ကြောက်ရွံ့ခြင်းကို တွန်းလှန်နိုင်မည့်နည်းလမ်းများအနက် မိမိကြောက်ရွံ့သည့်အရာကို မှန်ကန်သောနည်းလမ်းဖြင့် ရင်ဆိုင်လိုက်ခြင်းသည် အထိရောက်ဆုံးသောနည်းလမ်းပင်ဖြစ်သည်။ အမြင့်ကြောက်သူက အမြင့်သို့ အန္တရာယ်ကင်းကင်းဖြင့် တက်နိုင်မည့်နည်းလမ်းရှာဖွေရန်၊ အရှုံးကိုကြောက်သူက မှန်ကန်သောနည်းလမ်းဖြင့် အောင်မြင်မှုကိုရယူထားရန်၊ ရာထူးနေရာဆုံးရှုံးမည်ကို ကြောက်ရွံ့သူက မှန်ကန်သောနည်းလမ်းဖြင့် ရာထူးနေရာတည်မြဲရေး ကြိုးစားရန်သာဖြစ်သည်။ ကြောက်ခြင်းကိုမှန်ကန်သောနည်းလမ်းဖြင့်သာ ဖြေရှင်းသင့်သည်။ ကြောက်သဖြင့် လုပ်မိလုပ်ရာလုပ်သော အလေ့အကျင့်ကို တတ်နိုင်သမျှဖယ်ရှားရန် လိုအပ်မည်ဖြစ်သည်။

**အမှန်တရားကိုမြတ်နိုးပါ**

"ကြောက်တတ်ရင် နှစ်ခါသေသည်"ဆိုသောစကားနှင့်အညီ စိုးရိမ်ကြောက်ရွံ့ခြင်းတို့ လွှမ်းမိုးလာသည့်အခါ အရာရာကိုရင်ဆိုင်ရန် ခွန်အားမရှိတော့ပေ။ အမှန်တရားပင်ဖြစ်လင့်ကစား ထုတ်ဖော်ပြောဆိုလိုက်ပါက မိမိကို တစ်နည်းနည်းဖြင့် ထိခိုက်မည်ကို စိုးရိမ်မိကာ ထုတ်ဖော်ပြောဆိုရန် ကြောက်ရွံ့စိတ်ကြောင့် ကိုယ်တိုင်ဖုံးကွယ်လိုက်မိသည့်အခါ မိမိကိုယ်တိုင်ရရှိမည့် အခွင့်အရေးပင်ဆုံးရှုံးရသည့်အခြေအနေမျိုးကို ရင်ဆိုင်ရမည်ဖြစ်သည်။ မည်သည့်ပတ်ဝန်းကျင်၊ မည်သည့်လုပ်ငန်းခွင်တွင်မဆို မိမိရပ်တည်လုပ်ကိုင်ရသည့် အလုပ်နှင့်စပ်လျဉ်း၍ နှံ့စပ်ကျွမ်းကျင်စွာတတ်မြောက်ထားရန် လိုအပ်မည်ဖြစ်သည်။ သို့မှသာ အမှားအမှန်ကို ကိုယ်တိုင်ဝေဖန်ပိုင်းခြားတတ်ကာ မိမိလုပ်ရပ်အပေါ် တစ်ပါးသူ၏ ဝင်ရောက်စွက်ဖက်နှောင့်ယှက်မှုမှ လွတ်ကင်းနိုင်မည်ဖြစ်သည်။ မိမိကိုယ်တိုင် မိမိလုပ်ကိုင်နေရသည့် အလုပ်တွင် ကျွမ်းကျင်မှုမရှိဘဲ ဝေဝေဝါးဝါးဖြစ်နေမည်ဆိုပါက အခြားသူတစ်ဦး၏ ဝင်ရောက်စွက်ဖက်နှောင့်ယှက်ခြင်း၊ မလျော်ဩဇာသုံး၍ အကျပ်ကိုင်ခိုင်းစေလုပ်ကိုင်စေခြင်းတို့ကို ရင်ဆိုင်ရနိုင်သည်။

မလျော်ဩဇာလွှမ်းမိုးခြင်းဆိုသည်မှာ "ဩဇာအာဏာကိုအသုံးပြု၍ လုပ်ငန်းဆောင်ရွက်မှုများအပေါ် လျော်ကန်သင့်မြတ်မှုမရှိသော၊ ဥပဒေနှင့်ဆန့်ကျင်သော၊ မိမိ၏ ပုဂ္ဂလိကအကျိုးစီးပွားကို ဦးတည်သောရည်ရွယ်ချက်များဖြင့် ဝင်ရောက်စွက်ဖက်ခြင်း"တို့ပင်ဖြစ်သည်။ တစ်နည်းအားဖြင့် မိမိ၏ ဩဇာအာဏာကို အလွဲသုံးစားလုပ်ကာ ပုဂ္ဂလိကအကျိုးစီးပွားအတွက် လျော်ကန်သင့်မြတ်မှုမရှိသော ဥပဒေနှင့်ဆန့်ကျင်သည့် အဂတိလိုက်စားမှုများကို ကျူးလွန်ခြင်းပင်ဖြစ်သည်။ ထိုလုပ်ရပ်များသည် အဖွဲ့အစည်းများအတွင်းသို့ တိတ်တဆိတ်ဝင်ရောက်နှောင့်ယှက်လိုက်သည့်အခါ အဖွဲ့အစည်း၏ ရပ်တည်ချက်များ၊ ဦးတည်ချက်များသည် ကမောက်ကမဖြစ်ကာ မှန်ကန်သည့်လမ်းကြောင်းမှ သွေဖည်သွားနိုင်သည်ကို သတိပြုသင့်သည်။

**လွတ်လပ်စွာရပ်တည်နိုင်ရန်လို**

မလျော်ဩဇာလွှမ်းမိုးမှုကို မခံရရန်အတွက် မိမိ၏နေ့စဉ်ပြုမူပြောဆို လုပ်ကိုင်ဆောင်ရွက်မှုတိုင်းတွင် ဖြောင့်မတ်တည်ကြည်မှုကို တန်ဖိုးထားထိန်းသိမ်းထားရန်လိုအပ်သည်။ ဖြောင့်မတ်တည်ကြည်မှုကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆိုကြသော်လည်း Oxford Dictionary ၏ဖွင့်ဆိုချက်တွင် "Integrity is the quality of being honest and having strong moral principles; moral uprightness" ၏ အဓိပ္ပာယ်မှာ "ဖြောင့်မတ်တည်ကြည်မှုဆိုသည်မှာ ရိုးသားဖြောင့်မှန်သောအရည်အချင်းနှင့် ခိုင်မာသော ကိုယ်ကျင့်တရားဆိုင်ရာကျင့်ဝတ်များ စောင့်ထိန်းထားရှိခြင်းကိုဆိုလိုသည်၊ ကိုယ်ကျင့်သိက္ခာတည့်မတ်မှန်ကန်မှုရှိခြင်းပင်တည်း"ဖြစ်သည်။ ဖြောင့်မတ်တည်ကြည်မှုရှိသူသည် မိမိ၏ရာထူးနေရာ၊ ပစ္စည်းဥစ္စာဆုံးရှုံးမည်ကို ကြောက်ရွံ့ခြင်း၊ မိမိ၏ငွေကြေးဆိုင်ရာ အကျိုးစီးပွားထိခိုက်မည်ကိုစိုးရိမ်ခြင်း စသည့်စိုးရိမ်ကြောက်ရွံ့စိတ်များရှိနေမည်မဟုတ်ဘဲ မိမိလုပ်ရမည့်အလုပ်ကို မှန်ကန်တည့်မတ်စွာ ဆောင်ရွက်မည်ဖြစ်၍ မည်သည့်ဩဇာလွှမ်းမိုးမှုမှ လက်ခံဆောင်ရွက်မည်မဟုတ်ပေ။

> ❖ ကြောက်ရွံ့ခြင်းမှ ကင်းနိုင်ရန်အတွက် ကာယကံရှင်ဖြစ်သည့် မိမိကိုယ်တိုင်က အရာရာကို မှန်မှန်ကန်ကန်ရင်ဆိုင်နိုင်သည့် ခွန်အားများနှင့် ပြည့်စုံလုံလောက်ရမည်ဖြစ်သည်။ မိမိ၏လုပ်ငန်းခွင်အတွင်း မိမိအပေါ် မလျော်ဩဇာလွှမ်းမိုးမှုကိုခံစားလာသည့်အချိန်တွင် မှန်ကန်တည့်မတ်စွာရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအနေဖြင့် မိမိကိုယ်တိုင် ဖြောင့်မတ်တည်ကြည်သော၊ ဘက်လိုက်မှုကင်းသော၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်တတ်မြောက်သောသူတစ်ဦးဖြစ်ရေး ကြိုးစားဆောင်ရွက်ရန်လိုအပ်သည်။ ❖

အခက်အခဲများနှင့်ထွက်ပေါက်မရှိဘဲ ချောင်ပိတ်မိသည့်အချိန်တွင် ကြောက်စိတ်သည် သာမန်အချိန်ထက် ပိုများလာတတ်သကဲ့သို့ ကြောက်ကန်ကန်သည့်စိတ်ပေါ်လာပြီး အကောင်းအဆိုး၊ အကြောင်းအကျိုးတို့ကို ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိတော့သည့်အခါ ဖြစ်ချင်ရာဖြစ်ဆိုကာ လုပ်မိလုပ်ရာလုပ်တတ်သည်။ ထို့ကဲ့သို့သောအချိန်မျိုးတွင် အခွင့်အာဏာအရောင်းအဝယ်ပြုလုပ်သည့် ပုံစံမျိုးဖြင့် အခွင့်အာဏာရှိသူ သို့မဟုတ် အခွင့်အာဏာရှိခဲ့ဖူးသူက မလျော်ဩဇာလွှမ်းမိုးကာ ချောင်ပိတ်မိနေသည့်အခြေအနေနှင့် ရင်ဆိုင်နေရသူကို မိမိလိုရာသို့စည်းရုံး၍ အဂတိလိုက်စားရန် သို့မဟုတ် မမှန်မကန်ဆုံးဖြတ်ရန် သို့မဟုတ် ပြုလုပ်ရန် တွန်းအားပေးတတ်သည်။ ကြောက်စိတ်မွှန်၍ ထွက်ပေါက်မရှိသည့်အချိန်တွင် အမှား၊ အမှန်ကို ဝေဖန်နိုင်စွမ်းမရှိဘဲ ဩဇာလွှမ်းမိုး၍ ခိုင်းစေသူ၏ လက်ပါးစေအဖြစ်ရောက်ရှိကာ မလုပ်သင့်၊ မလုပ်ထိုက်သည်များကို ကျူးလွန်ပြုလုပ်မိတတ်ကြသည်။

**မှန်ကန်တည့်မတ်သောစိတ်ဓာတ်**

ဘာပဲလုပ်လုပ် စည်းကမ်းအတိအကျနှင့် မှန်မှန်ကန်ကန် အဓိပ္ပာယ်ရှိရှိဆောင်ရွက်လိုသည့် မှန်ကန်တည့်မတ်သောစိတ်ရှိပြီး စနစ်တကျနှင့် ကျွမ်းကျွမ်းကျင်ကျင် ပြုလုပ်တတ်ရန် ကြိုးစားသင့်သည်။ မိမိလုပ်ကိုင်ရသည့် အလုပ်နှင့်စပ်လျဉ်းသည့်ကျွမ်းကျင်မှု၊ လေ့လာမှု စသည်တို့ပြည့်ပြည့်ဝဝရှိပြီး လုပ်ငန်းဆိုင်ရာ ကျွမ်းကျင်တတ်မြောက်မှုရှိသူအဖို့ မလျော်ဩဇာလွှမ်းမိုးမှုများကို ကြုံတွေ့ရနိုင်သော်လည်း လုပ်ကိုင်ဆောင်ရွက်ရမည့်အလုပ်အပေါ် သစ္စာစောင့်သိရုံသာမက လုပ်ငန်းပိုင်းဆိုင်ရာ နှံ့စပ်ကျွမ်းကျင်မှုရှိပြီးဖြစ်သဖြင့် မကောင်းမှုကို မည်သည့်အခြေအနေတွင်ဖြစ်ပါစေ ကျူးလွန်လိမ့်မည်မဟုတ်ပေ။ ထို့ကဲ့သို့ ပြည့်စုံထားပြီးသူတစ်ဦးကိုလည်း မည်သို့သောပုဂ္ဂိုလ်ကမှ မလျော်ဩဇာလွှမ်းမိုးရန် ကြိုးစားရဲမည်မဟုတ်ပေ။

ဆင်းရဲချမ်းသာခြင်း၊ ပညာတတ်ခြင်း၊ မတတ်ခြင်း၊ ရာထူးရှိခြင်း၊ မရှိခြင်းတို့အပေါ်တွင် မခွဲခြားဘဲ မိမိတွေ့ကြုံရသည့် သူတိုင်းကို ကျောသားရင်သားမခွဲခြားသော၊ ဘက်လိုက်ခြင်းကင်းသည့် ဖြောင့်မတ်မှန်ကန်သော စိတ်ဓာတ်ရှိသူတစ်ဦးသာဖြစ်ပါက ကျင်လည်ရာပတ်ဝန်းကျင်တွင် မှန်မှန်ကန်ကန်ဆောင်ရွက်တတ်သော ဂုဏ်သတင်းက ပျံ့နှံ့ပြီးဖြစ်သဖြင့် အခွင့်အာဏာရှိသူ သို့မဟုတ် အခွင့်အာဏာရှိခဲ့ဖူးသူမည်သူမဆို ထိုကဲ့သို့ ပုဂ္ဂိုလ်မျိုးအပေါ် မလျော်ဩဇာလွှမ်းမိုးရန် စိုးရွံ့လိမ့်မည်ဖြစ်သည်။ ကျောက်ချထားသကဲ့သို့ ခိုင်မာတည်ကြည်သောစိတ်ရှိရန်လိုအပ်ပြီး မည်သည့်အခြေအနေတွင်မဆို မည်သူက ဝင်ရောက်၍ ပြောသည်၊ ဆိုသည်၊ ခိုင်းသည်၊ လွှမ်းမိုးသည်၊ ကြိုးကိုင်ရန်ကြိုးစားသည်ဖြစ်စေ မိမိ၌စွဲမြဲနေပြီဖြစ်သည့် ဖြောင့်မတ်တည်ကြည်သောစိတ်ကို အခြေခံ၍ ကြံ့ကြံ့ခံသောစိတ်ဖြင့် မိမိလုပ်သောအလုပ်အပေါ် သစ္စာမဖောက်ဘဲ ကျွမ်းကျွမ်းကျင်ကျင်၊ မှန်မှန်ကန်ကန်နှင့် စနစ်တကျဆောင်ရွက်နိုင်ရန်လိုပါသည်။

လူတိုင်းမိမိရရှိထားပြီးဖြစ်သော ရာထူး၊ ဂုဏ်ပကာသန၊ စည်းစိမ်ဥစ္စာတို့ကို ဆုံးရှုံးရမည်ကိုကြောက်ရွံ့ကြမည်ဖြစ်သည်။ ရရှိထားသည့်အခွင့်အရေး၊ ရပိုင်ခွင့်နှင့် နောင်တွင်ရရှိမည့်အခွင့်အရေးဆုံးရှုံးမည်ကို ကြောက်သောစိတ်သည် တစ်ခါတစ်ရံတွင် အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားတတ်သည့်အခြေအနေမှ ဝေးကွာသွားစေကာ မကောင်းမှုဒုစရိုက်များကို လွယ်လင့်တကူကျူးလွန်စေရန် တွန်းအားပေးတတ်သည့် ဖြင်ပသက်ရောက်မှု သို့မဟုတ် ဩဇာလွှမ်းမိုးမှုနှင့် ကြုံတွေ့ရသည့်အခါ မမှန်မကန်ဆုံးဖြတ်လုပ်ကိုင်တတ်ကြသည်။ မိမိ၏ ပုဂ္ဂလိကအကျိုးစီးပွားအတွက် မိမိ၏လုပ်ငန်းတာဝန်၊ လုပ်ပိုင်ခွင့်အာဏာ၊ လုပ်ငန်းဌာနတို့ကို အသုံးပြုခြင်းမရှိသည့် မှန်ကန်တည့်မတ်သော စိတ်ဓာတ်အခြေခံထားရှိပြီးဖြစ်သူများအနေဖြင့် ထိုကဲ့သို့သောလုပ်ရပ်များကို ကျူးလွန်ကြမည်မဟုတ်ပေ။

**လွတ်လပ်စွာပျံသန်းပါ**

လူတိုင်းသည် မိမိလုပ်ကိုင်ဆောင်ရွက်နေရသည့် အလုပ်တွင် အခြားသူတစ်ဦး၏ မလျော်ဩဇာလွှမ်းမိုးမှုမှကင်းပြီး လွတ်လပ်စွာပြုမူပြောဆိုလုပ်ကိုင်ဆောင်ရွက်နိုင်မည်ဆိုပါက ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်သည်။ စိုးရိမ်ကြောက်ရွံ့ခြင်းကင်းကင်းဖြင့် လွတ်လပ်စွာကြိုးစားအားထုတ်နိုင်မည်ဆိုပါက မည်သည့်အလုပ်မဆို ထိရောက်အောင်မြင်မည်ဖြစ်သည်။ ထို့ကဲ့သို့ ဆောင်ရွက်နိုင်ရေးအတွက် အဖွဲ့အစည်းအတွင်း တာဝန်ရှိသူများက မိမိအဖွဲ့အစည်းအတွင်းတွင် လုပ်ငန်းဆောင်ရွက်ကြရာ၌ မလျော်ဩဇာလွှမ်းမိုးမှုများ၊ အကျိုးစီးပွားပဋိပက္ခအခြေအနေများ မဖြစ်ပေါ်စေရေးအတွက် လိုအပ်သည့် စီမံခန့်ခွဲမှုများ ပြုလုပ်ထားရန်လိုအပ်သည်။ မိမိ၏ပုဂ္ဂလိကအကျိုးစီးပွားထိခိုက်နစ်နာမည်ကိုစိုးရိမ်ကြောက်ရွံ့၍ အခွင့်အာဏာရှိသူ သို့မဟုတ် အခွင့်အာဏာရှိခဲ့ဖူးသူ၏ ဩဇာလွှမ်းမိုးခိုင်းစေမှုကို လိုက်နာဆောင်ရွက်မိသည့်အခါ အကျိုးစီးပွားပဋိပက္ခအခြေအနေများကို ဖန်တီးဖြစ်ပေါ်စေပြီး အဂတိလိုက်စားမှုများကိုပါ ကျူးလွန်မှန်းမသိ ကျူးလွန်တတ်ကြသည်။

ကိုယ်တိုင်ဖြောင့်မတ်တည်ကြည်မှု၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်မှု စသည့်စံနှုန်းများကို လက်ကိုင်ထားမှုမရှိသည့်အခါ ဩဇာအာဏာရှိသူတို့၏ မလျော်ဩဇာလွှမ်းမိုးမှုကြောင့် ကြောက်ရွံ့ခြင်းတို့ဖြစ်ပေါ်လာကာ အမှန်ကိုသိလျက်နှင့်မပြောရဲခြင်း၊ မလုပ်ရဲခြင်း၊ ခိုင်းစေသမျှကိုလိုက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ ပြောသမျှကိုဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ လိုက်၍ဆောင်ရွက်ပေးခြင်း စသည့်လုပ်ရပ်များကို ကျူးလွန်လုပ်ကိုင်တတ်ကြသည်။ ထိုလုပ်ရပ်များသည် မှန်ကန်သောလုပ်ရပ်များမဟုတ်သဖြင့် မိမိပြုမူ၊ ပြောဆို၊ လုပ်ကိုင်ဆောင်ရွက်ရမည့် မှန်ကန်သောလမ်းကြောင်းမှ သွေဖည်ကာ ဘယာဂတိကို ကျူးလွန်ခြင်းပင်ဖြစ်သဖြင့် ကြောက်၍ ခိုင်းစေသမျှကို စဉ်းစားဆင်ခြင်မှုမရှိဘဲ ပြုလုပ်ခြင်းတို့ကိုရှောင်ကြဉ်နိုင်ရန် ကိုယ်တိုင်တော်တည့်မှန်ကန်သောသူတစ်ဦးဖြစ်ရန် ကြိုးစားဆောင်ရွက်သင့်သည်။

**ဘယာဂတိကင်းကြပါစေ**

မြတ်စွာဘုရားရှင်က သိင်္ဂါလောဝါဒသုတ်တွင် သိင်္ဂါလသတို့သားကို လောကတွင် လူတစ်ဦးအနေဖြင့် လိုက်နာကျင့်ကြံသင့်သောအရာများကို ဟောကြားခဲ့ရာတွင်လည်း "ဘယာဂတိံ ဂစ္ဆန္တော ပါပကမ္မံ နကရောတိ" ဟု ဟောကြားခဲ့သည်။ ကြောက်ရွံ့ခြင်းကြောင့် မလျော်ဩဇာလွှမ်းမိုးမှုကိုခံရကာ ခိုင်းစေသမျှကိုပြုမူပြောဆို လုပ်ကိုင်ဆောင်ရွက်ပေးခြင်းဖြင့် ဘယာဂတိကိုကျူးလွန်ကာ မကောင်းမှုဒုစရိုက်များကို မကျူးလွန်မိစေရန် ဟောကြားခဲ့ခြင်းဖြစ်သည်။ မိမိတွင်ရရှိပြီးသော ရာထူး၊ စည်းစိမ်ဥစ္စာတို့ ဆုံးရှုံးမည်ကိုကြောက်ခြင်းကြောင့် မလိုက်သင့်သည့်ဘက်ကိုလိုက်ကာ ဘယာဂတိကိုကျူးလွန်မိသူသည် လဆုတ်သောအခါ လမင်း၏ အရှိန်အဝါသည် တစ်နေ့တခြား လျော့ပါးလာသကဲ့သို့ ရာထူး၊ စည်းစိမ်ဥစ္စာ၊ အခြွေအရံ၊ အကျော်အစောအပေါင်းသည်လည်း တစ်နေ့တခြား လျော့ပါးလာတတ်သည်ဟု ဟောကြားခဲ့သည်။

"ကြောက်လျှင်လာဘ်လွဲ၊ ရဲလျှင်မင်းဖြစ်"ဆိုသည့် စကားပုံနှင့်အညီ ကြောက်ရွံ့တွန့်ဆုတ်နေလျှင် ရသင့်ရထိုက်သော အကျိုးကျေးဇူးကိုမရရှိဘဲ မကြောက်မရွံ့ စွန့်စားအားထုတ်လျှင် အကျိုးထူးကိုရရှိခံစားနိုင်မည်ဖြစ်သည်။ ကြောက်ရွံ့ခြင်းမှ ကင်းနိုင်ရန်အတွက် ကာယကံရှင်ဖြစ်သည့် မိမိကိုယ်တိုင်က အရာရာကို မှန်မှန်ကန်ကန်ရင်ဆိုင်နိုင်သည့် ခွန်အားများနှင့် ပြည့်စုံလုံလောက်ရမည်ဖြစ်သည်။ မိမိ၏လုပ်ငန်းခွင်အတွင်း မိမိအပေါ် မလျော်ဩဇာလွှမ်းမိုးမှုကိုခံစားလာသည့်အချိန်တွင် မှန်ကန်တည့်မတ်စွာရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုအနေဖြင့် မိမိကိုယ်တိုင် ဖြောင့်မတ်တည်ကြည်သော၊ ဘက်လိုက်မှုကင်းသော၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်တတ်မြောက်သောသူတစ်ဦးဖြစ်ရေး ကြိုးစားဆောင်ရွက်ရန် လိုအပ်သည်။ သို့မှသာ ကြောက်ရွံ့ခြင်းကင်းသောအနာဂတ်ဘဝအလင်းများ ထွန်းလင်းနိုင်ကြမည်ဖြစ်သဖြင့် မိမိလုပ်ကိုင်ဆောင်ရွက်နေသော အသက်မွေးဝမ်းကျောင်းအလုပ်တွင် ကျွမ်းကျင်တတ်မြောက်ပြီးဖြစ်ကာ ဖြောင့်မတ်တည်ကြည်မှုအလင်းတန်းများဖြင့် ကြောက်ရွံ့ခြင်းအမှောင်ထုကိုခွင်း၍ အလင်းဆောင်နိုင်ကြစေရေးအတွက် ကြောက်ရွံ့ခြင်းကြောင့်ဖြစ်သော ဘယာဂတိကင်းရှင်းနိုင်ကြပါစေ။

# ဩစတြေးလျနိုင်ငံတွင် အပူလှိုင်းဖြစ်သန်းမှုကြောင့် တောမီးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိ



**ကင်ဘာရာ ဒီဇင်ဘာ ၁၆**

ဩစတြေးလျနိုင်ငံတွင် အပူလှိုင်းဖြစ်သန်းနေပြီး အပူချိန်မြင့်တက်မှုကြောင့် တောမီးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ဩစတြေးလျအာဏာပိုင်အဖွဲ့အစည်းက သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူလှိုင်းဖြစ်သန်းနေသည့် ပြည်နယ်ကြီးများမှာ အနောက်ဩစတြေးလျပြည်နယ်၊ နယူးဆောက်ဝေးပြည်နယ်၊ တောင်ဩစတြေးလျပြည်နယ်နှင့် မြောက်ဘက်ပိုင်းရှိ နယ်မြေများဖြစ်ကြောင်း၊ အပူလှိုင်းဖြစ်သန်းနေသည့်နယ်မြေများတွင် တောမီး လောင်ကျွမ်းမှုများဖြင့် ရင်ဆိုင်ရဖွယ် ရှိနေသည့်အတွက် သက်ဆိုင်ရာ နယ်မြေအလိုက်မှ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားပါက အမြန်ဆုံး ငြိမ်းသတ်နိုင်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်ထားရန်လည်း ထုတ်ပြန်ခဲ့သည်။

"ဒီဇင်ဘာ ၉ ရက်က နေရာပေါင်း ၅၀ ထိ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပါတယ်။ တောမီးကိုထိန်းချုပ်နိုင်ဖို့ မီးသတ်တပ်ဖွဲ့ဝင် အယောက် ၇၀၀ ကျော်အသုံးပြုခဲ့ရပါတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပွားလာရင် အမြန်ဆုံးငြိမ်းသတ်နိုင်ဖို့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားဖို့လဲ ညွှန်ကြားထားပါတယ်" ဟု ဩစတြေးလျအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပူလှိုင်းဖြစ်သန်းလာခြင်းမှာ အယ်လ်နီညိုရာသီဥတုနှင့်ဆက်စပ်နေပြီး ဩစတြေးလျနိုင်ငံတွင် အယ်လ်နီညိုရာသီဥတုသည် ၂၀၂၄ ခုနှစ် ဧပြီလမှသာ ပြီးဆုံးမည်ဖြစ်သည့်အတွက်ကြောင့် အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်နေသည့်ကာလတစ်လျှောက် တောမီးအန္တရာယ်ကို အထူးသတိပြုရမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ဒိန်းမတ်တွင် လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် လေကြောင်းခရီးစဉ်အသုံးပြုသော ခရီးသည်များကို အစိမ်းရောင်အခွန်ကောက်ခံသွားရန် စီစဉ်နေ

**ကိုပင်ဟေဂင် ဒီဇင်ဘာ ၁၆**

ဒိန်းမတ်နိုင်ငံတွင် လေထုညစ်ညမ်းမှုလျှော့ချရေးအတွက် လေကြောင်းခရီးစဉ်အသုံးပြုသော ခရီးသည်များကို အစိမ်းရောင်အခွန် ကောက်ခံသွားရန် စီစဉ်နေကြောင်း ဒိန်းမတ် ပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

လေကြောင်းကဏ္ဍမှ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးအတွက် လေကြောင်းလိုင်းကုမ္ပဏီများကို အစိမ်းရောင်အခွန်အဖြစ် ကောက်ခံသွားရန်စီစဉ်ထားပြီးဖြစ်သကဲ့သို့ ၂၀၂၅ ခုနှစ်မှစတင်၍ လေကြောင်းခရီးစဉ်အသုံးပြုသော ခရီးသည်များကိုလည်း အစိမ်းရောင်အခွန်အဖြစ်လေယာဉ်လက်မှတ်ဝယ်ယူစဉ် ကုန်ကျစရိတ်တွင် အစိမ်းရောင်အခွန်ပါ ထည့်သွင်းကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒိန်းမတ်နိုင်ငံရဲ့ လေထုညစ်ညမ်းမှုတိုက်ဖျက်ရေး စီမံချက်ကို အကောင်အထည်ဖော်ဖို့အတွက် သယ်ယူပို့ဆောင်ရေးကဏ္ဍကနေလဲ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့တွေ လျှော့ချဖို့ ဆောင်ရွက်သွားမယ်။ ကုန်းလမ်းပို့ဆောင်ရေးနဲ့ ရေလမ်းပို့ဆောင်ရေးကဏ္ဍမှာတော့ စီမံချက်တွေ အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ လေကြောင်းကဏ္ဍမှာလဲ လေကြောင်းလိုင်းကုမ္ပဏီတွေကို အစိမ်းရောင်အခွန်ပေးဆောင်ဖို့အတွက် မူဝါဒသတ်မှတ်ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ်အရောက်မှာတော့ လေကြောင်းခရီးစဉ်မှာ လိုက်ပါမဲ့ခရီးသည်တွေကိုလဲ အစိမ်းရောင်အခွန် ကောက်ခံသွားမှာဖြစ်ပါတယ်။ လေယာဉ်လက်မှတ်ဝယ်ယူတဲ့အခါ လေယာဉ်လက်မှတ်ကုန်ကျစရိတ်ထဲမှာ အခွန်ပါထည့်ပေါင်းသွားမှာ ဖြစ်ပါတယ်"ဟု ဒိန်းမတ် ပို့ဆောင်ရေးဝန်ကြီး သောမတ်ဒန်နယ်ဆင်က ပြောကြားခဲ့သည်။

ဒိန်းမတ်နိုင်ငံ၏ လေကြောင်းခရီးစဉ်အသုံးပြုမည့်ခရီးသည်များကို အစိမ်းရောင်အခွန်ကောက်ခံသွားမည့်အစီအစဉ်သည် အခြားသော ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအတွက်လည်း စံပြဖြစ်လာနိုင်ဖွယ်ရှိနေကြောင်း ဒိန်းမတ် ပို့ဆောင်ရေးဝန်ကြီး သောမတ်ဒန်နယ်ဆင်က ဆက်လက်ပြောကြားခဲ့သည်။

**Ref : Xinhua News**
**Trs : Sai Sat**

# အစ္စတန်ဘူလ်မြို့တွင် လေထုညစ်ညမ်းမှုမြင့်တက်လာသဖြင့် နှလုံးရောဂါနှင့် အဆုတ်ရောဂါ ပိုမိုဖြစ်ပွားလာနိုင်

**အင်ကာရာ ဒီဇင်ဘာ ၁၆**

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ကျောက်မီးသွေးနှင့် ထင်းများကို မီးရှို့ခြင်းကြောင့် မြို့တွင်းလေထုညစ်ညမ်းမှု မြင့်တက်လာသဖြင့် နှလုံးရောဂါနှင့် အဆုတ်ရောဂါများ ပိုမိုဖြစ်ပွားလာနိုင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အစ္စတန်ဘူလ်မြို့တွင် မကြာသေးမီကာလမှစတင်၍ လေထုညစ်ညမ်းမှုအဆင့်သည် အများပြည်သူကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိပြီး လောင်စာဆီများမှ ထွက်ပေါ်လာသောမီးခိုးများကြောင့် လေထုညစ်ညမ်းမှု ပိုမိုဆိုးရွားလာကာ ရောဂါများကို ပိုမိုဖြစ်ပွားစေလျက်ရှိကြောင်း အစ္စတန်ဘူလ်မြို့မှ နှလုံးအထူးကုပါမောက္ခ ဒေါက်တာ အိုဇလင်အက်ဆင်က ပြောကြားသည်။

"လေထုထဲက အမှုန်တွေက အသက်ရှူလမ်းကြောင်းကနေ သွေးကြောအတွင်း ဝင်ရောက်ပြီး သွေးကြောတွေ ကျုံ့သွားရာက နှလုံးခုန်နှုန်းကျဆင်းလာပြီး နှလုံးထိခိုက်မှု မကြာခဏဖြစ်လာပါတယ်" ဟု ဒေါက်တာ အိုဇလင်အက်ဆင်က ပြောကြားခဲ့သည်။



မြို့ပြအသွင်ဆောင်လာမှုနှင့် မြို့တွင်းနှင့် စက်မှုဇုန်များတွင် မော်တော်ယာဉ်အရေအတွက် များလာခြင်း၊ ကျောက်မီးသွေးကဲ့သို့ရုပ်ကြွင်းလောင်စာများကို အပူပေးရန်အသုံးပြုရာမှ ညစ်ညမ်းမှုများ ပိုမိုဆိုးရွားလာခြင်းကြောင့် ဂေဟစနစ်တစ်ခုလုံးအပေါ် ဆိုးကျိုးများဖြစ်ပေါ်စေလျက်ရှိကြောင်းလည်း အစ္စတန်ဘူလ်မြို့ နည်းပညာတက္ကသိုလ် မိုးလေဝသ အင်ဂျင်နီယာဌာနမှ ပါမောက္ခ ဒေါက်တာ ဟူစိန်တိုရှိစ့်က ပြောကြားခဲ့သည်။

အစ္စတန်ဘူလ်မြို့နှင့်အနီးတစ်ဝိုက်ဒေသများတွင် လေထုအတွင်း အမှုန်ပါဝင်မှု တစ်ကုဗမီတာလျှင် ၅၀ မိုက်ခရိုဂရမ်မှ ၁၀၀ မိုက်ခရိုဂရမ်ကြား ရောက်ရှိနေကြောင်း သိရသည်။

**Ref : Xinhua News**
**Trs : AZH**

# စားနပ်ရိက္ခာပြတ်လပ်မှုနှင့်ပတ်သက်၍ စိုးရိမ်မှုများလျှော့ချရန် ဖိလစ်ပိုင်သမ္မတပြောကြား

**မနီလာ ဒီဇင်ဘာ ၁၆**

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ပြင်းထန်သော မိုးခေါင်ရေရှားမှုဖြစ်ပွားပြီး စားနပ်ရိက္ခာပြတ်လပ်မှုများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှုများကို လျှော့ချရန် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက ပြောကြားခဲ့ကြောင်း ဒီဇင်ဘာ ၁၅ ရက် သတင်းများအရ သိရသည်။

လာမည့် ၂၀၂၄ ခုနှစ် ပထမသုံးလအတွင်း အပြင်းထန်ဆုံးအခြေအနေသို့ ရောက်ရှိနိုင်သော အယ်လ်နီညိုရာသီဥတု ဖြစ်စဉ်အတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို အစိုးရက အချိန်မှီလုပ်ဆောင်လျက်ရှိကြောင်း မနီလာမြို့တွင် ဒီဇင်ဘာ ၁၅ ရက်က ပြုလုပ်သော ရေသန့်စင်စက်ရုံ ဖွင့်ပွဲအခမ်းအနား၌ ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက ပြောကြားခဲ့သည်။

"လာမဲ့နှစ် ပထမသုံးလတာကာလအတွင်း အယ်လ်နီညိုရာသီဥတု ဆက်လက်ဖြစ်ပေါ်နေရင်တောင် မြို့ပြဒေသတွေ၊ စိုက်ပျိုးရေးလုပ်ငန်းနဲ့ စက်မှုလုပ်ငန်းတွေအတွက် ရေကို လုံလုံလောက်လောက် ပံ့ပိုးပေးနိုင်ပါတယ်"ဟု ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာက ပြောကြားခဲ့သည်။

မကြာသေးမီကာလက ဖိလစ်ပိုင်သိပ္ပံနှင့် နည်းပညာဌာနအနေဖြင့် နိုင်ငံ၏ ပြည်နယ်အများစုသည် လာမည့်လများအတွင်း အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် မိုးခေါင်ရေရှားမှုဖြစ်ပေါ်နိုင်ကြောင်း ထုတ်ပြန်ခဲ့ပြီးနောက် သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာ၏ အာမခံပြောကြားချက် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ ယခုနှစ်ဇူလိုင်လမှစတင်ပြီး ကုလသမဂ္ဂမိုးလေဝသအဖွဲ့က သတိပေးချက်ထုတ်ပြန်ခဲ့ပြီးနောက် ဖိလစ်ပိုင်နိုင်ငံမိုးလေဝသဗျူရိုကလည်း အယ်လ်နီညိုဖြစ်စဉ်စတင်ခြင်းကိုကြေညာခဲ့ကာ ယခုနှစ်ကုန်ပိုင်းတွင် သက်ရောက်မှုပိုမိုခံစားရနိုင်သည်ဟု ဖိလစ်ပိုင်ပြည်သူများကို သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : AZH**

# ဘရာဇီးနိုင်ငံတွင် အမေဇုန်မိုးသစ်တောကိုဖြတ်၍ ရထားလမ်းဖောက်လုပ်မည့်အစီအစဉ် ရုပ်သိမ်းပေးရန် ဌာနေတိုင်းရင်းသားများ ဆန္ဒထုတ်ဖော်

**ဘရာစီးလီးယား ဒီဇင်ဘာ ၁၆**

ဘရာဇီးနိုင်ငံတွင် ဆန်၊ ဂျုံ၊ ပြောင်းအစရှိသည့် အစေ့အဆန်ကုန်စည်များကို ဘရာဇီးနိုင်ငံမြောက်ဘက်ပိုင်း ဆိပ်ကမ်းမြို့ဖြစ်သည့် နီဗာပရိုဂရက်ဆိုမြို့သို့ ပို့ဆောင်နိုင်ရေးအတွက် အမေဇုန်မိုးသစ်တောကိုဖြတ်၍ ရထားလမ်းဖောက်လုပ်မည့်အစီအစဉ်ရုပ်သိမ်းပေးရန် အမေဇုန်မိုးသစ်တောကြိုးဝိုင်းအနီးမှ ဌာနေတိုင်းရင်းသားများက ဆန္ဒထုတ်ဖော်မှုပြုလုပ်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဒီဇင်ဘာ ၁၄ ရက်ကလည်း အမေဇုန်မိုးသစ်တောအနီး ဌာနေတိုင်းရင်းသားများ၏ နယ်မြေများကို ကန့်သတ်မှုများပြုလုပ်သွားရန် ဘရာဇီးလွှတ်တော်က မဲခွဲဆုံးဖြတ်ခဲ့မှုကြောင့် ဌာနေတိုင်းရင်းသားများက မကျေမနပ်ဖြစ်နေကြကြောင်း၊ အဆိုပါရထားလမ်းဖောက်လုပ်မည့် စီမံကိန်းကို အကောင်အထည်ဖော်နိုင်ခဲ့ပါက တောင်သူများနှင့် အစေ့အဆန်ကုန်သွယ်ရေး ကုမ္ပဏီများအနေဖြင့် သယ်ယူစရိတ်များသက်သာမည်ဖြစ်သကဲ့သို့ ကုန်စည်စီးဆင်းမှုလည်း မြန်ဆန်မည်ဖြစ်သည့်အတွက် တောင်သူများနှင့် အစေ့အဆန်ကုန်သွယ်ရေးကုမ္ပဏီများက ရထားလမ်းဖောက်လုပ်မည့် အစီအစဉ်ကို ထောက်ခံခဲ့ကြကြောင်း သိရသည်။

"ဒီရထားလမ်းစီမံကိန်းဟာ ဌာနေတိုင်းရင်းသားတွေရဲ့နယ်မြေကို ဖျက်ဆီးသွားနိုင်သလို ဌာနေတိုင်းရင်းသားတွေရဲ့ မျိုးဆက်တွေကိုလဲ ဒုက္ခဖြစ်စေပါလိမ့်မယ်"ဟု ဆန္ဒထုတ်ဖော်နေသူ မန်ဒူရူကူက ပြောကြားခဲ့သည်။

ဘရာဇီးအနောက်အလယ်ပိုင်း ပြည်နယ်ဖြစ်သည့် မာတိုဂရို့စ်ဆိုပြည်နယ်မှ မြောက်ဘက်ပိုင်းရှိ ပါရာပြည်နယ်သို့ ကုန်စည်များပို့ဆောင်မှုအတွက် ပုံမှန် ကုန်းလမ်းကိုအသုံးပြုပို့ဆောင်မှုမှာ သယ်ယူစရိတ်မြင့်မားသဖြင့် အမေဇုန်မိုးသစ်တောကိုဖြတ်၍ ရထားလမ်းဖောက်လုပ်နိုင်ပါက ကုန်စည်ပို့ဆောင်ရေး ပိုမိုမြန်ဆန်ပြီး ကုန်ကျစရိတ် သက်သာမည်ဖြစ်သည့်အတွက် အစိုးရအနေဖြင့်စီးပွားရေးကဏ္ဍကိုရွေးချယ်ကာ ဌာနေတိုင်းရင်းသားများ၏ဆန္ဒကို လျစ်လျူရှုသွားဖွယ်ရှိကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : Sai Sat**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

# ညီအစ်ကိုနှစ်ဦးနှင့် မြည်းကလေး


သားတို့၊ သမီးတို့ရေ မင်္ဂလာပါ။ ဒီနေ့ သားတို့၊ သမီးတို့ကို ပြောပြမဲ့ပုံပြင်လေးကတော့ ညီအစ်ကိုနှစ်ယောက်နဲ့ မြည်းကလေးအကြောင်းပဲဖြစ်ပါတယ်။

တစ်ခါတုန်းက မောင်ကြီးနဲ့ မောင်ငယ်ဆိုတဲ့ ညီအစ်ကို နှစ်ယောက်ကို မိဘတွေက မြည်းကလေး တစ်ကောင် ဝယ်ပေးထားတယ်။ ညီအစ်ကိုနှစ်ယောက်က မြည်းကလေးကိုထိန်းကျောင်းရင်း ကွင်းပြင်၌ ကစားလေ့ရှိတယ်။ မြည်းကလေးကလဲ "ကျွန်တော့်ကို ကွင်းပြင်အမြဲခေါ်သွားပေးပါ"လို့ တောင်းဆိုတတ်တယ်။ ညီအစ်ကိုနှစ်ယောက်စလုံးကလဲ ကွင်းပြင်ဆီ မြည်းကလေးကို နှစ်လိုစွာခေါ်သွားမြဲဖြစ်တယ်။ အချိန်ကြာလာတာနဲ့အမျှ ညီအစ်ကိုနှစ်ယောက်နဲ့ မြည်းကလေးဟာ အလွန်သံယောဇဉ်တွယ်လာကြတယ်။

မောင်ကြီးနဲ့ မောင်ငယ် ညီအစ်ကိုနှစ်ယောက်က မြည်းကလေးကို မြက်ခင်းပြင်ကို နေ့စဉ်ခေါ်သွားပြီး အစာစားစေတယ်။ သူတို့ညီအစ်ကိုနှစ်ယောက်က မြက်ခင်းပြင်ထဲမှာ ကစားနေလေ့ရှိတယ်။ မြည်းကလေးက စိမ်းစိုတဲ့မြက်တွေကိုစားပြီး မြက်ခင်းလယ်က ရေတွင်းမှာ ရေသောက်တယ်။ မိုးရာသီမှာ ရေတွင်းမှာ ရေပြည့်နေလို့ မြည်းကလေးက အလွယ်တကူငုံ့ပြီး ရေသောက်နိုင်လေတယ်။

နွေရာသီကိုရောက်လာတဲ့အခါမှာလဲ ညီအစ်ကိုနှစ်ယောက်က မြည်းကလေးကို သွားနေကျမြက်ခင်းမှာ ဆက်ကျောင်းရင်း ကစားမြဲကစားကြတယ်။ နွေရာသီဖြစ်လို့ မြည်းကလေးအတွက် စားစရာမြက်စိမ်းရှားပါးလာသလို သောက်နေကျရေတွင်းကလဲ ရေတွေလျော့ကျလာတယ်။ မြည်းကလေးက အရင်ကလို အစာစားပြီးတဲ့အခါ ရေတွင်းကို ရေလာသောက်တယ်။ ဒါပေမဲ့ ရေတွင်းမှာ ရေတွေလျော့ကျနေလို့ မြည်းကလေးမှာ မမီတမီနဲ့ ကြိုးစားပြီး ငုံ့သောက်ရတယ်။ အဲဒီလို ရေကို မမီတမီငုံ့သောက်နေတုန်းမှာ မြည်းကလေးအားလွန်ပြီး ရေတွင်းထဲကို ကျသွားတယ်။

ဗွမ်းခနဲ ရေထဲကျသံနဲ့အတူ မြည်းကလေးဟာ ရေတွင်းအောက်ခြေကိုရောက်သွားတယ်။ မြည်းကလေးလဲ ကြောက်လန့်တကြားနဲ့ "ကယ်ကြပါ၊ ကယ်ကြပါ"လို့ အော်ဟစ်ပြီး သူ့သခင်ညီအစ်ကိုသိအောင် အကူအညီတောင်းတယ်။ မြည်းကလေးမှာ



ရေထဲကိုကျသွားပေမဲ့ နွေရာသီရေတိမ်ကာလဖြစ်လို့ ရေထဲမမြုပ်ဘဲ မတ်တတ်ကလေးရှိနေတယ်။

မောင်ကြီးနဲ့ မောင်ငယ်တို့က မြည်းရဲ့အော်သံကြားပြီး ကစားရာကနေ အပြေးအလွှားရောက်လာကြတယ်။ ရေတွင်းနားရောက်တော့ ရေတွင်းထဲကျနေတဲ့ မြည်းကလေးကို ငုံ့ကြည့်ပြီး ဘယ်လိုကယ်တင်ရမလဲဆိုတာကို စဉ်းစားကြတယ်။ မြည်းကလေးကို သူတို့နှစ်ယောက်အားနဲ့ ကယ်တင်ဖို့မဖြစ်နိုင်လို့ စဉ်းစားမိကြတယ်။ ဒါပေမဲ့ အဖေနဲ့အမေကိုပြန်ခေါ်ရင်လဲ မြည်းကျောင်းတဲ့အလုပ်ကို ပေါ့ဆလို့ သူတို့ညီအစ်ကိုနှစ်ယောက်ကို ဆူပူမာန်မဲပြီး အရိုက်ခံရမှာကိုကြောက်ကြတယ်။ ဒီလိုနဲ့ ဘယ်လိုလုပ်ရင်အဆင်ပြေမလဲဆိုတာကို နှစ်ယောက်သား စဉ်းစားနေတယ်။

ခဏအကြာ ညီအစ်ကိုနှစ်ယောက် အကြံရတာဟာ မြည်းကလေးရေတွင်းထဲကျတဲ့ကိစ္စကို သူတို့ မပြောရင် မိဘတွေသိမှာမဟုတ်။ ဒါကြောင့် မပြောဘဲနေလိုက်မယ်။ အဲဒီနောက် မြည်းကလေးကို လူဆိုးတွေဖမ်းသွားတယ်။ လူဆိုးတွေကိုကြောက်လို့ သားတို့လဲ အသာပုန်းနေလိုက်ရတယ်လို့ပြောမယ်။ အဲဒီလို အကြံရကြတယ်။ အဲဒီအကြံအတိုင်း မိဘတွေကိုပြောမယ်လို့ ညီအစ်ကိုနှစ်ယောက်တိုင်ပင်ကြတယ်။

ဒါပေမဲ့ ရေတွင်းထဲကျနေတဲ့မြည်းကလေးက ရေနစ်နေတာမဟုတ်။ အဲဒီအခါ မြည်းကလေးရဲ့ အော်သံကို မိဘတွေကြားသွားရင် သူတို့လိမ်ထားတဲ့ကိစ္စပေါ်လိမ့်မယ်။ ဒါကြောင့် မြည်းကလေးမအော်နိုင်အောင်လုပ်ရမယ်လို့ ကြံစည်ကြပြန်တယ်။ မြည်းကလေးမအော်နိုင်အောင်ဆိုရင် အပေါ်ကမြေဖို့မှ ဖြစ်မယ်လို့ တိုင်ပင်ကြတယ်။ အဲဒီလို တိုင်ပင်တဲ့အတိုင်း ညီအစ်ကိုနှစ်ယောက်သား ရေတွင်းထဲကို ခဲတွေ နိုင်သလောက်ပစ်ချပြီးဖို့ကြတယ်။ မြည်းကလေးက ငါ့သခင်တွေက ငါ့ကိုကယ်ဖို့ ခဲတွေချပေးပြီလို့ တွေးပြီး ကိုယ်ပေါ်ကျလာတဲ့ခဲတွေကို ခါချပြီး ခြေနဲ့နင်းလိုက်တယ်။ နောက်ထပ် ခဲတွေကျလာချိန်မှာလဲ အဲဒီနည်းအတိုင်း ခါချပြီးနင်းလေတယ်။ ဒီလိုနဲ့ ခဲလုံးရေများလေလေ ရေတွင်းထဲ ခဲတွေနဲ့ပြည့်လာပြီး တဖြည်းဖြည်းတိမ်လာတော့ မြည်းကလေးကိုယ်ကလဲ အပေါ်ကိုမြင့်မြင့်လာတယ်။ အတန်ငယ်ကြာတော့ မြည်းကလေးခုန်တက်နိုင်တဲ့ထိ ရေတွင်းက ခဲတွေနဲ့ပြည့်ပြီး တဖြည်းဖြည်းပိုပြီးတိမ်လာတယ်။ အဲဒီအခါ မြည်းကလေးက မြေပြင်ပေါ်ကို ခုန်တက်လိုက်ပြီး "ကျေးဇူးတင်လိုက်တာ။ သခင်တို့ ကယ်လို့ ကျွန်တော် အပေါ်ပြန်တက်နိုင်ခဲ့ပြီ"လို့ စကားဆိုတယ်။

မောင်ကြီးနဲ့ မောင်ငယ်တို့လဲ မြည်းကလေးဆီက မမျှော်လင့်တဲ့စကားကို ကြားလိုက်ရလို့ အံ့ဩပြီး နောင်တရမိကြတယ်။ အဲဒီနောက် သူတို့အမှားကို သိပြီး "တောင်းပန်ပါတယ် မြည်းကလေးရယ်၊ ငါတို့ မင်းကို အမြဲတမ်းစောင့်ရှောက်ပါတော့မယ်" လို့ ပြောဆိုပြီး မြည်းကလေးကို အိမ်ကိုပြန်ခေါ်ခဲ့ပါတော့တယ်။

ပုံပြင်လေးကတော့ သည်လောက်ပါပဲ။ သားတို့၊ သမီးတို့လဲ ဒီပုံပြင်ထဲက ညီအစ်ကိုနှစ်ယောက်လို ကိစ္စတစ်စုံတစ်ရာကို ဖုံးကွယ်လိမ်ညာဖို့မကြိုးစားဘဲ လူကြီးသူမတွေကို ပွင့်ပွင့်လင်းလင်းပြောရမယ်။

ညီအစ်ကိုနှစ်ယောက်နဲ့ မြည်းကလေးပုံပြင်ကို နမူနာယူနိုင်ကြပါစေ။

**ညွန့်ဝင်း(နတ်တလင်း)**

## ပန်း ပန်းချီ

♦ နှင်းဆီပန်းလေး လှသွေးကြွယ်<br>အနီရောင်ဆေးခြယ်။

♦ ပန်းစံပယ်က ကြူလို့မွှေး<br>အဖြူရောင်အသွေး။

♦ အဝါရောင်လေး လှလို့နေ<br>ရွှေရောင်ပိတောက်တွေ။

♦ ကောက်ကြောင်းလှစေ ညီညာမြဲ<br>ပန်း ပန်းချီတွေဆွဲ။ ။

**မောင်ကြည်လင်(ရွှေကြိုးကြာ)**



## ညီညွတ်မှုပြယုဂ်

♦ ပုရွက်ဆိတ်တန်းကြီး စီရရီ<br>အုပ်စုလမ်းကြောင်းတည်<br>စုန်ချည် ဆန်ချည် တက်ဆုတ်ဆင်း<br>ရိက္ခာသယ်ဆောင်နှင်း။

♦ ကိုယ်စီဖြည့်တင်း ဘေးလွတ်ရာ<br>စောင့်ကြည့်အားထုတ်ကာ<br>ရာသီ နေရာ ချိန်ခါညှိ<br>ရွှေ့ပြောင်း ရိက္ခာဖြည့်။

♦ သယ်ပို့ စွမ်းပြည့် သိုက်အုံဆီ<br>သွက်လက် မြိုင်ဆိုင်ညီ<br>ဦးတည်မှန်းရာ မရပ်မနား<br>ညီညွတ်ကျော်လွှား စွမ်းပကား<br>တုယူသင့်ပုံများ။ ။

**မင်းသွေးနွယ်(ဇီးကုန်း)**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိနိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို မြှင့်တင်ပေးခြင်းပင်ဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များကိုလည်း နိုးကြားတက်ကြွလာစေမည်ဖြစ် ...

❖ အားကစားသည် အမျိုးသားရေးပင်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ကြရမည်ဖြစ် ...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဩဂုတ် ၁၁ ရက်တွင် ပုသိမ်မြို့ ကိုးသိန်းအားကစားပြိုင်ကွင်း ရှင်းလင်းဆောင်တွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)**

## ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်သတ်မှတ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၉ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကျရောက်နေသည့်ဘူမိနယ်မြေ(Geosite) ၁၅ နေရာပါဝင်သော ဧရိယာအကျယ်အဝန်း ၅၂၃၁၇ ဒသမ ၈၅ ဧကရှိသောနယ်မြေကို **"ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်"**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၁၅၂/၂၀၂၃)အရ ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်(၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်)မှစ၍ သတ်မှတ်ကြောင်းကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည်

**စာမျက်နှာ ၁၇ ကော်လံ ၁** ❑

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ် စုပေါင်းလမ်းလျှောက်ပွဲပါဝင်ဆင်နွှဲ




**နေပြည်တော် ဒီဇင်ဘာ ၁၆**


အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် လူတစ်ဦးချင်းမှအစပြု၍ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရန်နှင့် မြန်မာ့အားကစားလောကအဆင့်အတန်းတိုးတက်မြင့်မားစေရန် ရည်ရွယ်ပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာတတိယပတ်လူထုအားကစားလှုပ်ရှားမှုအထိမ်းအမှတ်စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ၊ ခွန်စံလွင်နှင့် ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ပြည်ထောင်စုရာထူးဝန်အဖွဲ့အဖွဲ့ဝင်၊နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင် စုစုပေါင်းဦးရေ ၃၈၀၀ ကျော် ပျော်ပျော်ရွှင်ရွှင်ပါဝင်ဆင်နွှဲကြသည်။

**စာမျက်နှာ ၁၇ ကော်လံ ၁** ☆

ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်

သင်္ဘောကျင်းလုပ်ငန်း



ငါး/ပုစွန် မျိုးပြင်အေးခဲထုတ်လုပ်ခြင်း(အအေးခန်းစက်ရုံ)





ငါးမွေးမြူရေးလုပ်ငန်း(မအူပင်)



ငွေပင်လယ်လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးလုပ်ငန်း
ISO 9001:2015



နိုင်ငံတကာအရည်အသွေး စံချိန်စံညွှန်းမီစက္ကူဘူးမျိုးစုံကို စိတ်တိုင်းကျမှာယူရရှိနိုင်ပါသည်။

ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE :ngwepinlae.com